# မြန်မာနိုင်ငံသို့ဂျပန်တို့ ဝင်လာခြင်းနှင့် ရခိုင်ဒေသ ဖက်ဆစ်တော်လှန်ရေး

ပြုစုသူ
**ခင်မြတ်သွယ်**

ရန်ကုန်တက္ကသိုလ်၊ သမိုင်းမဟာဝိဇ္ဇာဘွဲ့အတွက် ထက်ဝက်ကျန်ရှိသော
တာဝန်ကို ဖြည့်စွမ်းရန် ၁၉၉၈ ခု မေလတွင်
တင်သွင်းသည့်ကျမ်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်
သမိုင်းဌာန
၁၉၉၈

## အချုပ်

ဤကျမ်းသည် ၁၉၄၂ မှ ၁၉၄၅ အတွင်း ရခိုင်ဒေသဖက်ဆစ်တော်လှန်ရေးကို တင်ပြထားသည့်ကျမ်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ဂျပန်တို့ဝင်မလာမီကပင် ရန်ကုန်ကို သိမ်းပိုက်ပြီးပါက လွတ်လပ်ရေးကြေငြာပေးမည်ဟု မြန်မာနှင့်ဂျပန်တို့ ပတိရှိခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တို့ရောက်လာသောအခါတွင်ကား ကတိကိုဖောက်ဖျက်ခဲ့ကြသည်။ မြန်မာပြည်သူလူထုကိုလည်း နှိပ်စက်လာခဲ့သဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့ မသင့်မတင့်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားကို လျှော့ချပြီး ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ဖွဲ့စည်းစေခဲ့သည်။ ထိုအချိန် ဂျပန်တို့ စစ်ရေးရှုံးနိမ့်လာသဖြင့် လွတ်လပ်ရေးလိုလားသော မြန်မာတို့အား လွတ်လပ်ရေးပေး၍ ပြန်လည်ဆွဲဆောင်ခဲ့သည်။ ယင်းတို့စိတ်တိုင်းကျ ချယ်လှယ်နိုင်မည့် ဒေါက်တာဘမော်အား အဓိပတိမြှောက်၍ မြန်မာ့လွတ်လပ်ရေးကြေငြာပေးခဲ့သည်။ သို့သော်လည်း အချုပ်အချာအာဏာကို ဂျပန်စစ်ဘက်က ဆက်လက်ဆုပ်ကိုင်ထားခဲ့သည်။ ဂျပန်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မြန်မာ့စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ နိမ့်ကျလာခဲ့သည်။ ဤသို့ဖက်ဆစ်သရုပ်ကို တွေ့လာရသဖြင့် မြန်မာတို့ ဖက်ဆစ်ဂျပန်အား ပြန်လည်တော်လှန်ရန် ပြင်ဆင်လာခဲ့သည်။ ဂျပန်တို့သည် မြန်မာပြည်မဘက်တွင်သာမက ရခိုင်တိုင်းတွင်ပါ ချယ်လှယ်ခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားတို့သည် ဂျပန်ဝင်မလာမီကပင် ဂျပန်ဝင်လာပါက ဂျပန်နှင့်ခေတ္တသာလက်တွဲပြီးနောက်ပိုင်းတွင် ပြန်လည်တော်လှန်ရမည်ဟု ခံယူထားခဲ့သည်။ ထို့ကြောင့် ဂျပန်ဝင်လာချိန်တွင် ဂျပန်နှင့်ဟန်ပြသာပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးအတွက် ရခိုင်ပြောက်ကျားတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပြောက်ကျားတို့၏ လုပ်ငန်းစဉ်များကို ဂျပန်တို့အား ကူညီခြင်းဖြင့် ဖျောက်ဖျက်ထားခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်ပသို့ ထွက်ခွာသွားသော သခင်သိန်းဖေမှတဆင့် အိန္ဒိယရှိ မဟာမိတ်စစ်ဌာနချုပ်နှင့် လျှို့ဝှက်ဆက်သွယ်ခဲ့သည်။ ဗမာပြည်မဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျပန်တို့အား ရခိုင်တိုင်းမှ ပထမဆုံးတော်လှန်ခဲ့ကြသည်။ ရခိုင်ဒေသဖက်ဆစ်တော်လှန်ရေးပြီးလျှင်ပြီးချင်း မဟာမိတ်တပ်မှ ပေးအပ်ထားသော လက်နက်များကို အပ်နှံရန်ကတိကိုလည်း ရခိုင်တိုင်းရင်းသားတို့ စောင့်ထိန်းခဲ့ကြသည်။မဟာမိတ်တို့က ရခိုင်တိုင်းအား မြန်မာနိုင်ငံဖက်ဆစ်တော်လှန်ရေးအတွက် အကူအညီပေးသင့်မပေးသင့် ဆုံးဖြတ်ရာတွင် စာမေးပွဲအဖြစ် သဘောထားခဲ့သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ရခိုင်မျိုးချစ်ပြောက်ကျားတို့၏ စွမ်းရည်သတ္တိ၊ စိတ်နေသဘောထားတို့ကို လေ့လာအကဲဖြတ်ရန် ဤကျမ်းကို စုစည်းတင်ပြရခြင်းဖြစ်သည်။

# ကျမ်းပြုသမိုင်းအချုပ်

| | | | |
|---|---|---|---|
| ကျမ်းအမည် | မြန်မာနိုင်ငံသို့ ဂျပန်တို့ဝင်လာခြင်းနှင့် ရခိုင်ဒေသဖက်ဆစ်တော်လှန်ရေး | | |
| ကျမ်းပြုသူ | ခင်မြတ်သွယ် | ဌာန | သမိုင်း |
| ရယူသောဘွဲ့ | မဟာဝိဇ္ဇာ | ဘာသာ | သမိုင်း |
| ကျမ်းပြုစနှစ် | ၁၉၉၆ | ကျမ်းပြီးနှစ် | ၁၉၉၈ |
| ကျမ်းတင်ရက်စွဲ | | နှုတ်မေးရက် | |

| | | | |
|---|---|---|---|
| စာစစ်အဖွဲ့ဉက္ကဌ | ဦးကျော်ဝင်း | ကျမ်းကြီးကြပ်သူ | ဦးသိန်းအောင် |
| | ပါမောက္ခ | ကထိက | |
| | သမိုင်းဌာန | သမိုင်းဌာန | |
| | ရန်ကုန်တက္ကသိုလ် | ရန်ကုန်တက္ကသိုလ် | |

| | |
|---|---|
| စာစစ်အဖွဲ့ဝင် | ပြင်ပစာစစ် |
| ဦးမြင့်သိန်း | ဒေါ်ခင်အုန်းမြင့် |
| ကထိက-သမိုင်းဌာန | တွဲဖက်ပါမောက္ခ (ငြိမ်း) |
| ရန်ကုန်တက္ကသိုလ် | သမိုင်းဌာန၊ မကွေးဒီကရီကောလိပ် |

ဖြင့် အတည်ပြုလက်ခံသည်။

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| အချုပ် | | ကိ |
| ကျမ်းပြုသမိုင်းအချုပ် | | ကု |
| မာတိကာ | | ကူ |
| ရုပ်ပုံစာရင်း | | ကေ |
| အတိုမှတ်စာရင်း | | ကဲ |
| နိဒါန်း | | ကံ |
| အခန်း (၁) | မြန်မာနိုင်ငံသို့ ဂျပန်တို့ဝင်လာခြင်း | ၁ |
| အခန်း (၂) | ဖက်ဆစ်တော်လှန်ရေးတွင် ရခိုင်ပြောက်ကျား | |
| | တို့၏အခန်းကဏ္ဍ | ၆၁ |
| ပြန်လည်သုံးသပ်ချက် | | |
| နောက်ဆက်တွဲ(၁) | | ၁၁၉ |
| နောက်ဆက်တွဲ (၂) | | ၁၂၁ |
| နောက်ဆက်တွဲ (၃) | | ၁၂၅ |
| ကျမ်းကိုးစာရင်း | | ၁၂၉ |
| တွေ့ဆုံမေးမြန်းသည့်ပုဂ္ဂိုလ်များစာရင်း | | ၁၃၅ |

## ရုပ်ပုံစာရင်း


| | | စာမျက်နှာ |
|---|---|---|
| ပုံ(၁) | မြန်မာနိုင်ငံအစိုးရ ဖွဲ့စည်းသည့်အခန်းအနား၌ ဒေါက်တာဘမော်အား ဂျပန် ဒုတိယစစ်သေနာပတိချုပ်အီဒါးနှင့်အတူတွေ့ရစဉ် | ၃၂-၃၃ ကြား |
| ပုံ(၂) | အိန္ဒိယနိုင်ငံရေး၏ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့မှ တော်လှန်ရေးရဲဘော်များပုံ | ၁၀၆-၁၀၇။ |

# အတိုမှတ်စာရင်း

| | |
|---|---|
| ဂျပန်ခေတ်မြန်မာနိုင်ငံ | ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ |
| စစ်ကြောင်းကြီးများ | ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းကြီးများ |
| စစ်အတွင်း | စစ်အတွင်းခရီးသည် |
| စစ်အတွင်းဗမာပြည် | သတင်းစာများက ပြောပြတဲ့ စစ်အတွင်းဗမာပြည် |
| တော်လှန်ရေး(၁) | တော်လှန်ရေးခရီးဝယ်(၁) |
| တိုင်းဆယ်တိုင်း | ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်းဆယ်တိုင်း |
| နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း | မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း |
| ပြည်တော်သာ | ပြည်တော်သာခရီး |
| ပြည်နယ်သမိုင်း(ဒု) | ပြည်နယ်ဖြစ်စဉ်သမိုင်း(ဒုတိယတွဲ) |
| ဖက်ဆစ်တော်လှန်ရေး | ၁၉၄၇- ဖက်ဆစ်တော်လှန်ရေး |
| ဗမာပြည် | ဂျပန်ခေတ်ဗမာပြည် |
| ဗမာ့လွတ်လပ်ရေးတပ်မတော် | ဦးလွန်းဖေနှင့် ဦးဘွန်တိတ်တို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော်စတင် |
| တည်ထောင်ပုံ | တည်ထောင်ပုံ |
| ဘုံဘဝ | ဘုံဘဝမှာဖြင့် |
| မီနာမီကီကန်း | ကျွန်တော်ပါဝင်ခဲ့သော မီနာမီကီကန်း |
| မောင့်ဘက်တန် အစီရင်ခံစာ | မောင့်ဘက်တန်အစီရင်ခံစာ |
| မြန်မာ့လွတ်လပ်ရေးတွင် ရခိုင်တိုင်း | မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားများ၏ |
| ရင်းသားများ၏အခန်းကဏ္ဍ | အခန်းကဏ္ဍ |
| ရခိုင်နှင့်မြန်မာလွတ်လပ်ရေး | ရခိုင်တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု |
| ရဲဘော်သုံးကျိပ် | ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် |
| သူ့ကျွန်မခံ | သူ့ကျွန်မခံဇာတိမာန်ဖြင့် စာတမ်း |
| အတွင်းရေး | ကျွန်ုပ်တို့အတွင်းရေး |
| Aung San | Aung San of Burma |
| Burma Army | The Grouth of the Burma Army observed from the Japanese View Point |
| Challange | Burma's Challange |
| In Burma | The Campaign in Burma |
| Japanese Military Administration | Burma: Japanese Millitary Administration |
| My Burma | My Burma |
| Occupation of Burma | Japanese Occupation of Burma |
| Retreat | Retreat from Burma |
| The Roots | The Roots of the Revolution |

# နိဒါန်း

ဤကျမ်းသည် ရခိုင်ဒေသ ဖက်ဆစ်တော်လှန်ရေးအကြောင်း တင်ပြထားသောကျမ်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဖက်ဆစ်တော်လှန်ရေးသည် ရခိုင်ဒေသမှ စတင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ဒေသဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်၍ မည်သူမျှကျမ်းရေးသားခဲ့ခြင်း မရှိသေးပါ။ ထို့ကြောင့် ရခိုင်ဒေသ ဖက်ဆစ်တော်လှန်ရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သမိုင်းကွက်လပ် ဖြည့်သည့်အနေဖြင့် ဤကျမ်းကို ရေးသားရခြင်းဖြစ်သည်။ ဤကျမ်းပြုစုရာတွင် အမျိုးသားစာကြည့်တိုက်၊ တပ်မတော်မော်ကွန်းတိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်သမိုင်းသုတေသနစာကြည့်တိုက်တို့မှ အထောက်အထားများကို သုံးစွဲခဲ့သည်သာမက ဖက်ဆစ်တော်လှန်ရေးတွင် ကိုယ်တိုင်ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များကို အကြိမ်ကြိမ်သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့ပြင် ခေတ်ပြိုင်သတင်းစာများ၊ မဂ္ဂဇင်းများကိုလည်း လက်လှမ်းမီသမျှ ရှာဖွေမှီငြိမ်းကိုးကားထားပါသည်။ ဤကျမ်းကို အခန်းနှစ်ခန်းခွဲ၍ တင်ပြထားပါသည်။

အခန်း(၁)တွင် မြန်မာသို့ ဂျပန်တို့ဝင်လာခြင်းကို တင်ပြထားပါသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်တို့ မြန်မာနိုင်ငံသို့ ဝင်မလာမီကပင် ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်လာပြီး မော်လမြိုင်ကို သိမ်းပိုက်ပြီးပါက အုပ်ချုပ်ရေးအဖွဲ့ထူထောင်ပေးမည်။ ရန်ကုန်ကို သိမ်းပိုက်ပြီးပါက လွတ်လပ်ရေးကြေငြာပေးမည်ဟု ကတိရှိခဲ့ကြပုံ၊ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တို့ရောက်ရှိသောအခါတွင်ကား ကတိကို ဖောက်ဖျက်ခဲ့ကြပုံ၊ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးချိန်တွင် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ပြင်ဆင်ခဲ့ကြပုံ၊ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့ဆက်ဆံရေးဆိုးဝါးလာခဲ့ပုံ၊ ထိုအချိန် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားမှာ ကြီးမားလာခဲ့ပုံ၊ အင်အားကြီးမားလာသောဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့ဆက်ဆံရေး ဆိုးဝါးလာခြင်းမှာ ကောင်းသောလက္ခဏာတစ်ရပ်မဟုတ်သည်ကို ဂျပန်တို့ကောင်းစွာ သဘောပေါက်ခဲ့ပုံ၊ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားကို လျှော့ချသည့်အနေဖြင့် အင်အားအသင့်အတင့်သာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပြောင်းလဲဖွဲ့စည်းစေခဲ့ပုံ၊ ဗိုလ်ချုပ်အောင်ဆန်း အစရှိသော မြန်မာခေါင်းဆောင်တို့ကလည်း ထိုစဉ်ကပင် ဂျပန်ကို တော်လှန်ရန်အစီအစဉ်ရှိခဲ့ကြသော်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စစ်ရေးအတွေ့အကြုံနှင့် လေ့ကျင့်မှုများလိုအပ်နေသေးခြင်း၊ ဂျပန်ဝန်ကြီးချုပ်ဂျိုက ၂၁-၁-၄၂ နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဟု မိန့်ကြားထားခြင်းတို့ကြောင့် ဗမာလွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲစေခဲ့ခြင်းကို လက်ခံခဲ့ကြသည်။ ထို့နောက် ၁ ဩဂုတ် ၁၉၄၂ တွင် ဗိုလ်ချုပ်ကြီး အီးဒါကဒေါက်တာဘမော်အား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်၍ မြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပုံ ယင်းမြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဂျပန်စစ်အုပ်ချုပ်ရေးအောက်တွင်ထားခဲ့ပုံ၊ ဂျပန်စစ်ဘက်မှ သဘောမတူသည့် ကိစ္စဟူသ၍ မြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေးအဖွဲ့မှ လုပ်ပိုင်ခွင့်မရှိပုံ၊ သို့ဖြစ်၍ဒေါက်တာဘမော်က မိမိနောက်တွင် နိုင်ငံရေးအစည်းအရုံးတစ်ခုရှိလျှင် ကောင်းမည်ဟု ယူဆကာ "တို့ဗမာ ဆင်းရဲသားအစည်းအရုံး"ကို တည်ထောင်ခဲ့ပုံ မြန်မာ့ပြည်သူလူထုကိုလည်း နည်းမျိုးစုံဖြင့် နှိပ်စက်ခဲ့သဖြင့် ဂျပန်တို့ကို တစ်နေ့တစ်ခြား ရွံ့မုန်းလာခဲ့ကြပုံ၊ ထိုအချိန် ဂျပန်တို့၏ စစ်ရေးအခြေအနေမှာ ရှုံးနိမ့်လာခဲ့ပုံ ဤအခြေအနေတွင် ဂျပန်အာဏာပိုင်တို့က မြန်မာပြည်သူလူထု၏ ပူးပေါင်းကူညီမှုမရဘဲ မဟာမိတ်တို့ကို ရင်ဆိုင်နိုင်လိမ့်မည်မဟုတ်ကြောင်း သိမြင်လာခဲ့ကြပုံ ထို့ကြောင့် လွတ်လပ်ရေးကို လိုလားတောင့်တလျှက်ရှိကြသော မြန်မာပြည်သူလူထုအား လွတ်လပ်ရေးပေး၍ ပြန်လည်ဆွဲဆောင်ရန် စီစဉ်ပြီး ၁ ဩဂုတ် ၁၉၄၃ တွင် မြန်မာနိုင်ငံတွင် ဒေါက်တာဘမော်အား အဓိပတိတင်မြှောက်၍ လွတ်လပ်ရေးပေးခဲ့ပုံ၊ လွတ်လပ်ရေးပေးခဲ့သည်ဟုဆိုသော်လည်း အချုပ်အချာအာဏာကိုမူ ဂျပန်စစ်ဘက်အရာရှိများ ဆက်လက်ဆုတ်ကိုင်ထားခဲ့ကြပုံ၊ ထို့ကြောင့် မြန်မာပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တစ်နေ့တစ်ခြားဆိုးဝါးလာပုံ၊ ဤသို့ဖက်ဆစ်သရုပ်ကို ပီပီပြင်ပြင်မြင်လာသဖြင့် မြန်မာတို့က ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်စွာစည်းရုံးလာကြပုံ၊ ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်ပတွင်ရောက်နှင့်ပြီးဖြစ်သော သခင်သိန်းဖေမြင့်၊ အိန္ဒိယရှိ မဟာမိတ်တပ်များကို ဆက်သွယ်ညှိနှိုင်းပြီး ဖက်ဆစ်တို့အား ပြန်လည်တော်လှန်ခဲ့ကြပုံများ တင်ပြထားပါသည်။

အခန်း(၂)တွင် ဖက်ဆစ်တော်လှန်ရေးတွင် ရခိုင်ပြောက်ကျားတို့၏ အခန်းကဏ္ဍကို တင်ပြထားပါသည်။ ရခိုင်တိုင်းရင်းသားတို့ ဗြိတိသျှလက်အောက်တွင် ရှိစဉ်ကတည်းက ရခိုင်မျိုးချစ်ခေါင်းဆောင်များ၏ ဟောပြောစည်းရုံးမှုကြောင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်လာပုံ၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ များစွာရှိနေကြပုံ၊ ထိုအသင်းအဖွဲ့များအားလုံးစုစည်း၍ "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"ကြီးကို ထူထောင်ကြပုံ၊ အစည်းအရုံးကြီးက ဦးဆောင်

၍ ညီလာခံများ ကျင်းပခဲ့ပုံ၊ အစည်းအရုံးကြီးနှင့် မြန်မာပြည်မမှ နိုင်ငံရေးခေါင်းဆောင်များ ဆက်သွယ်လှုပ်ရှားခဲ့ကြပုံ၊ စစ်တွေခရိုင်မြေအောက်တော်လှန်ရေးအဖွဲ့၊ ပေါ်ပေါက်လာပုံ၊ အင်္ဂလိပ်အုပ်ချုပ်ရေးပျက်ပြီး ထိန်းသိမ်းမည့် နိုင်ငံရေးခေါင်းဆောင်များ ရှောင်တိမ်းနေရချိန်တွင် ကုလားရခိုင်အဓိကရုဏ်းဖြစ်ပွားခဲ့ပုံ ထိုအချိန် ဗိုလ်ရန်အောင် ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်တို့ ရခိုင်တိုင်းသို့ချီတက် ရောက်ရှိခဲ့ကြပုံ၊ ဗိုလ်ရန်အောင်နှင့် တိုင်းလုံးဆိုင်ရာ အစည်းအရုံးမှ ကုလားရခိုင်အဓိကရုဏ်းကို ကူညီဖြေရှင်းပေးခဲ့ပုံ၊ ဗိုလ်ရန်အောင် မြန်မာပြည်မသို့ ပြန်ဆုတ်ရန် ဂျပန်တို့က ခေါ်ပုံ၊ ဗိုလ်ရန်အောင်က စစ်တွေခရိုင်အုပ်ချုပ်ရေးအဖွဲ့ ထူထောင်ပေးခဲ့ပုံ၊ ဗိုလ်ရန်အောင်ပြန်ဆုတ်ပြီးချိန် ဒေါက်တာဘမော် "တို့ဗမာဆင်းရဲသားအစည်းအရုံး"၏ လမ်းညွှန်မှုကို ခံယူကာ တိုင်းလုံးဆိုင်ရာ အစည်းအရုံးကို ဖျက်သိမ်းခဲ့ပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုတို့၏ လမ်းညွှန်မှုအတိုင်း စည်းရုံးလှုပ်ရှားခဲ့ကြပုံ၊ ရခိုင်တိုင်းအတွက် ဗမာ့ကာကွယ်ရေးတပ်မတော်လည်း ဖွဲ့စည်းခွင့်မရသေးသဖြင့် ရခိုင်တိုင်းလုံခြုံရေးအတွက် ကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းရန် ဂျပန်နှင့် ရခိုင်တိုင်းခေါင်းဆောင်များ ညှိနှိုင်းခဲ့ကြပုံ၊ ဂျပန်တို့က အပျော်တမ်းကာကွယ်ရေးတပ်ဖွဲ့အနေဖြင့်သာ ရပ်တည်ခွင့်ပေးခဲ့ပုံ၊ ယင်းတပ်ဖွဲ့ကို ဂျပန်တို့ စစ်ပညာသင်ကျောင်းဖွင့်လှစ်သင်ကြားပေးခဲ့ပုံ၊ ထိုအချိန် အင်္ဂလိပ်တို့ ရခိုင်တိုင်းသို့ ထိုးစစ်ဆင်လာသဖြင့် အပျော်တမ်းတပ်နှင့် ဂျပန်တပ်မတော်တို့ လက်တွဲပြီး အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့ကြပုံ၊ စင်စစ်အပျော်တမ်းကာကွယ်ရေးတပ်ဖွဲ့သည် ဖက်ဆစ်တော်လှန်ရေးအတွက် ရခိုင်တိုင်းနိုင်ငံရေးခေါင်းဆောင်များမှ ဖွဲ့စည်း၍ ဦးဆောင်မှုပေးနေသော ရခိုင်ပြောက်ကျားတပ်ဖွဲ့သာဖြစ်ပုံ၊ ယင်းပြောက်ကျားများ အသုတ်လိုက်ခွဲ၍ အိန္ဒိယတွင် စစ်ပညာသင်ကြားခဲ့ကြပုံ၊ ထို့နောက် ရခိုင်တိုင်းသို့ ပြန်လာပြီး မြန်မာပြည်မမှ ခေါင်းဆောင်များနှင့် ညှိနှိုင်းကာ ဖက်ဆစ်တို့အား ရခိုင်တိုင်းမှ စတင်တော်လှန်ခဲ့ကြပုံများကို တင်ပြထားပါသည်။

# အခန်း(၁)
# မြန်မာနိုင်ငံသို့ ဂျပန်တို့ဝင်ရောက်ခြင်း

ဂျပန်တို့သည် ၇ ဒီဇင်ဘာ ၁၉၄၁ တွင် ဟာဝေယံကျွန်း[၁]ရှိ အမေရိကန်ပိုင် ပုလဲဆိပ်ကမ်း[၂]ကို ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးလိုက်သည်။ ဗြိတိသျှနှင့် အမေရိကန်တို့သည် ၈ ဒီဇင်ဘာ ၁၉၄၁ တွင် ဂျပန်ကို စစ်ကြေငြာလိုက်ရာ ဂျပန်သည် အရှေ့အာရှစစ်ပွဲကြီးတွင် ပါဝင်လာရသည်။[၃] ဂျပန်တို့သည် အာရှတောင်ပိုင်းဒေသများ တိုက်ခိုက်သိမ်းပိုက်ရေးတွင် မြန်မာနိုင်ငံသည် စစ်ရေးအရ အချက်အချာကျသောဒေသဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ခြေကုပ်ယူကာ တပ်စွဲထားနိုင်ရေးကို လိုလားသည်။[၄]

ဂျပန်တို့သည် ယိုးဒယားနိုင်ငံတွင် တပ်စွဲထားပြီးနောက်၊ ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်ကာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ဗြိတိသျှတို့၏ လေတပ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် မလေးယားတွင် တိုက်ပွဲဝင်လျှက်ရှိသော ဂျပန်တို့၏ လုံခြုံမှုကို ရယူရန်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ရန်ကုန်မြို့ကို သိမ်းပိုက်ခြင်းဖြင့် ဗြိတိသျှနှင့် တရုတ်ချန်ကေရှိတ်အစိုးရ၏ ဆက်သွယ်မှုကို ဖြတ်တောက်ရန်၊ တတိယအဆင့်အနေဖြင့် မြန်မာတစ်ပြည်လုံးရှိ ဗြိတိသျှတပ်များကို တိုက်ခိုက်ချေမှုန်းပြီးနောက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ဆက်လက်ချီတက်တိုက်ခိုက်ရန် ဖြစ်သည်။[၅]

သခင်အောင်ဆန်းသည် ဂျပန်တပ်များ မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်မည့်အန္တရာယ်မှ မလွဲမရှောင်သာ ကြုံတွေ့ရမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေး ရဲဘော်များထံ ဂျပန်၏အကူအညီကိုချည်း အားကိုးခြင်းမပြုရန် ဘန်ကောက်မြို့မှ စာရေးအကြောင်းကြားပြီး သတိပေးခဲ့သည်။ ထို့ပြင် ရဲဘော်သုံးကျိပ်ဝင်များထဲမှ ကိုလှမောင်(ဗိုလ်ဇေယျ)နှင့် သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ)တို့ကို မြန်မာနိုင်ငံတွင်းသို့ ကြိုတင်စေလွှတ်၍ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက်ပါ စည်းရုံးပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရန် ညွှန်ကြားလိုက်သည်။ သခင်အောင်ဆန်း၏ရည်ရွယ်ချက်မှာ ပြည်တွင်းရှိ မြေအောက်တော်လှန်ရေးအင်အားစုများက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားခြင်းဖြင့် မြန်မာနိုင်ငံမှ နယ်ချဲ့အင်္ဂလိပ်တပ်များကို ချေမှုန်းတိုက်ခိုက်ပြီးသောအခါ ဂျပန်တပ်များအား လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ရင်ဆိုင်နိုင်ရန်ဖြစ်သည်။ အကယ်၍ ယင်းအစီအစဉ်အတိုင်း မအောင်မြင်ပါက မြေအောက်တော်လှန်ရေးအင်အားစုများနှင့် ပြည်သူလူထုတစ်ရပ်လုံးသည် ဂျပန်က မြန်မာတစ်ပြည်လုံးကို လက်ဝါးကြီးအုပ်ကာ ချယ်လှယ်မည့်အရေးကို အံ့ကြွဆန့်ကျင်ရန် ဖွဲ့စည်းပြီးဖြစ်သော မြန်မာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်ကို ဆက်လက်တော်လှန်တိုက်ပွဲဝင်ရန်ဖြစ်သည်။[၆]

သို့သော် ထိုအချိန်က အရေးပါသော မြန်မာနိုင်ငံရေး ခေါင်းဆောင်များ ထောင်ထဲရောက်နေသဖြင့် ထိုကိစ္စကို မည်သို့မျှမစီမံလိုက်ရ။ ဂျပန်က မြန်မာနိုင်ငံအပါအဝင် အာရှတောင်ပိုင်းနိုင်ငံများကို ချီတက်တိုက်ခိုက်မည်မှာ မလွဲမသွေဖြစ်သောကြောင့် ရဲဘော်သုံးကျိပ်ဝင်များအနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ပွဲဝင်နိုင်ရန် တပ်မတော်တစ်ရပ်ဖွဲ့စည်းပြီး မြန်မာနိုင်ငံတွင်းသို့ ဂျပန်တပ်များနှင့် ရင်ပေါင်တန်းချီတက်ဝင်ရောက်ကာ မြန်မာပြည်လွတ်လပ်ရေးကို ဖန်တီးရယူရန်မှာ အဓိကဖြစ်ပေသည်။ ထို့ကြောင့် ၂၇ ဒီဇင်ဘာ ၁၉၄၁ တွင် ဘန်ကောက်မြို့ရှိ ဦးလွန်းဖေ၏နေအိမ်၌ ဗမာ့လွတ်လပ်ရေးတပ်မတော်[၇] အတွက် စုဆောင်းရရှိသော တပ်သားသစ်များနှင့်အတူ ဗိုလ်တေဇ၊ ဗိုလ်လကျာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်စောနောင်တို့သည် မြန်မာပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် သစ္စာအဓိဋ္ဌာန်ပြု၍ ပထမအကြိမ်သွေးသောက်ပွဲ ကျင်းပသည်။ ၃၀ ဒီဇင်ဘာတွင် ရဲဘော်သုံးကျိပ်တို့ ဒုတိယအကြိမ်သွေးသောက်ပွဲ ကျင်းပသည်။[၂]

ယင်းအချိန်မတိုင်မီ (၂၃) ဒီဇင်ဘာ (၁၉၄၁) တွင် လေယာဉ်အစင်း (၈၀)ကျော်ပါဝင်သော ဂျပန်လေတပ်သည် ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်ရာ လူ (၂၀၀၀)ကျော်သေပြီး အိုးအိမ်အဆောက်အဦး များစွာပျက်ဆီးခဲ့ရသည်။ ခရစ်စမတ်နေ့(၂၅ ဒီဇင်ဘာ)တွင် ဒုတိယအကြိမ်လာရောက်တိုက်ခိုက်ခဲ့ရာ ဗုံးနှစ်ကြိမ်ကြဲချခြင်းတွင် လေယာဉ် (၅၂)စင်းကို ပစ်ချနိုင်ခဲ့သည်။ ထိုကဲ့သို့ ရန်ကုန်မြို့ကို ဂျပန်တို့လာရောက်တိုက်ခိုက်သဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်းရှိ ဗြိတိသျှလေယာဉ်များကို မကွေးမြို့သို့ ပြောင်းရွှေ့ထားခဲ့ရသည်။[၃]

၃၁ ဒီဇင်ဘာ (၁၉၄၁)တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

မြန်မာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်စစ်ကြောင်း

| | |
|---|---|
| စစ်သေနာပတိချုပ် | ဗိုလ်ချုပ်ကြီးမိုးကြိုး |
| စစ်ဦးစီးချုပ် | ဗိုလ်ချုပ်မူရကာမိ |
| စစ်ဦးစီးချုပ် | ဗိုလ်ချုပ်အောင်ဆန်း |
| စစ်ဦးစီးအရာရှိ | ဗိုလ်ရန်အောင် |
| စစ်ဦးစီးအရာရှိ | ဗိုလ်မှူးကြီး အီဂီမာ(တိုယိုဂျိကီမာတာ) |
| စစ်ဦးစီးအရာရှိ | ဒုဗိုလ်မှူးကြီး ရှင်မင်း (အိုနာအိုမစ်ဇုတာနီ) |
| စစ်ရေးချုပ် | ဒုဗိုလ်မှူးကြီး ကီမူရာ(ရှိဟီဂူချိ) |
| ငွေစာရင်းဝန် | ဗိုလ်မှူးကြီးမီနာမီအိုကာ(စူဂီး) |
| ဆေးမှူးချုပ် | ဗိုလ်ချုပ်ဆူဇူကီး(ဒေါက်တာဆူဇူကီး) |
| ကိုယ်ရံတပ်မှူး | ဗိုလ်မှူးကြီးအိုဇူဘို(ဗိုလ်ယာမာဖိုတာ)[၁၀] |

မော်လမြိုင်စစ်ကြောင်း

| | |
|---|---|
| တပ်မှူး | ဗိုလ်ချုပ်ကြီး မိုးကြိုး |
| ကီတာဂျီးမားတပ်ဖွဲ့မှူး | ဗိုလ်မှူးကြီးကီတာဂျီးမား (ဗိုလ်တကာဟာရှိ) |
| တွဲဖက်အရာရှိ | ဗိုလ်စောအောင် |
| အီနာဒါတပ်ဖွဲ့တပ်မှူး | ဒုဗိုလ်မှူးကြီးအီနာဒါ(ဒု ဗိုလ်အီနာဒါ) |
| တွဲဖက်အရာရှိ | ဗိုလ်မိုး |
| တိုင်ရာတပ်ဖွဲ့တပ်မှူး | ဗိုလ်မှူးတိုင်ရာ (တပ်ကြပ်ကြီးဟီရာအိချို) |
| တွဲဖက်အရာရှိ | ဗိုလ်ဇင်ယော် |
| ကီဇာကိုတပ်ဖွဲ့တပ်မှူး | ဒုဗိုလ်မှူးကြီးအိပ်ချ်ဆူဇူကီး (ဗိုလ်ဆူဇူကီး) |
| တွဲဖက်အရာရှိ | ဗိုလ်တိုင်ယာ(တပ်ကြပ်တိုင်ယာ) |

ထားဝယ်စစ်ကြောင်း

| | |
|---|---|
| တပ်မှူး | ဒုဗိုလ်ချုပ်ကြီးကာငါရှီးမား (ဗိုလ်ကြီးကာငါရှီးမား) |
| တွဲဖက်အရာရှိများ | ဗိုလ်လကျာ |
| | ဗိုလ်လရောင် |
| | ဗိုလ်ကျော်ဇော |
| | ဗိုလ်ဇလ |
| | ဗိုလ်ဥာဏ |
| | ဒုဗိုလ်မှူးကြီးဒိုအိ(ဗိုလ်ဒိုအိ) |
| | ဒုဗိုလ်မှူးကြီးအီဇူမီးယား (ဗိုလ်အီဇူမီးယား) |
| | ဒုဗိုလ်မှူးကြီး တိုမိုတို(ဗိုလ်တိုမိုတို) |
| | ဗိုလ်မှူးရှီမူယာ (တပ်ကြပ်ကြီးရှီနား) |
| | ဗိုလ်မှူးအီတို(တပ်ကြပ်ကြီးအီတို)[၁၁] |

| | |
|---|---|
| တွဲဖက်အရာရှိများ | ဗိုလ်မှူးမောရိ(တပ်ကြပ်ကြီးမောရိ) |
| | ဗိုလ်မှူးအီကေဒါ (တပ်ကြပ်ကြီးအီကေဒါ) |
| | ဗိုလ်မှူးနိုဆေး (တပ်ကြပ်ကြီးနိုဆေး) |

ရေကြောင်းချီတပ်ဖွဲ့

| | |
|---|---|
| တပ်မှူး | ဗိုလ်မှူးကြီးဟီရာယာမ |
| တွဲဖက်အရာရှိများ | ဒုဗိုလ်မှူးကြီးအာကီကာဝါ |
| | (ဒုဗိုလ်အာကီကာဝါ) |
| | ဗိုလ်ရန်နိုင် |
| | ဗိုလ်မင်းခေါင် |
| | ဗိုလ်တောက်ထိန် |
| | ဗိုလ်မှူးအီကေဘေ(တပ်ကြပ်ကြီးအီကေဘေ) |
| | ဗိုလ်မှူးအီမာမူယာ |
| | (တပ်ကြပ်ကြီးအီမာမူယာ) |
| | မစ္စတာဆာတို(အရပ်သား) |
| | မစ္စတာအီဇာတို(အရပ်သား) |
| | မစ္စတာအိုရာဟီကီ(အရပ်သား) |

တာနာကာတပ်ဖွဲ့

| | |
|---|---|
| တပ်မှူး | ဒုဗိုလ်မှူးကြီးတာနာကာ |
| | (ဗိုလ်တာနာကာ) |
| တွဲဖက်အရာရှိများ | ဗိုလ်ဘုန်းမြင့် |
| | ဗိုလ်မှူးဗိုင်ဇင်း(တပ်ကြပ်ကြီးဗိုင်ဇင်း)[၁၂] |

အတွင်းသူပုန်တပ်ဖွဲ့

| | |
|---|---|
| တပ်မှူး | ဗိုလ်နေဝင်း |
| တွဲဖက်အရာရှိများ | ဗိုလ်တာရာ |
| | ဗိုလ်လင်းယုန် |
| | ဗိုလ်မိုးညို |
| | ဗိုလ်မြဒင်[၁၃] |

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အထက်ဖော်ပြပါ တာဝန်များ ခွဲဝေခန့်ထားလိုက်ပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်တပ်ဖွဲ့အသီးသီးတို့သည် စစ်သားစုဆောင်းရေးလုပ်ငန်းများကို ဇင်းမယ်[၁၄]၊ လမ်းဖုန်း[၁၅]နှင့် မိမိတို့တပ်စွဲထားရာ အသီးသီးတွင် စစ်သားစုဆောင်းကြရာ စစ်ဗိုလ်စစ်သားစုစုပေါင်း (၄၉၆)ယောက်ရရှိသည်။[၁၆]

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံအတွင်းသို့ မော်လမြိုင်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ ရေကြောင်းချီတပ်ဖွဲ့၊ အတွင်းသူပုန်တပ်ဖွဲ့ဟူ၍ စစ်ကြောင်းကြီးများဖြန့်၍ ဝင်ရောက်ခဲ့သည်။ ဂျပန်တို့၏တပ်မ(၃၃)တပ်မ (၅၅)တို့နှင့်အတူ ဝင်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်းရှိ မြေအောက်အဖွဲ့အစည်းများမှလည်း မိမိတို့အဖွဲ့ဝင်များကို ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ဝင်ရန် စေလွှတ်ခဲ့ရာ မြန်မာနိုင်ငံတွင်းသို့ ရောက်သောအခါ စစ်ဗိုလ်စစ်သား စုစုပေါင်း ၃၇၇၆ ဦးရှိလာခဲ့သည်။[၁၇]

ဗိုလ်မှူးကြီး ဆူဇူကီး[၁၈]သည် ဂျပန်အမှတ် ၁၅ တပ်မတော်နှင့် ဆက်သွယ်ညှိနှိုင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် အတွက် လက်နက်များကို ဗိုလ်နေဝင်း ဦးစီးသော အတွင်းသူပုန်တပ်ဖွဲ့နှင့်အတူ မြန်မာပြည်အတွင်းသို့ လေယာဉ်ဖြင့် သယ်ယူကာ လေထီးဖြင့် ချပေးရန် စီစဉ်သော်လည်း ဇန်နဝါရီလ (၈)ရက်နေ့တွင် လေယာဉ်ပျံ အခက်အခဲကြောင့်

ထိုအစီအစဉ် မဖြစ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး ဆူဇူကီးသည် ဗိုလ်နေဝင်း ဦးစီးသော အတွင်းသူပုန်တပ်ဖွဲ့ကို မြန်မာပြည်တွင်းသို့ ကုန်းလမ်းခရီးမှ ဝင်ရောက်ပြီး နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ရန် ဆုံးဖြတ်သည်။[၁၉] ယင်းကဲ့သို့ ဗိုလ်နေဝင်း ခေါင်းဆောင်သောအတွင်းသူပုန်တပ်ဖွဲ့နှင့်အတူ လက်နက်ခဲယမ်းမီးကျောက်များကို မြန်မာပြည်တွင်းသို့ လေထီးဖြင့် ချပေးရန် ပျက်ကွက်ခြင်းမှာ မြန်မာပြည်လွတ်လပ်ရေးကို မြန်မာတို့ကိုယ်တိုင်တိုက်ခိုက်သိမ်းယူခွင့် မပြုလိုဘဲ ယင်းတို့၏လက်ပါးစေသူလျှိုအဖြစ် အသုံးချလိုသောကြောင့်ဖြစ်သည်။

ဇန်နဝါရီ (၁၉၄၂)တွင် ဂျပန်အမှတ်(၁၅)တပ်တော်ဗိုလ်မှူးကြီး နာကာတာ[၂၀]နှင့် ဗိုလ်မှူးကြီး ဆူဇူကီးတို့ ဆွေးနွေးရာ ဗမာ့လွတ်လပ်ရေးတပ်မတော်အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့် အောက်ပါလုပ်ငန်းများကို ပြောကြားသည်။

(၁) ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ပါက နေရာအနှံ့အပြားတွင် စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်။
(၂) စစ်ရုံပုံငွေအတွက် လိုအပ်ပါက ဗမာ့လွတ်လပ်ရေးတပ်မတော်က အခွန်အကောက် စည်းကြပ်မည်။
(၃) မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးပါက အုပ်ချုပ်ရေးအဖွဲ့ ထူထောင်မည်။
(၄) ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးပါက မြန်မာပြည်လွတ်လပ်ရေးကြေငြာမည်။[၂၁]

သို့သော် ဂျပန်အမှတ်(၁၅)တပ်တော် စစ်သေနာပတိချုပ် ဒုဂျင်နရယ်း အီဒါ[၂၂]အား ဂျပန်အာဏာပိုင်တို့က မြန်မာပြည်အရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် လွတ်လပ်ရေးဆိုသည့်စကားကိုပင် အသုံးမပြုမိစေရန် အထူးဂရုပြုရမည်ဟု ညွှန်ကြားထားပြီးဖြစ်သည်။ ဂျပန်တို့သည် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ ကတိပြုထားချက်ကို မြန်မာပြည်အတွင်းသို့ ဝင်ရောက်ခြင်းမပြုမီကပင် ဖောက်ဖျက်စပြုလာပြီဖြစ်ကြောင်း တွေ့ရသည်[၂၃]။

မြန်မာနိုင်ငံအတွင်းရှိ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးမြေအောက်အင်အားစုများနှင့် ပူးပေါင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ချီတက်မလာမီ လူထုစည်းရုံးရေးလုပ်ငန်းများ၊ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ရန် လိုအပ်နေသည်။ ထို့ကြောင့် ဗိုလ်နေဝင်းခေါင်းဆောင်သော အတွင်းသူပုန်တပ်ဖွဲ့ကို မြန်မာနယ်စပ်သို့ဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ရန် ဗိုလ်မှူးကြီးဆူဇူကီးက တာဝန်ပေးစေလွှတ်လိုက်သည်။[၂၄]

အတွင်းသူပုန်တပ်ဖွဲ့သည် (၁၄)ဇန်နဝါရီ (၁၉၄၂)တွင် ရဟိုင်းမှ ထွက်ခွာပြီး ဇင်းမယ်၊ အုံးကွိုင်[၂၅]၊ သာဆောင်ရန်း[၂၆]တို့ကို ချီတက်ခဲ့ရာ သောင်ရင်းမြစ်ကို ခက်ခဲစွာ ဖြတ်ကူး၍ မြန်မာပြည်တွင်းသို့ ရောက်ရှိခဲ့သည်။[၂၇]ထို့နောက် ရွှေဂွန်းရွာမှ သံလွင်မြစ်အတိုင်း စုန်ဆင်းခဲ့ရာ ဝတ်ကြီးရွာသို့ ရောက်သည်။ ဝတ်ကြီးရွာတွင် ဒို့ဗမာအစည်းအရုံးဝင် သခင်စောမောင်အား ခေါ်ယူတွေ့ဆုံ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဗမာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ရန် ချီတက်လာပြီဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သောအစီအစဉ်များကို စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် သိမ်ဆိပ်သို့ရောက်ရှိခဲ့သည်။ သိမ်ဆိပ်သို့ ရောက်သောအခါ အဖွဲ့လိုက်ဆက်လက်ချီတက်ပါက လုံခြုံမှုမရှိသည်ကတစ်ကြောင်း၊ အကယ်၍ အဖမ်းခံရပါက အားလုံးတစ်ပြိုင်တည်း အဖမ်းခံရမည်က တစ်ကြောင်းတို့ကြောင့် ဗိုလ်နေဝင်းက ရန်ကုန်သို့လည်းကောင်း၊ ဗိုလ်တာရာက ပျဉ်းမနားသို့လည်းကောင်း၊ ဗိုလ်မိုးညိုက ပဲခူးသို့လည်းကောင်း၊ ဗိုလ်လင်းယုန်က ပြည်သို့လည်းကောင်း၊ အသီးသီးသွားရောက်၍ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလုပ်ငန်းများ ပြင်ဆင်လုပ်ကိုင်ရန် တာဝန်ခွဲဝေပြီး သိမ်ဆိပ်၌ ရွာစုခွဲလိုက်ကြသည်။[၂၈]

ဗိုလ်နေဝင်း ရန်ကုန်သို့ရောက်ပြီး ပြည်သူ့အရေးတော်ပုံ ပါတီဝင်ရဲဘော်များနှင့် အဆက်အသွယ်ရရှိပြီး နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ကြသည်။ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေး ပြင်ဆင်မှုလုပ်ငန်းများမှာ

(၁) အဆင့်ဆင့် စစ်ပညာသင်ကြားပေးခြင်း
(၂) လက်နက်ရိက္ခာဆေးဝါးသိုလှောင်ခြင်း
(၃) အင်္ဂလိပ်တပ်အတွင်းရှိ ချင်း၊ ကချင်၊ ကရင်၊ မြန်မာစစ်ဗိုလ်စစ်သားများအား ချဉ်းကပ်စည်းရုံးသိမ်းသွင်းခြင်း
(၄) နိုင်ငံရေးအရ စည်းရုံးဝါဒဖြန့်ခြင်း
(၅) ထောင်တွင်းအကျဉ်းခံနေရသော ရဲဘော်ရဲဘက်များအား ထောင်ဖောက်ထုတ်ယူရန် စီစဉ်ခြင်း
(၆) အင်္ဂလိပ်တို့၏ စစ်ရေးစီမံမှုကို အနှောက်အယှက်ပေးခြင်း
(၇) အင်္ဂလိပ်တို့၏ စစ်အင်အား အခြေအနေကို တွက်ချက်၍ အာဏာသိမ်းယူခြင်း

(၈) ပြည်တွင်းတော်လှန်ရေးအဖွဲ့များ သိမ်းယူထားပြီးဖြစ်သည့် နယ်များတွင် ယာယီအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ငြိမ်ဝပ်ပိပြားရေးအတွက် ကြပ်မတ်ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်အသေးစိတ်အစီအမံများ ပြင်ဆင်ပြီး မြန်မာပြည်တွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော် ဝင်ရောက်တိုက်ခိုက်သည်နှင့်တစ်ပြိုင်နက်တည်း လက်နက်ကိုင်တော်လှန်ရေး စတင်လှုပ်ရှားရန်တို့ဖြစ်သည်။[၂၉] ဤသို့ဗိုလ်နေဝင်းသည် မြေအောက်တော်လှန်ရေးလုပ်ငန်းများကို ဆက်လက်ခေါင်းဆောင်ရင်း (၈)မတ်လ (၁၉၄၂)တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်က ရန်ကုန်မြို့ကို ချီတက်ဝင်ရောက်သောအခါ ဗိုလ်နေဝင်းသည် စည်းရုံးထားသော အင်အားစုများကို ဦးဆောင်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ပူးပေါင်းမိလေသည်။[၃၀]

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စစ်ကြောင်းတစ်ကြောင်းဖြစ်သော ထားဝယ်စစ်ကြောင်းကို ဗိုလ်ကြီးကာဝါရှီးမား[၃၁] ဦးဆောင်ပြီး ရဲဘော်သုံးကျိပ်ဝင်များဖြစ်သည့် ဗိုလ်လက်ျာ၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလ၊ ဗိုလ်ဥာဏနှင့် ဂျပန်အရာရှိများဖြစ်သော ဗိုလ်အီဇူမီ၊ ဗိုလ်ဒိုအိ၊ ဒုဗိုလ်တိုယိုတို့အပြင် ဂျပန်တပ်ကြပ်ကြီးများ ပါဝင်ကြသည်။ ထားဝယ်စစ်ကြောင်းမှ ဒုဗိုလ်တိုမိုတို၊ တပ်ကြပ်ကြီးရှီနား၊ ဗိုလ်ဥာဏ၊ ဗိုလ်မင်းရောင်တို့ကို ဂျပန်တပ်မ (၅၅)မှ ဒုဗိုလ်မှူးကြီးအိုကီး[၃၂] ဦးစီးတပ်ဖွဲ့နှင့်အတူ ကန်ချနာဘူရီ[၃၃] မှ တိုင်းမြန်မာနယ်စပ်သို့ ချီတက်စေသည်။[၃၄]

(၈)ဇန်နဝါရီ (၁၉၄၂)တွင် ထားဝယ်စစ်ကြောင်းသည် ဘန်ကောက်မြို့မှ ထွက်ခွာသွားရာ ကန်ချနာဘူရီသို့ (၁၀)ဇန်နဝါရီတွင် ရောက်ရှိလာသည်။ ထိုအချိန်တွင် အိုကီးတပ်ဖွဲ့သည် ထိုင်းမြန်မာနယ်စပ်မှတဆင့် မြစ်တာသို့ချီတက်သွားသည်။ မြစ်တာတွင် အင်္ဂလိပ်တပ်စုတစ်စုနှင့် တိုက်ပွဲဖြစ်ပွားပြီး မြစ်တာကို သိမ်းပိုက်သည်။ ထားဝယ်စစ်ကြောင်းသည် ကန်ချနာဘူရီသို့ ရောက်သောအခါ လက်နက်ခဲယမ်းမီးကျောက်များကို ဝမ်ဗို၊ တွမ်တီ၊ ဆင်ဖြူတိုင်တို့မှတဆင့် မြစ်တာသို့ သယ်ဆောင်ရန် စီစဉ်သည်။ (၁၇)ဇန်နဝါရီတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းနှင့် ဂျပန်တပ်မ(၅၅)မှ အိုကီးတပ်ဖွဲ့သည် မြစ်တာမှ ထားဝယ်ကို ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထားဝယ်ကို သိမ်းပိုက်ပြီးနောက် မြို့ခံလူကြီးပေးခဲ့သည်။ ထားဝယ်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်လာသောတပ်သားသစ်များအား စစ်သင်တန်းပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။[၃၅]

ထိုအချိန်တွင် ဂျပန်တပ်မ(၅၅)သည် ရဟိုင်း၊ မဲဆောက်၊ ကော့ကရိတ်မှတဆင့် မော်လမြိုင်သို့ ဦးတည်ချီတက်လျှက်ရှိသည်။ ဂျပန်တပ်မ(၅၅)သည် အင်္ဂလိပ်တပ်များနှင့် မော်လမြိုင်တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီး (၃၁)ဇန်နဝါရီ (၁၉၄၁)တွင် မော်လမြိုင်မြို့ကို သိမ်းယူနိုင်ခဲ့သည်။[၃၆] ဂျပန်တပ်မ(၅၅)သည် မော်လမြိုင်ကို အိုကီးတပ်ဖွဲ့မရောက်မီ တစ်ရက်ကြိုတင်သိမ်းပိုက်နိုင်ခဲ့သည်။ မော်လမြိုင်ကို ဂျပန်တပ်များ သိမ်းပိုက်ပြီးကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် ဗိုလ်ကြီး ကာဝါရှီးမား၊ ဗိုလ်ဒိုအိ၊ ဗိုလ်လက်ျာ၊ ဗိုလ်ဗလ၊ တပ်ကြပ်ကြီး မီလကီတို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းကို ကွပ်ကဲလျှက် မော်လမြိုင်သို့ ချီတက်လာသည်။ ထားဝယ်စစ်ကြောင်းသည် မော်လမြိုင်တွင် ထားဝယ်ကို သိမ်းပိုက်စဉ်ကကဲ့သို့ မြို့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်သော်လည်း ဂျပန်တပ်က ဖွဲ့စည်းခွင့်မပေးသောကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့ဆက်ဆံရေး တင်းမာစပြုလာသည်။ ထို့မှတဆင့် ထားဝယ်စစ်ကြောင်းသည် ဖားအံ၊ ရွှေဂွန်း၊ ကွမ်းဆိပ်၊ မြစ်ကျိုး၊ တာဆုံမှ ပဲခူးသို့ ချီတက်ခဲ့ရာ (၇)မတ်လ(၁၉၄၂)တွင် ပဲခူးကို သိမ်းပိုက်ရရှိသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းသည် ပဲခူးမြို့တွင် သခင်တင်နှင့် သခင်စံဝေတို့အား ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့ကို ခေါင်းဆောင်စေပြီး ရန်ကုန်မြို့သို့ ဂျပန်တပ်မ (၅၅)မှ တပ်ဖွဲ့အချို့နှင့် ဦးတည်ချီတက်လာကာ (၈)မတ်လ(၁၉၄၂)တွင် ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။[၃၇]

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ဌာနချုပ် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မိုးကြိုး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရုံးအဖွဲ့ဝင် (၂၈)ဦးသည် (၁၁) ဇန်နဝါရီ(၁၉၄၂)တွင် ဘန်ကောက်မြို့မှ ရဟိုင်းမြို့သို့ မီးရထားဖြင့် ထွက်ခွာသွားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းသည် ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ရန်အောင်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စောအောင်တို့ ပါဝင်သည်။[၃၈]

ဗိုလ်မိုးကြိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းသည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး ခက်ခဲပင်ပန်းစွာ ချီတက်လာရာ (၇)ဖေဖော်ဝါရီတွင် သောင်ရင်းမြစ်ကမ်းပေါ်ရှိ သာဆောင်ရန်းသို့ ရောက်ရှိသည်။ ထို့နောက် (၉)ဖေဖော်ဝါရီတွင် ထိုင်းမြန်မာနယ်စပ်ကို ဖြတ်ကျော်ပြီး ချီတက်လာရာ ကူးဆိပ်သို့ (၁၁)ဖေဖော်ဝါရီတွင် ရောက်ရှိသည်။ ကူးဆိပ်တွင် စစ်သားစုဆောင်းရေးလုပ်ငန်းများ လုပ်ဆောင်ပြီး တပ်ဖွဲ့များခွဲကာ (၁၆)ဖေဖော်ဝါရီတွင် ဗိုလ်ရန်အောင်က ရှေ့ပြေးတပ်အဖြစ် သံလွင်မြစ်ကို ဦးစွာ

ဖြတ်ကူးသည်။ ဗိုလ်ရန်အောင်သည် (၁၇)ဖေဖော်ဝါရီတွင် မဲပလီသို့ရောက်ရှိသည်။ ကျန်တပ်ဖွဲ့များသည် (၁၈)ဖေဖော်ဝါရီတွင် ယင်းပိုင်မှ သံလွင်မြစ်ကို ဖြတ်ကူးကြသည်။ ဆက်လက်ချီတက်ရာ ဝမဲလူ၊ ဝင်းကလုံသို့ရောက်သည်။ ဝင်းကလုံမှ စစ်တောင်းမြစ်ကမ်းရှိ ကွမ်းဆိပ်သို့ (၂၆)ဖေဖော်ဝါရီတွင် ရောက်သည်။ ကွမ်းဆိပ်တွင် နောက်မှလိုက်ပါချီတက်လာသော ထားဝယ်စစ်ကြောင်းနှင့် ပူးပေါင်းမိပြီး ပိုမိုအင်အားတောင့်တင်းလာသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မောင်လမြိုင်စစ်ကြောင်းသည် ဆက်လက်ချီတက်ရာ အုတ်ဖိုသို့အရောက်တွင် အင်္ဂလိပ်တပ်သားအချို့နှင့် တိုက်ပွဲဖြစ်ခဲ့သည်။ အင်္ဂလိပ်တပ်သား(၇)ယောက်ကျဆုံးပြီး (၁)ယောက်ဖမ်းဆီးရမိသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တယောက်ကျဆုံးသည်။[၃၉]

ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ် စစ်ကြောင်းမှ ဗိုလ်စောအောင်တပ်ဖွဲ့သည် ဒုံစရစ်မှ ရွှေကျင်သို့ချီတက်ပြီး ရွှေကျင်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။ ထို့နောက် ဗိုလ်စောအောင်တပ်သည် ရွှေကျင်သို့ ထွက်ခွာလာသော အင်္ဂလိပ်တပ်နှင့် တိုက်ပွဲဖြစ်ပွားရာ (၂၆) ဖေဖော်ဝါရီ(၁၉၄၂)တွင် ဗိုလ်စောအောင် ကျဆုံးသည်။[၄၀]

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းသည် တပ်များခွဲ၍ ပဲခူးသို့လည်းကောင်း၊ ဘုရားကြီးဘက်သို့လည်းကောင်း၊ ရန်ကုန်မန္တလေးလမ်းကို ဖြတ်၍ ပဲခူးရိုးမဘက်သို့လည်းကောင်း၊ ချီတက်သည်။ ထို့နောက် တိုက်ကြီး၊ ဖူးကြီးသို့ရောက်ရှိပြီး ဖူးကြီးတွင် အင်္ဂလိပ်တပ်နှင့် တိုက်ပွဲဖြစ်ပွားရာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးကျဆုံးသည်။[၄၁] ထို့နောက် သပြေကုန်း၊ မြရာကုန်း၊ လှိုင်မြစ်အတိုင်း ထန်းတပင်မှ လှေသမ္ဗာန်ကြီးများနှင့် ဆုန်ဆင်းလာရာ ရန်ကုန် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ (၁၂)မတ်လ (၁၉၄၂)တွင် ရောက်ရှိလာသည်။[၄၂]

ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီအဖွဲ့(မြိတ်စစ်ကြောင်း)ကို ဗိုလ်ဟီရာယာမ[၄၃]က တပ်မှူးအဖြစ် အုပ်ချုပ်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် အမှတ်(၅၅)ဂျပန်တပ်မနှင့် အတူတွဲဖက်ချီတက်သည်။ တပ်မ(၅၅)သည် ဝိတိုရိယအငူကို သိမ်းပိုက်ပြီးဖြစ်သဖြင့် ရေကြောင်းချီတပ်ဖွဲ့၏တာဝန်မှာ ဝိတိုရိယအငူမှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ချီတက်ပြီး မုတ္တမပင်လယ်ကွေ့ကို ဖြတ်ကျော်၍ ရန်ကုန်မြို့သို့ ဝင်ရောက်ရန်ဖြစ်သည်။ ရေကြောင်းချီအဖွဲ့တွင် ဗိုလ်ဟီရာယာမနှင့်အတူ တပ်ကြပ်ကြီးများဖြစ်သော အီမာမူရာ၊ အီကေဘေ၊ ကီဇာကို၊ ဂျပန်အရပ်သားအရာရှိ ဗိုလ်ရာရှီကီ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တောက်ထိန်နှင့် ဘီအိုင်အေသို့ ဘန်ကောက်မြို့မှ ဝင်ရောက်လာသော ရဲဘော်(၁၀)ဦးပါဝင်သည်။[၄၄] ရေကြောင်းချီအဖွဲ့သည် ဝိတိုရိယအငူသို့ ချီတက်ရောက်ရှိပြီး စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ဝိတိုရိယအငူမှ ပက်ချန်း[၄၅]၊ ကရသူရီ[၄၆]၊ ဘုတ်ပြင်း၊ မြိတ်မြို့တို့ကို ချီတက်သိမ်းပိုက်၍ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ လူငယ်အမြောက်အများ ဝင်ရောက်လာသည်။[၄၇] မြိတ်တွင် စုဆောင်းရရှိသော တပ်သားသစ်များအား စစ်သင်တန်းပေးပြီး ထားဝယ်သို့ ရေကြောင်းမှ ဆက်လက်ချီတက်ရာ ထားဝယ်စစ်ကြောင်းတို့က သိမ်းပိုက်ထားပြီးဖြစ်သည်။ ထားဝယ်မှ ကျိုက္ခမီသို့ ချီတက်ပြီး စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်လှေများ ထပ်မံရှာဖွေခြင်း၊ တပ်သားသစ်များ စစ်သင်တန်းပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်သည်။ ကျိုက္ခမီမှ မော်လမြိုင်သို့ ချီတက်ရာ အင်္ဂလိပ်တပ်မှ အကြိမ်ကြိမ်တိုက်ခိုက်ခြင်းကို ရှောင်ရှားရင်း မော်လမြိုင်သို့ ရောက်ရှိသည်။ ထို့နောက် ဖားအံသို့ ဆက်လက်ချီတက်တိုက်ခိုက်သိမ်းပိုက်ပြန်သည်။ ဖားအံတွင် စခန်းချနေစဉ် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်စစ်ကြောင်းမှ ဗိုလ်တေဇဦးစီးသော တပ်ဖွဲ့တစ်ခု ဖားအံသို့ ရောက်ရှိလာသည်။ ဖားအံတွင် ဗိုလ်တေဇက ရေကြောင်းချီတပ်ဖွဲ့အား ဂျပန်ထက်ဦးစွာ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ချီတက်ရန် အမိန့်ပေးသည်။[၄၈] ထို့နောက် ဒေးဒရဲ၊ ဖျာပုံ၊ မြောင်းမြ၊ ညောင်တုံး၊ ဓနုဖြူ၊ ပုသိမ်၊ ဟင်္သာတ၊ ကျုံပျော်မြို့များကို သိမ်းပိုက်ပြီး အုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်ကြသည်။ ရေကြောင်းချီအဖွဲ့သည် မြစ်ဝကျွန်းပေါ်ကို ဂျပန်ထက်ဦးစွာ သိမ်းပိုက်နိုင်ခဲ့သည်။[၄၉] ရေကြောင်းချီအဖွဲ့သည် ဟင်္သာတမှ မယ်ဇလီကုန်း၊ မြန်အောင်၊ ညောင်စာရေး ရွှေနတ်တောင်တို့သို ချီတက်သည်။ ရွှေနတ်တောင်မှတဆင့် ရွှေကြိုကုန်းရွာသို့ ရောက်သောအခါ အင်္ဂလိပ်တပ်များ ရွှေတောင်ကို မီးရှို့၍ ပြည်မြို့သို့ ထွက်ခွာမည်ဟု သတင်းရသဖြင့် ရွှေတောင်ကို အချိန်မှီ ကယ်တင်နိုင်ရန် အပြင်းချီတက်ကြသည်။[၅၀]ရွှေတောင်တိုက်ပွဲသည် (၂၉)မတ်လ (၁၉၄၂)နှင့် (၃၀)မတ်လ(၁၉၄၂) (၂)ရက်သာတိုက်ခိုက်ရသော်လည်း တိုက်ပွဲပြင်းထန်သဖြင့် အင်္ဂလိပ်ဘက်မှလည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့နှင့် အမှတ် (၃၃)ဂျပန်ကပ်မဆာတိုတပ်ရင်းမှလည်းကောင်း၊ အထိအခိုက် အကျအဆုံးများပြားသည်။[၅၁]

ဤသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်က မော်လမြိုင်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ ရေကြောင်းချီတပ်ဖွဲ့၊

အတွင်းသူပုန်အဖွဲ့ဟူ၍ စစ်ကြောင်းကြီးလေးကြောင်း ဖြန့်ပြီး မြန်မာပြည်တွင်းသို့ ချီတက်ခဲ့ရာ ရန်ကုန်မြို့ကို ဗမာ့လွတ်လပ်ရေး တပ်မတော်က ဂျပန်တပ်များထက်စော၍(၈)မတ် (၁၉၄၂)တွင် သိမ်းပိုက်မိခြင်းဖြစ်သည်။[၅၂] ဂျပန်တပ်များ ရန်ကုန်မြို့ကို သိမ်းပိုက်မိသည့် (၁၀)မတ် (၁၉၄၂)တွင် ဂျပန်စစ်ဘက်သည် စစ်အုပ်ချုပ်ရေးဌာနကို ဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေးဌာန ရုံးကို ယခင်ဘုရင်ခံအိမ်တော်ဟောင်းတွင် ဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေးဌာနရုံးကို ယခင်ဘုရင်ခံအိမ်တော်ဟောင်းတွင် ဖွင့်လှစ်၍ လုပ်ငန်းများ စတင်တော့သည်။[၅၃] ထို့ကြောင့် ဗိုလ်မိုးကြိုးက ဂျပန်အမှတ်(၁၅)တပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးကြီးနာဆူး[၅၄]၊ ဗိုလ်မှူးကြီး နာကာတာ[၅၅]၊ ဗိုလ်မှူးကြီး တေရာကူရာ[၅၆]တို့နှင့် သွားရောက်တွေ့ဆုံကာ မြန်မာပြည် လွတ်လပ်ရေးကြေငြာပေးရန် ကိစ္စကို ဆောင်ရွက်ပေးရေးအတွက် တောင်းဆိုသည်။ ဗိုလ်မိုးကြိုးက ဂျပန်အစိုးရနှင့် ဂျပန်တပ်မတော်သည် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်လာစက မြန်မာပြည်အား လွတ်လပ်ရေးပေးမည်ဟု ကြေငြာ ချက်ထုတ်ပြန်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံသားတို့သည် ဂျပန်တပ်မတော်နှင့်အတူ ပူးပေါင်း၍ နိုင်ငံ၏လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့က ဂျပန်၏အရှေ့အာရှ စစ်ပွဲတွင် လည်း အင်တိုက်အားတိုက်ကူညီမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်လွတ်လပ်ရေးကို ချက်ချင်းကြေငြာနိုင်ရေးအတွက် ဂျပန်တပ်မတော်နှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးက ဂျပန်တို့ကို တော်လှန်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသော်လည်း မြန်မာ့လွတ်လပ်ရေးကြေငြာပေးရန်ကိစ္စကို ဂျပန်တို့က မသိကျိုးကျွံပြုကာ မြန်မာပြည်အား ဆက်လက်သိမ်းပိုက်ထားရန်သာ ပြင်ဆင်ခဲ့သည်။ ဗိုလ်မှူးကြီး နာဆူးကယ ခုအချိန်သည် ရန်ကုန်မြို့ကိုသာ သိမ်းပိုက်မိသေးကြောင်း၊ အထက်ဗမာ နိုင်ငံတစ်ခုလုံး ဆက်လက်သိမ်းပိုက်ရန် လိုသေးကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် သီးခြားလွတ်လပ်သော နိုင်ငံတစ်ခု အဖြစ် ရပ်တည်ရန်အင်အားနှင့် အခြေအနေမရှိသေးကြောင်းတို့ကြောင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးကြေငြာပေးရန် အချိန်စောသေးသည်ဟု ပြန်ကြားပြောဆိုသည်။[၅၇]

အမှန်မှာ ဂျပန်တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးပေးရန် ဆောင်ရွက်ပေးလိုစိတ်မရှိသောကြောင့် အကြောင်းပြပြောဆိုနေခြင်းသာ ဖြစ်လေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဂျပန်တောင်ပိုင်းတပ်မတော် စစ်သေနာပတိချုပ် ဖီးမာရှယ်တေရာအူချီ[၅၈] ထံ အမှတ်(၁၅)တပ်တော်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး အီဒါက တင်ပြစဉ်ကပင် အူချီက သဘောမတူ ကြောင်း ပြန်ကြားထားပြီးဖြစ်သည်။[၅၉]

ဂျပန်အာဏာပိုင်တို့သည် ရန်ကုန်မြို့တော်ကို သိမ်းပြီးလျှင် လွတ်လပ်ရေးကြေငြာခွင့်ပေးမည်ဟု ကတိပေးခဲ့ သော်လည်း ရန်ကုန်ကို သိမ်းပြီးသည်အထိပင် လွတ်လပ်ရေးအတွက် အကြောင်းအမျိုးမျိုးပြကာ စစ်အုပ်ချုပ်ရေးဖြင့် ထိန်းသိမ်းမည်ဟူသော ဝါဒကို ကျင့်သုံးရန်ကြိုးစားကြသည်။ လွတ်လပ်ရေးရတော့မည်ဟူသော အသိစိတ်ဖြင့် တက်ကြွ လှုပ်ရှားခဲ့သော မြန်မာမျိုးချစ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မကြာခဏတွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုစဉ်က အခြေအနေ နှင့်ပတ်သက်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် သခင်ခေါင်းဆောင်တို့က အုပ်ချုပ်ရေးအာဏာနှင့် လွတ်လပ်ရေးကို ကြေငြာပေးရန် ပြင်းထန်စွာ တောင်းဆိုကြသည်။ သို့သော် ဂျပန်က တိကျသောအဖြေမပေးခဲ့ပေ။[၆၀]

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် သခင်ခေါင်းဆောင်တို့သည် ဤကဲ့သို့ဖြစ်လာလိမ့်မည်ဟု ကြိုတင်တွက်ဆထား ပြီးဖြစ်သည်။ အခြေအနေအရ ဂျပန်အား တော်လှန်မှုဖြစ်တော့မည်ကို သိရှိကြသော်လည်း စုစည်းမှု၊ စည်းရုံးမှုမရှိသေး သဖြင့် ခေတ္တဆိုင်းငံ့သွားခြင်းသာဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် နိုင်ငံရေးခေါင်းဆောင်များသည် ဂျပန် ဆန့်ကျင်ရေးစိတ်ဓာတ်များ ဖြစ်လာခဲ့သည်။ အင်အားချင်းမမျှ၍သာ ဂျပန်တို့ကို အခိုက်အတန့် လိုက်လျှောရခြင်း ဖြစ်သည်။[၆၁]

ဂျပန်တပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံသို့ ဝင်လာစဉ်တစ်လျှောက်လုံး မြန်မာ့လွတ်လပ်ရေး တပ်မတော်ကို ဂျပန်တို့က အုပ်ချုပ်ခဲ့ကြသည်။ ထို့ကြောင့် ဗိုလ်မိုးကြိုးထံ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာအရာရှိ များက အုပ်ချုပ်ရန် တောင်းဆိုသော စာတစ်စောင်ကို ဗိုလ်ချုပ်အောင်ဆန်းက ရေးသားခဲ့သည်။ သခင်ထွန်းအုပ်၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ် စသည့်ရဲဘော်သုံးကျိပ်ဝင်များက လက်မှတ်ရေးထိုး၍ ပေးပို့ခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိနှင့် ဗိုလ်လက်ျာအား စစ်ဦးစီးချုပ်အဖြစ်ခန့်အပ် ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် မြန်မာအရာရှိများက ဦးစီးကွပ်ကဲ၍ ဂျပန်တို့က အကြံပေးအရာရှိများအဖြစ် ဆောင်ရွက်သည်။[၆၂]

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်မြို့ကို (၈)မတ်လ(၁၉၄၂)တွင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီး နောက် စစ်ဦးစီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းမှ ကွပ်ကဲကာ ဗိုလ်မှူးကြီးဇေယျ ဦးစီးသည့်တပ်မ(၁)နှင့် ဗိုလ်မှူးကြီးနေဝင်း

ဦးစီးသည့်တပ်မ(၂)ဟူ၍ တပ်မ(၂)ခု ဖွဲ့စည်းပြီး မြန်မာနိုင်ငံအထက်ပိုင်းရှိ ဆုတ်ခွာနေသော အင်္ဂလိပ်တပ်နှင့် တရုတ်များကို လိုက်လံချေမှုန်းခဲ့သည်။ အထက်မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက်ရေးနှင့်ပတ်သက်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်က ယင်း၏တာဝန်ပီပီပြင်ပြင်ရှိစေရေးအတွက် ဂျပန်တောင်ပိုင်းတပ်မတော်သို့ တာဝန်တိတိကျကျခွဲပေးရန် တောင်းဆိုသည်။ ထို့ကြောင့် ဂျပန်တပ်မတော်က ဧရာဝတီမြစ် အရှေ့ဘက်အခြမ်းကိုလည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်က ဧရာဝတီမြစ်အနောက်ဘက်ခြမ်းကိုလည်းကောင်း အသီးသီးတာဝန်ခွဲဝေတိုက်ခိုက်ကြရန် သတ်မှတ်ပေးရသည်။ ဂျပန်တောင်ပိုင်းတပ်မတော် ဖီးမာရှယ်တေရာအူချီသည် ဂျပန်အမှတ် (၁၅)တပ်တော်တပ်မှူး ဂျင်နရယ်အီဒါအား အထက်ဗမာပြည်သို့ ချီတက်တိုက်ခိုက်ရန် (၇)မတ်(၁၉၄၂)တွင် အမိန့်ပေးလိုက်သောကြောင့် ဂျပန်တပ်မ(၅၅)သည် ပဲခူးကို သိမ်းပိုက်ပြီးနောက် (၁၀)မတ်လတွင် တောင်ငူသို့ ချီတက်သွားသည်[၆၃]။

(၂၆)မတ် (၁၉၄၂)တွင် တောင်ငူကိုသိမ်းသည်[၆၄]။ ဂျပန်မြို့တော်ဖြစ်သည့် မန္တလေးဖြစ်သည်။ တောင်ငူမှ ဂျပန်အမှတ်(၅၅)တပ်မသည် မန္တလေးလမ်းအတိုင်း ချီတက်နေစဉ် ဗိုလ်မှူးကြီး ဆူဇူကီးသည် မြောက်ပိုင်းစစ်ဆင်ရေး၌ ဗမာ့လွတ်လပ်ရေးတပ်မတော်လည်း ပါဝင်ချီတက်ရန် စီစဉ်သည်။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တပ်မ(၂)ခုခွဲ၍ ဖွဲ့စည်းကာ မြောက်ပိုင်းစစ်ဆင်ရေးတပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်းအား စစ်ဦးစီးအဖြစ် ရာထူးခန့်အပ်ကာ ခေါင်းဆောင်စေသည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်ဇေယျတို့အား တပ်မတစ်ခုစီတွင် ဦးဆောင်စေသည်။ ရန်ကုန်မြို့စောင့်တပ်ကို ဗိုလ်ကျော်ဇောနှင့် ဗိုလ်စကြာတို့အား ကွပ်ကဲစေသည်။ ဗိုလ်မှူးကြီး ဆူဇူကီးသည် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်မနှစ်ခုသည် ပြည်လမ်းအတိုင်း မြောက်ဘက်သို့ချီတက်ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ပင်မတပ်ကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး မြောက်ဘက်ရှိ ဗြိတိသျှနှင့် ဂျပန်တပ်များ မရောက်သော စစ်မဲ့ဒေသသို့ ချီတက်ပြီး မြစ်ကိုဖြတ်ကျော်ကာ ဗြိတိသျှတပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ ဗြိတိသျှတို့အား ပခုက္ကူမှဆုတ်ခွာသွားစေခဲ့သည်။ ပေါက်၌ ရန်သူ (၅၀၀)ခန့်ကို တိုက်ခိုက်ပြီး အောင်ပွဲရရှိသည်။ ချီတက်နေစဉ်ကာလ ဝမ်းရောဂါဖြစ်သော်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်ပင်မတပ်ကြီးသည် မန္တလေးအနောက်ဖက် ယင်းမာပင်ကို သိမ်းပိုက်နိုင်ခဲ့သည်[၆၆]။

ဂျပန်အမှတ်(၁၅)တပ်တော်အတွက် အသစ်ထပ်မံရောက်ရှိလာသောအမှတ်(၅၆)တပ်မသည် အရှေ့ဘက်သို့ လှည့်ပြီး ရှမ်းပြည်ဘက်သို့ ချီတက်သည်။ ဂျပန်တပ်သည် (၂၉)ဧပြီ (၁၉၄၂)တွင် လားရှိုးကိုသိမ်းပိုက်နိုင်ခဲ့သည်။ တရုတ်မြန်မာလမ်းမကြီးကို ဖြတ်တောက်လိုက်ခြင်းဖြင့် ဂျပန်တပ်မတော်သည် မန္တလေးကို ကာကွယ်တိုက်ခိုက်နေသော ဗြိတိသျှတပ်မတော်နှင့် တရုတ်တပ်မတော်ကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။[၆၇]

မန္တလေးမြို့အား ဂျပန်တပ်များ သိမ်းပိုက်ခါနီးတွင် ထောင်ထဲ၌ အဖမ်းခံနေရသော နိုင်ငံရေးခေါင်းဆောင်အချို့ ထောင်မှ လွတ်ခဲ့ကြသည်။ မန္တလေးမြို့မြောက်ဘက် ခြောက်မိုင်အကွာရှိ ကပိုင်ရွာ၏တောင်ဘက်ချောင်းကမ်းဘေးရှိ ရေတွင်းအနီး၌ (၃၀)ဧပြီ (၁၉၄၂)တွင် လျှို့ဝှက်အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် သခင်နု၊ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်၊ သခင်ကျော်ငြိမ်း၊ သခင်သိန်းဖေတို့ပါဝင်ကြမည်။ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်နှင့် သခင်သိန်းဖေတို့က ဂျပန်ခုခံတိုက်ခိုက်ရေးလမ်းစဉ်ဖြင့် မဟာမိတ်တို့ထံမှ အကူအညီယူရန်ဖြစ်သည်။ သခင်နုနှင့် သခင်ကျော်ငြိမ်းတို့က ဂျပန်ထံမှ လွတ်လပ်ရေးရနိုင်မည်ဟု မျှော်လင့်ကြသဖြင့် ဂျပန်ကို စောင့်ကြည့်လိုသည်။ မဟာမိတ်နှင့် မပေါင်းမီလွတ်လပ်ရေးပေးမည်ဟု ကတိပေးစေလိုသည်။ ဤသို့အယူအဆကွဲလွဲခဲ့သော်လည်း မဟာမိတ်နှင့် အဆက်အသွယ်ယူထားရန် အားလုံးသဘောတူကြသည့်အပြင် ဂျပန်ဆန့်ကျင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ရန်လည်း သဘောတူကြသည်။[၆၈]

ကပိုင် အစည်းအဝေး သဘောတူညီချက်အရ သခင်စိုး၊ သခင်ကျော်စိန်နှင့် သခင်မြသွင်တို့က တရုတ်တပ်မတော်နှင့် အဆက်အသွယ်ယူပြီး တရုတ်နိုင်ငံ သို့မဟုတ် အိန္ဒိယနိုင်ငံသို့ သွားကြရန် ဆုံးဖြတ်ကြသည်။ မြန်မာနိုင်ငံအပြင်ဘက်မှနေ၍အကူအညီတောင်းခံပြီး ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း၊ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်သည်။ သခင်နုနှင့် သခင်ကျော်ငြိမ်းတို့က သခင်အောင်ဆန်း အထက်မြန်မာနိုင်ငံသို့အလာကို စောင့်ကြို၍ ယာယီအားဖြင့် ဂျပန်နှင့်ပူးပေါင်းလိုကြသည်။[၆၉]

သခင်သိန်းဖေမှာ ဂျပန်ဆန့်ကျင်ရေးဝါဒဖြန့်ခြင်းကို စတင်ထားပြီးဖြစ်၍ ထင်ပေါ်စွာနေရန် မဖြစ်ပေ။ ထို့ကြောင့် သခင်သိန်းဖေသည် မဟာမိတ်တို့နှင့် အဆက်အသွယ်ရရန်အတွက် မြန်မာနိုင်ငံအပြင်ဘက်သို့ ထွက်ခွာရန် ဆုံးဖြတ်သည်။ ဤသို့ဖြင့် ကပိုင်ရွာအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ၏အနာဂတ်လွတ်လပ်ရေးကြိုးပမ်းမှုအတွက် လုပ်ငန်းစဉ်

များကို ချမှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ နိုင်ငံရေးခေါင်းဆောင်များအတွင်း၌ သဘောထားများကွဲပြားခဲ့သော်လည်း ဂျပန်လက်အောက်သို့ ကျရောက်မည့်အခါ ထိုအင်အားစုများသည် ဂျပန်ဆန့်ကျင်ရေးတွင် လက်တွဲမိခဲ့ကြသည်။[၃၀]

ဂျပန်တပ်များသည် (၁)မေ(၁၉၄၂)တွင် မန္တလေးနှင့် မုံရွာမြို့များကို သိမ်းပိုက်ခဲ့သည်။[၃၁] ဤသို့ အထက်မြန်မာနိုင်ငံမြို့တော် မန္တလေးကျပြီးနောက် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်[၃၂]သည် မြစ်ကြီးနားမှ (၄)မေ(၁၉၄၂)တွင် လေယဉ်ပျံဖြင့် အိန္ဒိယနိုင်ငံ ဆင်းမလား[၃၃]မြို့သို့ထွက်ခွာသွားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များက (၇)မေ(၁၉၄၂)တွင် ဗန်းမော်နှင့်မြစ်ကြီးနားကို သိမ်းပိုက်သည်။ ဗြိတိသျှတပ်များသည် မြန်မာနိုင်ငံမှ (၁၂)မေ (၁၉၄၂)တွင် ချင်းတွင်းမြစ်တစ်ဖက်ကမ်းမှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြသည်။[၃၄]

ဆုတ်ခွာနေသော ဗြိတိသျှတပ်များကို စစ်ပရိယယ်ဖြင့် ထွက်ပေါက်ကို ဆီးကြိုပိတ်ဆို့တိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်း စသောပြောက်ကျားနည်း ရင်ဆိုင်တိုက်ပွဲများနှင့်လည်းကောင်း၊ အတွင်းသူပုန်တပ်များ၏ အကူအညီဖြင့်လည်းကောင်း အင်္ဂလိပ်၊ အိန္ဒိယ၊ တရုတ်တပ်များကို အောင်မြင်စွာ မောင်းထုတ်နိုင်ခဲ့သည်။ ရွှေတောင်တိုက်ပွဲတွင် ဗိုလ်ရန်နိုင်၏တပ်များသည်လည်းကောင်း၊ ရွှေကျင်တိုက်ပွဲတွင် ဗိုလ်ဇေယျ၏တပ်များသည်လည်းကောင်း၊ ရခိုင်စစ်မျက်နှာတွင် ဗိုလ်ရန်အောင်၏တပ်များသည်လည်းကောင်း၊ ဂုဏ်ယူနိုင်လောက်အောင် အောင်ပွဲများ ရရှိခဲ့ကြသည်။[၃၅]

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ကြသော ဂျပန်တပ်များသည် လေးလကျော်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ ဂျပန်က ထိုကဲ့သို့လျှင်မြန်စွာ အောင်ပွဲများ ရရှိခြင်းသည် စစ်အင်အားကြီးမားခြင်းကြောင့်သာမဟုတ်ဘဲ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ ဗြိတိသျှတို့စိုးမိုးသည်ကို မခံလိုကြ၍ တကယ့်လွတ်လပ်ရေးကို ရရှိတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် ကူညီဆောင်ရွက်ကြခြင်းသာလျှင် ထိုကဲ့သို့ ဗြိတိသျှကို မြန်မာ့မြေမှ လျှင်မြန်စွာ ဆုတ်ခွာရခြင်းပင်ဖြစ်သည်။[၃၆]

ဂျပန်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအဖြစ် မီနာမီအဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင်များနှင့် ဒို့ဗမာအစည်းအရုံးဝင်သခင်များအား ဤသို့ ကတိကဝတ်ပြုခဲ့ကြသည်။

ဂျပန်သည် မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာအား လက်နက်ပစ္စည်းများ ထောက်ပံ့ကူညီမည်။ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာကြမည့် ဂျပန်လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှာ မြန်မာပြည်တောင်ပိုင်းမှ ရန်သူအကြွင်းအကျန်များကို မောင်းနှင်သုတ်သင်ရန်သာ ရည်ရွယ်သောကြောင့် မဟာတစ်တပ်မျှသာ ကန့်သတ်၍ ဝင်ရောက်ချီတက်စေမည်။ မြန်မာတစ်ပြည်လုံး၏ စစ်ရေးနှင့်အုပ်ချုပ်ရေးလုပ်ငန်းဟူသမျှကို မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် မီနာမီအဖွဲ့ကသာ တာဝန်ယူဆောင်ရွက်မည်။

ထိုကတိကဝတ်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ကူညီထောက်ပံ့မည်ဟူသော မီနာမီအဖွဲ့၏ရည်ရွယ်ချက်ပန်းတိုက်နှင့်ကိုက်ညီဆီလျော်သော်လည်း ဂျပန်အစိုးရ၏ဆုံးဖြတ်ချက်ကား မဟုတ်ခဲ့ချေ။ ဂျပန်တပ်မတော် စစ်ဦးစီးချုပ်၏ သဘောတူခွင့်ပြုချက်လည်း မဟုတ်ခဲ့ချေ။ မီနာမီအဖွဲ့ဥက္ကဋ္ဌ(ဗိုလ်မိုးကြိုး)က အထက်အာဏာပိုင်နှင့် လုံးဝမတိုင်ပင် မဆွေးနွေးဘဲ မိမိတာဝန်နှင့် မိမိသဘောအရ တစ်ဖက်သတ်ဆုံးဖြတ်၍ ပြောဆိုခြင်းမျှသာဖြစ်သည်။[၃၇]

ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး နောက်မကြာမီ မီနာမီအဖွဲ့ဥက္ကဋ္ဌသည် ဘီအိုင်အေတပ်ဖွဲ့ အုပ်ချုပ်ရေးဌာနမှူး သခင်ထွန်းအုပ်အား မြန်မာနိုင်ငံဗဟိုအစိုးရ အုပ်ချုပ်ရေးအရာရှိချုပ်အဖြစ် ခန့်အပ်ပြီး အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်စေသည်။ ဗဟိုအစိုးရတွင် ဌာန(၁၀)ခု ခွဲဝေဖွဲ့စည်းပြီး ဌာနမှူးများ ခွဲဝေခန့်အပ်သည်။ ဌာနမှူးအသီးသီးတို့သည် တချိန်တည်းတွင် အုပ်ချုပ်ရေးအရာရှိချုပ်နှင့် လက်အောက်ရှိ အုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည်။ ဒေသန္တရအုပ်ချုပ်ရေးကို စီရင်စုနယ်(ခရိုင်)မြို့နယ်၊ မြို့မ၊ ကျေးရွာဟူ၍အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ခွဲ၍ ဒီမိုကရေစီစနစ်အရ လုပ်ကိုင်ဆောင်ရွက်ကြသည်။[၃၈]

မြန်မာပြည်ကို ဝင်ရောက်ခါစ လပိုင်း ရက်ပိုင်းအတွင်း ဗဟိုအစိုးရနှင့်ဆက်စပ်မှုရှိသော ဘီအိုင်အေ ဒေသန္တရအုပ်ချုပ်ရေးကော်မတီနှင့် ငြိမ်းချမ်းရေးတည်တံ့မှုကော်မတီတို့ကသာ တာဝန်ယူဆောင်ရွက်ကြပြီး မီနာမီအဖွဲ့ခေါင်းဆောင်သော အုပ်ချုပ်ရေးယန္တရားကို ထို့ဗမာအစည်းအရုံးနှင့် ဘီအိုင်အေတပ်ဖွဲ့တို့က ဝိုင်းဝန်းကူညီကြသည်။ ဂျပန်စစ်ဘက်အုပ်ချုပ်ရေးကိုမူ အလျဉ်းဂရုမစိုက်ဘဲ ဒေသန္တရအင်အားကို ချုပ်ကိုင်ပြီး စိတ်တိုင်းကျလုပ်ငန်းဆောင်ရွက်နေသော မီနာမီ

အဖွဲ့၏အစွမ်းကို ဂျပန်တပ်မတော်စစ်ဦးစီးချုပ်ရုံးက အမှုမထားဘဲ မနေနိုင်တော့ပေ။ ဤကဲ့သို့ မီနာမီအဖွဲ့၏လုပ်ရည်ကိုင်ရည်များ ရှိနေစေကာမူ ဂျပန်တပ်မတော်စစ်ဦးစီးချုပ်ရုံးသည် မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးစနစ်အရ အုပ်စိုးသွားရန် ဆုံးဖြတ်ပြီးဖြစ်သည်။[၃၉] ဂျပန်တို့ မြန်မာနိုင်ငံတွင်းသို့ ဝင်လာသောတပ်မများမှာလည်း (၁၉၄၂)ပထမနှစ်ဝက်အထိ တပ်မ (၄)ခုမျှရှိခဲ့သည်။[၄၀]

မြန်မာနိုင်ငံအုပ်ချုပ်ရေး ဗဟိုဌာနချုပ်နှင့် မီနာမီအဖွဲ့က အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်နေစဉ် (၄)ဇွန် (၁၉၄၂)တွင် ဂျင်နရယ်အီဒါက မေမြို့၌ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းလိုက်သောအခါ သခင်ထွန်းအုပ်ခေါင်းဆောင်သော မြန်မာနိုင်ငံအုပ်ချုပ်ရေးဗဟိုဌာနချုပ်သည် ရပ်စဲသွားရသည်။[၄၁]

ဗိုလ်ချုပ်ကြီးအီဒါ ဖွဲ့စည်းပေးသော ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့တွင်

ဒေါက်တာဘမော်

ဦးဘဖေ

ဒေါက်တာသိန်းမောင်

သခင်မြ

ဗန္ဓုလဦးစိန်

သခင်ထွန်းအုပ်

သခင်နု

ဓားမဦးဘသိန်း

ဦးလှဖေ

သခင်ဗစိန် တို့ပါဝင်သည်။[၄၂]

ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့သည် မြန်မာပြည်အစိုးရအဖွဲ့ထူထောင်ရန် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အခြေခံဥပဒေရေးဆွဲရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ ယင်း(၄) ဇွန်(၁၉၄၂)အစည်းအဝေးတွင်ပင် ဂျင်နရယ် အီဒါက ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့သည် ဂျပန်စစ်အုပ်ချုပ်ရေး လက်အောက်တွင် ရှိမည်ဖြစ်ကြောင်း အတိအလင်းပြောကြားလိုက်သည်။ ထို့ပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ရပ်စဲရန်တားမြစ်သည်။ ထို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်းက (၅)ဇွန်(၁၉၄၂)တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တားမြစ်သည့်အမိန့် တစ်ရပ် ထုတ်ပြန်သည်။[၄၃]

မီနာမီအဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ အမှတ်(၁၅)တပ်မတော်စစ်ဦးစီးချုပ်ရုံးသည် အရည်အချင်းရှိသူကို ရွေးချယ်၍ အုပ်ချုပ်ရေးဆိုင်ရာ အမှုထမ်းများအဖြစ် ပြန်လည်ခန့်အပ်မည်ဟု ဆုံးဖြတ်ပြီး (၁၀)ဇွန် (၁၉၄၂)တွင် မီနာမီအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။ သို့သော်လက်တွေ့တွင်မူ မီနာမီအဖွဲ့ဝင်များကို မဆိုထားနှင့် အဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီး ဆူဇူကီးကိုပင် ဂျပန်နိုင်ငံသို့ တာဝန်သစ်ဖြင့် ပြန်ပို့ကာ ကျန်အဖွဲ့ဝင်များကို စစ်ဖက်ဆိုင်ရာ အုပ်ချုပ်ရေးတွင် လက်မခံဘဲ ဖယ်ရှားပစ်လိုက်သည်။[၄၄]

ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့၏ ဆက်ဆံရေးအခြေအနေမှာလည်း ဆိုးဝါးလာခဲ့သည်။ ထိုသို့ဆိုးဝါးလာရခြင်းမှာလည်း ဂျပန်တပ်မတော်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်တို့၏ အခြေခံသဘောထားခြင်း မတူညီခြင်းကြောင့်လည်းဖြစ်သည်။ ဂျပန်တပ်မတော်သည် ဖက်ဆစ်ဝါဒဖြင့် နယ်ချဲ့ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ မိမိနိုင်ငံကို ကျူးကျော်လာသည့် နယ်ချဲ့အား တော်လှန်ရန် ဖွဲ့စည်းထားခဲ့ခြင်းဆိုသည့်အချက်ကပင် အဓိက ကွာဟချက်ကြီးဖြစ်နေပေသည်။ ဤသို့အခြေခံရည်မှန်းချက်ခြင်း မတူသည့် တပ်မတော်နှစ်ခု အင်္ဂလိပ်ကို မြန်မာ့မြေမှ မောင်းထုတ်ရန်ဟူသော တူညီသည့်မျှော်မှန်းချက်တစ်ခုတည်းအတွက် ပူးပေါင်းဆောင်ရွက်ကြရသော်လည်း အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားမှုကြောင့် ယင်းတို့၏ ပဋိပက္ခမှာ တစ်နေ့တစ်ခြားကြီးထွားလာခဲ့ခြင်းဖြစ်သည်။[၄၅]

ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး၏ အင်အားမှာလည်း (၅)သောင်းခန့်အထိ တိုးတက်များပြားလာခဲ့သည်။ ဤသို့အင်အားကြီးမားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ပဋိပက္ခများကြီးထွားလာခြင်းသည် မိမိတို့အတွက်

ကောင်းသောလက္ခဏာတစ်ရပ် မဟုတ်သည်ကိုလည်း ဂျပန်တပ်မတော်အရာရှိများ ကောင်းစွာသဘောပေါက်ထားကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် တစ်ချိန်ချိန်တွင် မိမိတို့ဂျပန်တပ်မတော်ကို အန္တရာယ်ပေးလာမည်ကိုလည်း ဂျပန်စစ်ခေါင်းဆောင်ကြီးများ အကြီးအကျယ်စိုးရိမ်သောက ဖြစ်လာခဲ့သည်။[၈၆] ထို့ကြောင့် ဂျပန်တပ်မတော်ခေါင်းဆောင်များက မြန်မာတို့အား ဂျပန်အစိုးရသည် မကြာမီလွတ်လပ်ရေးပေးတော့မည်ဖြစ်၍ လွတ်လပ်ရေးတပ်မတော်အမည်ဖြင့် ဆက်လက်ထားရှိရန် မသင့်လျော်တော့ကြောင်း၊ တိုင်းပြည်နှင့်လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် ကာကွယ်ရေးတပ်မတော်သာထားရှိရန် လိုအပ်ကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် တပ်သားဦးရေအဆမတန်များပြီး စစ်စည်းကမ်းနည်းလမ်းများကို စနစ်တကျလိုက်နာသူ နည်းပါး၍ စည်းကမ်းရှိပြီး ခိုင်မာသောတပ်မတော်တစ်ရပ်ကို အမြန်ပြန်လည်ဖွဲ့စည်းရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်ပညာသင်ကြားလေ့ကျင့်မှု နည်းပါးသေး၍ စစ်ပညာသင်တန်းများကို စနစ်တကျ ဖွင့်လှစ်ပြီးသင်ကြားရန် လိုအပ်ကြောင်း၊ သို့သော် လူအင်အား အဆမတန်များ၍ လူမျိုးစုံပါဝင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများကို စစ်ပညာသင်ကြားပေးမည်ဆိုလျှင် မလွယ်ကူသောကြောင့်၊ စနစ်တကျပြန်လည်ဖွဲ့စည်းမည်ဖြစ်သော ကာကွယ်ရေးတပ်မတော်မှသာလျှင် စစ်ပညာများသင်ကြား လေ့ကျင့်ပေးရန် လွယ်ကူမည်ဖြစ်ကြောင်း စသဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားကို လျှော့ချရန် ပြောကြားလာသည်။[၈၇]

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများက ဖက်ဆစ်ဂျပန်များကို ပြန်လည်တော်လှန်နိုင်ရေးအတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်ရေးအတွေ့အကြုံနှင့် လေ့ကျင့်မှုများ လိုအပ်နေသေးခြင်း၊ ဂျပန်ဝန်ကြီးချုပ်တိုဂျိုက (၂၁-၁-၄၂)တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း မိန့်ကြားထားခြင်းတို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရန်ကိစ္စကို သဘောတူခဲ့ခြင်းဖြစ်သည်။[၈၉]

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်အစား ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရန် အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသော ဗမာ့လွတ်လပ်ရေးတပ်မတော်အား ပြန်လည်စုစည်းရေးအတွက် စတင်ဆောင်ရွက်သည်။ (၁၃-၆-၄၂)တွင် ဗန်းမော်သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းထံမှ ဗိုလ်ဇေယျသို့ ဘီအိုင်အေတပ်များ မန္တလေးပြန်ဆင်းရန်၊ အုပ်ချုပ်ရေးကိစ္စများ အလျှဉ်းရှောင်ကျဉ်ရန် တိုင်းသူပြည်သားများနှင့် ဆက်ဆံရေးပြေပြစ်ရန် အချက်များပါသောစာကို ရေးသားလိုက်သည်။[၉၀]

ဂျပန်အာဏာပိုင်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ချွတ်ယွင်းချက်များကို ပြင်ဆင်၍ စနစ်တကျပြန်လည်ဖွဲ့စည်းရမည်ဟူသော စစ်မိန့်ဖြင့် ဂျပန်ဘုရင့်တပ်မတော်ကြီး၏ အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ ဗမာနိုင်ငံရှိ ဂျပန်တပ်မတော် စစ်သေနာပတိကြီး ဂျင်နရယ်အီဒါ၏အမိန့်အောက်တွင် ဩဇာခံတပ်များအဖြစ်ထားရှိ၍ (၂၇-၇-၁၉၄၂)တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အမည်သို့ ပြောင်းလဲလိုက်သည်။[၉၁] ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကြီးအဆင့်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိဖြစ်လာသည်။[၉၂]

ထို့နောက်(၁)ဩဂုတ်(၁၉၄၂)နေ့တွင် ဂျင်နရယ်အီဒါကပင် စစ်အုပ်ချုပ်ရေး၏ကွတ်ကဲမှုအောက်တွင် မြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးပြန်သည်။ ယင်းအစိုးရအဖွဲ့သည် ဂျပန်တို့၏ အရှေ့အာရှစစ်ပွဲကြီးအောင်မြင်ရန်နှင့် အရှေ့အာရှတိုက်တွင် ခေတ်သစ်ထူထောင်ရန် ဂျပန်တို့၏အစီအစဉ်များ အောင်မြင်ရေးအတွက် ယင်းတို့အလိုကျဆောင်ရွက်ရသည်။ မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်။

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ် | ဒေါက်တာဘမော် |
| (၂) | ဘဏ္ဍာရေးဝန်ကြီး | ဒေါက်တာသိမ်းမောင် |
| (၃) | လယ်ယာစိုက်ပျိုးရေးဝန်ကြီး | သခင်သန်းထွန်း |
| (၄) | သစ်တောရေးဝန်ကြီး | သခင်ထွန်းအုပ် |
| (၅) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး | ဦးလှဖေ |
| (၆) | လမ်းခရီးဆက်သွယ်ရေးနှင့်ဆည်မြောင်းဝန်ကြီး | သခင်ဗစိန် |
| (၇) | ပညာရေးနှင့်ကျန်းမာရေးဝန်ကြီး | ဦးဘဝင်း |
| (၈) | တရားရေးဝန်ကြီး | ဦးထွန်းအောင် |
| (၉) | လမ်းပန်းအဆောက်အဦးဝန်ကြီး | ဗန္ဓုလဦးစိန် |
| (၁၀) | ဌာနလက်ကိုင်မရှိဝန်ကြီး | သခင်မြ[၉၃] |



မြန်မာနိုင်ငံ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဂျင်နရယ်အီဒါ၏ချုပ်ကိုင်မှုမှ လွတ်ကင်းစေခဲ့သည်ဟုဆိုသော်လည်း ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့နှင့်ပူးတွဲအုပ်ချုပ်ရသည်။ ဖော်ပြပါဌာနတိုင်းတွင် ဂျပန်အကြံပေးအရာရှိများ ထားရှိသည်။[၉၄] အချို့ဌာနများတွင် ဂျပန်အကြံပေးအရာရှိ(၅)ဦး၊ (၆)ဦးအထိ ထားရှိသည်။ မည်သည့်ကိစ္စမဆို ယင်းဂျပန်အကြံပေးအရာရှိများ၏ သဘောဆန္ဒကိုယူပြီးမှသာ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ဂျပန်အကြံပေးအရာရှိများ၏ အခွင့်အာဏာမှာ များစွာရှိရကား အစိုးရအဖွဲ့ဝင် မြန်မာခေါင်းဆောင်များနှင့် မြန်မာအရာရှိများမှာ ရုပ်သေးရုပ်များအဖြစ်သာ တည်ရှိကြသည်။ ဂျပန်အရာရှိများ သဘောမတူသည့် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခွင့်မရှိချေ။[၉၅] တနည်းအားဖြင့်ဆိုသော် ဂျပန်အကြံပေးအရာရှိများသည် အဆိုပါအုပ်ချုပ်ရေးဌာနများကို ဆက်လက်ကြိုးကိုင်ချယ်လှယ်ထားကြသည်။ ဘတ်ဂျက်၊ ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ စစ်မှုရေးရာကိစ္စများကို ဂျပန်တို့က ချုပ်ကိုင်ထားကြသည်။[၉၆] မည်သို့ပင်ဆိုစေ ဒေါက်တာဘမော်နှင့် မြန်မာနိုင်ငံရေးခေါင်းဆောင်များသည် အခြေအနေရုတ်တရက်ဆိုးမသွားရန် အတတ်နိုင်ဆုံးထိန်းသိမ်းရန် ဆောင်ရွက်သွားကြသည်။ ထိုသို့ဆောင်ရွက်ရင်း ဒေါက်တာဘမော်သည် မိမိနောက်တွင် နိုင်ငံရေးအစည်းအရုံးတစ်ခု ရှိသင့်သည်ဟု ယူဆသည်။ သခင်နုအစရှိသော မြန်မာခေါင်းဆောင်များကလည်း ဂျပန်က မိမိတို့အစိုးရအဖွဲ့ကို စော်ကားမော်ကားမလုပ်ရဲစေရန် မိမိတို့နောက်တွင် အစည်းအရုံးတစ်ခု ဖွဲ့စည်းထားသင့်သည်ဟု ပြောဆိုအကြံပေးသည်။ သို့သော် ထိုအချိန်က အစည်းအရုံးတစ်ခုဖွဲ့စည်းရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်ဟောင်းများဖြစ်သော တို့ဗမာအစည်းအရုံးမှ သခင်များသည်လည်းကောင်း၊ ဆင်းရဲသားဝံသာနုအဖွဲ့မှ ဓားမခေါင်းဆောင်များသည်လည်းကောင်း အချင်းချင်းမညီမညွတ်ဖြစ်နေကြသည်။[၉၇] နိုင်ငံရေးပါတီများစွာ ရှိနေပြီး ပါတီတစ်ခုက အာဏာရလျှင် အခြားသောပါတီများက မကြေနပ်မှုများရှိပြီး ဆန့်ကျင်မှုများပြုလုပ်ကြသည်။ ထို့ကြောင့် မေမြို့၌ ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုကော်မတီဖွဲ့စည်းစဉ် ဂျပန်စစ်သေနာပတိကြီး ဂျင်နရယ်အီဒါက မြန်မာပြည်တွင် နိုင်ငံရေးအစည်းအရုံးတစ်ခုတည်းသာ ရှိသင့်သည်။ပါတီအများအပြားရှိနေခြင်းအားဖြင့် နိုင်ငံ၏တိုးတက်မှုကို နှောက်နှေးစေသည် စသည်ဖြင့် ပြောကြားခဲ့သည်။[၉၈] ထို့ကြောင့် နိုင်ငံရေးပါတီများ စုစည်းပြီး တစ်ခုတည်းသောပါတီ ဖွဲ့စည်းရန် ဒေါက်တာဘမော်အား အဓိပတိမြှောက်၍ သခင်မြနှင့်သခင်နုတို့ဦးဆောင်ကာ၊ အာဏာရှင်၏အတိုင်ပင်ခံအဖြစ် သခင်မြ၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ သခင်သန်းထွန်း၊ ဗန္ဓုလဦးစိန်၊ ဦးဘဝင်း၊ ဦးသာဇံလှ၊ ဒေါ်ခင်မမမော်တို့ပါဝင်သော “တို့ဗမာဆင်းရဲသား အစည်းအရုံး”ကို ဩဂုတ်(၁၉၄၂)တွင် ဖွဲ့စည်းခဲ့သည်။ တို့ဗမာဆင်းရဲသား အစည်းအရုံး၏ ရည်ရွယ်ချက်မှာ

(၁)　ဗမာတစ်မျိုးသားလုံး တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်စေရန်

(၂)　ဗမာနိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ် အောင်မြင်စွာ ထူထောင်ရန်

(၃)　အရှေ့အာရှကြီးပွားတိုးတက်ရေးနယ်ပယ်အတွင်း ပါဝင်ဆောင်ရွက်ရန်တို့ဖြစ်သည်။

တစ်သွေး တစ်သံ တစ်မိန့်ဟု ကြွေးကြော်ခဲ့ငြားသော်လည်း ထိုအမိန့်များမှာ များသောအားဖြင့် ဂျပန်များ၏အမိန့်ကို ဒေါက်တာဘမော်ကတစ်ဆင့် ထုတ်ပေးရသောအမိန့်များသာဖြစ်သည်။[၉၉] မြန်မာအစိုးရသည် ဂျပန်များကို တိုင်းရင်းသားပြည်သူတို့က ယုံကြည်ရန် မည်မျှပင်တိုက်တွန်း ဟောပြောစေကာမူ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဂျပန်တို့အား တစ်နေ့ထက်တစ်နေ့ ရွံမုန်းလာကြသည်။ မြန်မာတို့အား လွတ်လပ်ရေးမပေးဘဲ ဂျပန်တို့ဘက်မှ စစ်ကူတိုက်ရန် မည်သို့မျှတိုက်တွန်း၍ ရနိုင်တော့မည်မဟုတ်သည်ကို ရိပ်စားမိခဲ့ကြသည်။[၁၀၀] ထို့ပြင် မေ၊ (၁၉၄၂)တွင် အမေရိကန်တပ်များက နယူးဂီနီ[၁၀၁]၊ မှ ဩစတြေးလျှသို့ ဦးတည်ချီတက်လာသော ဂျပန်တပ်များအား ကော်ရယ်ပင်လယ်[၁၀၂]၌လည်းကောင်း၊ ဟာဝိုင်ရီကျွန်းသို့ ဦးတည်ချီတက်လာသော ဂျပန်တပ်များအား မစ်(ဒ)ဝေးကျွန်း[၁၀၃]တိုက်ပွဲ၌လည်းကောင်း တိုက်ခိုက်ချေမှုန်းလိုက်ကြသည်။ တဖန်ဩဂုတ်လတွင် အမေရိကန်နှင့် ဩစတြေလီးယန်း ရေတပ်က ဆော်လမွန်ကျွန်း[၁၀၄]များသို့ ဝင်ရောက်တိုက်ခိုက် တပ်စွဲလိုက်ရာ ပစိဖိတ်စစ်မျက်နှာတွင် ဂျပန်တို့အရေးရှုံးနိမ့်သွားသည်။[၁၀၅]

မြန်မာနိုင်ငံ စစ်မျက်နှာ၌ (၁၇)ဒီဇင်ဘာ (၁၉၄၂)ခုတွင် အိန္ဒိယရှိ ဗြိတိသျှကွပ်ကဲရေးဌာနမှ ဗိုလ်ချုပ်လွိုက်ဦးစီးသော အိန္ဒိယအမှတ်(၁၄)တပ်မအား ရခိုင်သို့ တိုက်ခိုက်စေခဲ့သည်။ ဤသို့သော အခြေအနေတွင် တိုကျိုမြို့ရှိ ဂျပန်အာဏာပိုင်တို့က မြန်မာတို့၏ပူးပေါင်းဆောင်ရွက်မှု မရရှိဘဲ ဗြိတိသျှတို့၏တန်ပြန် တိုက်ခိုက်မှုကို တွန်းလှန်နိုင်မည်မဟုတ်ကြောင်း ဖေဖော်ဝါရီ (၁၉၄၃)အစောပိုင်းမှစ၍ တွက်ဆမိလာကြသည်။[၁၀၆] ထို့ပြင် ဗမာ့တပ်မတော်နှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးက ဂျပန်တို့၏ဖက်ဆစ်အပြုအမူများအပေါ်တွင် နာကျည်းမုန်းတီးနေသောကြောင့် လွတ်လပ်ရေးကို လိုလားတောင့်တလျှက်ရှိကြသော မြန်မာတို့အား လွတ်လပ်ရေးပေး၍ ပြန်လည်ဆွဲဆောင်သိမ်းသွင်းရန် စီစဉ်ဆောင်ရွက်လာလေသည်။[၁၀၇]

ဂျပန်အစိုးရအဖွဲ့နှင့် ဂျပန်ဘုရင့်စစ်ဌာနချုပ် အစည်းအဝေးမှ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ကြသည်။ ယင်းသို့ဆုံးဖြတ်ရာတွင်

- မြန်မာနိုင်ငံသည် မဟာအရှေ့အာရှတိုက်အတူ ချမ်းသာကြွယ်ဝရေးနှင့် ထွန်းကားတိုးတက်ရေး နယ်မြေတစ်ဝှမ်း၏ အနောက်ဖက်ရှိ ခံတပ်ကြီးတစ်ခုဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံ၏ဩဇာအောက်တွင် ဆက်လက်ထားရှိစေမည်။
- ယခုအချိန်၌ ရန်သူတို့ပြန်လည်တိုက်ခိုက်လာဖွယ်အကြောင်းရှိသဖြင့် မြန်မာတို့စိတ်တွင် ဂျပန်ကိုမလိုလားသောဆန္ဒများပေါ်ပေါက်လာပါက ရန်သူအား အကျိုးဖြစ်ထွန်းစေမည်သာဖြစ်သည်။
- မြန်မာတို့သည် အင်္ဂလိပ်ကို ဆန့်ကျင်ပြီးနောက် လွတ်လပ်ရေးကို လိုလားတောင့်တလျှက်ရှိရာ မြန်မာနိုင်ငံအားလွတ်လပ်ရေးအမြန်ဆုံးပေးပါက ဂျပန်တို့အား ချစ်ခင်အားကိုးပြီး ပိုမိုအကူအညီပေးကြမည်ဖြစ်သည်။ ဤသို့အကူအညီရရှိခြင်းဖြင့် မြန်မာနိုင်ငံကို ထိန်းသိမ်းထားနိုင်မည်။
- မြန်မာတို့ကဲ့သို့ အင်္ဂလိပ်ကို ရွံရှာမုန်းတီးနေကြသော အိန္ဒိယပြည်သူလူထု၏ လွတ်လပ်ရေးလှုပ်ရှားမှုကိုလည်းနှိုးဆွပေးရာရောက်မည်။
- မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခြင်းဖြင့် ရန်သူများတိုက်ခိုက်မလာမီ မြန်မာနိုင်ငံကို ခိုင်ခံ့မြဲမြံစွာ ထိန်းသိမ်းချုပ်ကိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ရမည်။
- လွတ်လပ်ရေးပေးမည့်နေ့ရက်ကို (၁)ဩဂုတ် (၁၉၄၃)နေ့နောက်ဆုံးထား၍ စီစဉ်ဆောင်ရွက်ရမည်စသည့်အချက်များ ပါဝင်သည်။[၁၀၈]

(၂၁) ဇန်နဝါရီ (၁၉၄၃)တွင် ပြုလုပ်သော ဂျပန်ဒိုင်းယက်လွှတ်တော်အစည်းအဝေး၌ ဝန်ကြီးချုပ် တိုဂျိုကမြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် ကြံရွယ်ထားကြောင်း၊ ပထမဆုံးအကြိမ်ထည့်သွင်းပြောကြားခဲ့သည်။[၁၀၉] (၂၈) ဇန်နဝါရီတွင် ပြုလုပ်သော ဒိုင်းယက်လွှတ်တော်အစည်းအဝေး၌လည်း ဝန်ကြီးချုပ်တိုဂျိုကပင် မြန်မာနိုင်ငံအား စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေရာမှ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ထပ်မံပြောကြားပြန်သည်။[၁၁၀]

ဂျပန်အစိုးရအဖွဲ့နှင့် ဂျပန်ဘုရင့်စစ်ဌာနချုပ်၏ (၁၀)မတ် (၁၉၄၃)တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှဗမာပြည်လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုဝါဒကို ဆက်လက်ချမှတ်ခဲ့ကြသည်။ ယင်းလမ်းညွှန်မှုဝါဒမှာ ဂျပန်အစိုးရ၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံအား မဟာအရှေ့အာရှတိုက်[၁၁၁] အတူကြွယ်ဝချမ်းသာရေးနှင့် ထွန်းကားတိုးတက်ရေးနယ်ပယ်အတွင်း နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်၍ မဟာအရှေ့အာရှ စစ်ပွဲကြီးအောင်မြင်ရေးတွင် မြန်မာနိုင်ငံကအစွမ်းကုန်ကူညီဆောင်ရွက်ရန် ဂျပန်အစိုးရသည် မတ်(၁၉၄၃)တွင် မြန်မာနိုင်ငံမှ ခေါင်းဆောင်များအား ဂျပန်နိုင်ငံသို့ဖိတ်ကြားပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ၏သဘောထားကို ညှိနှိုင်းဆွေးနွေးရန် မြန်မာနိုင်ငံရှိဂျပန်စစ်သေနာပတိချုပ်သည် မြန်မာခေါင်းဆောင်များပါဝင်သော လွတ်လပ်ရေးစီစဉ်မှုအဖွဲ့[၁၁၂] ဖွဲ့စည်းရေး ယင်းအဖွဲ့တွင်ဒေါက်တာဘမော်အား ခေါင်းဆောင်(ဥက္ကဋ္ဌ)အဖြစ်တင်မြှောက်၍ လွတ်လပ်သောမြန်မာနိုင်ငံ တည်ထောင်ဖွဲ့စည်းရေးနှင့်လွတ်လပ်ရေးမကြေငြာမီကာလအတွင်း ပြဖွယ်ကိစ္စများကို ဆွေးနွေးဆောင်ရွက်ရန်၊ လွတ်လပ်ရေးစီစဉ်မှုများ ဆောင်ရွက်စဉ်အတွင်း ဒေါက်တာဘမော်အား မြန်မာနိုင်ငံသစ်၏အကြီးအကဲအဖြစ် တင်မြှောက်ရေးကို ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံလွတ်လပ်ရေး ပြင်ဆင်မှုလုပ်ငန်းများကို ဇွန်၊ (၁၉၄၃)တွင် ပြီးစီးအောင် လုပ်ဆောင်၍ (၁)ဩဂုတ်(၁၉၄၃)တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေငြာပေးရန် လွတ်လပ်ရေးကြေငြာပြီးသည်နှင့် တစ်ပြိုင်နက် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့အား စစ်ကြေငြာရန် စသောအချက်များ ပါဝင်သည်။[၁၁၃]

ထိုအစည်းအဝေးမှပင် ဂျပန်-မြန်မာဆက်ဆံရေးအခြေခံ ပုံသဏ္ဍာန်နှင့် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ဂျပန်အာဏာပိုင်တို့၏ သဘောထားကို သီးခြားထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအား အာဏာရှင်အစိုးရပုံစံဖြင့် ဖွဲ့စည်းစေမည်ဖြစ်ပြီး အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကို နိုင်ငံတော်အဓိပတိ၏ လက်အောက်တွင် ထားရှိစေရမည်ဖြစ်ကြောင်း အရေးကြီးသော နိုင်ငံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခွင့်ရှိသော အတိုင်ပင်ခံလွှတ်တော်ကို ဖွဲ့စည်းနိုင်ကြောင်း၊ လုပ်ရည်ကိုင်ရည်ထက်မြက်ကောင်းမွန်သော ဂျပန်အရာရှိအနည်းငယ်ကို မြန်မာအစိုးရထံလွှတ်၍ အကြံပေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်စေရမည်ဖြစ်ကြောင်း စသည့်အချက်များ ဖော်ပြထားသည်။[၁၁၄]

နိုင်ငံခြားဆက်ဆံရေးတွင် မြန်မာနိုင်ငံအစိုးရသည် ဂျပန်နိုင်ငံနှင့်ပူးပေါင်းလုပ်ဆောင် ညှိနှိုင်းဆွေးနွေးရမည်ဖြစ်သည်။ ဘဏ္ဍာရေးနှင့် စီးပွားရေးရာကိစ္စရပ်များတွင် မဟာအရှေ့အာရှတိုက် တည်ထောင်ရေးအတွက် လိုအပ်ပါက

မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စစ်မှုရေးရာများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရသည် ဂျပန်နိုင်ငံအား အစွမ်းကုန်ကူညီရမည်။ ဂျပန်တပ်ဖွဲ့များလိုအပ်သော အကူအညီမှန်သမျှဖြည့်စွမ်းပေးရမည်။ လိုအပ်လျှင် ဂျပန်တပ်ဖွဲ့များအတွက် လိုအပ်သောအဆောက်အဦးများကို တည်ဆောက်ပေးရမည်။ မြန်မာအစိုးရသည် ကာကွယ်ရေးအတွက် လိုအပ်သော ကြည်း၊ ရေ၊ လေလက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းပေးရမည်၊ သို့သော် အင်အားနှင့်တပ်ဖွဲ့စည်းပုံကို ဂျပန်တို့က ဦးစီးဆောင်ရွက်ရမည်။ ဗမာတပ်ဖွဲ့များသည် စစ်ကာလအတွင်း စစ်ဆင်နွှဲရာတွင် ဂျပန်စစ်သေနာပတိ၏အမိန့်ကို ခံယူရမည်ဟူသောအချက်များလည်းပါဝင်သည်။[၁၁၅]

ဂျပန်နိုင်ငံအစိုးရက မြန်မာခေါင်းဆောင်ကြီးများအား မတ်(၁၉၄၃)တွင် ဂျပန်နိုင်ငံသို့ ဖိတ်ကြားခဲ့ရာ ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်၊ သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၁)မတ်(၁၉၄၃)တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ (၁၈)မတ်(၁၉၄၃)တွင် တိုကျိုမြို့သို့ရောက်ရှိပြီး ဝန်ကြီးချုပ်တိုဂျိုနှင့် လွတ်လပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းဆွေးနွေးပွဲတွင် လွတ်လပ်ရေးသဘောတူညီချက်များ ရရှိပြီးသည့်နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်အစိုးရက ပေးအပ်သော စာချွန်တော်ကိုယူဆောင်၍ တိုကျိုမှပြန်လည်ထွက်ခွာလာရာ (၁၄)ဧပြီ (၁၉၄၃)တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။[၁၁၆]

ဂျပန်အာဏာပိုင်တို့သည် (၈)မေ (၁၉၄၃)တွင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်လုပ်ကိုင်ရန် ဥက္ကဋ္ဌ ဒေါက်တာဘမော် ပါဝင်သော လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ဝင်များအဖြစ်

| | |
|---|---|
| သခင်မြ | ဦးလှဖေ |
| ဗိုလ်ချုပ်အောင်ဆန်း | ဗန္ဓုလဦးစိန် |
| ဦးထွန်းအောင် | သခင်ကိုယ်တော်မှိုင်း |
| ဒေါက်တာသိမ်းမောင် | သခင်သန်းထွန်း |
| သခင်နု | သခင်ထွန်းအုပ် |
| သခင်ဗစိန် | ဦးဆက် |
| ဆာမြဘူး | ဟသ်ာတဦးမြ |
| ဦးချစ်လှိုင် | ဦးခင်မောင်ဒွေး |
| ဦးသိန်းမောင် | ဦးအေးမောင် |
| ဦးသွင် | ဦးကျော်ငြိမ်း |
| ဒေါက်တာစံစီဖိုး | ဦးကျော် |
| ဦးအေး | ဦးဘဝင်း |
| ဦးထွန်းဝေ | တို့ပါဝင်သည်။[၁၁၇] |

ယင်းအဖွဲ့နှင့်ညှိနှိုင်း၍ ဂျပန်တို့သည် (၁)ဩဂုတ်(၁၉၄၃)တွင် မြန်မာနိုင်ငံ(ရှမ်းပြည်နယ်နှင့် ကရင်နီနယ်မှအပ) လွတ်လပ်ရေးကို ကြေငြာသည်။ ထိုနေ့တွင်ပင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်သေနာပတိ မာဆာကာဆူကာဝါဘီ[၁၁၈]က စစ်အုပ်ချုပ်ရေး ရုပ်သိမ်းကြောင်းကြေငြာသည်။ (၁)ဩဂုတ်(၁၉၄၂)နေ့က ခန့်အပ်ခဲ့သော ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့ကို ဖျက်သိမ်းကြောင်း ကြေငြာလိုက်သည်။ ထိုနောက် မြန်မာနိုင်ငံအစိုးရနှင့် အတိုင်ပင်ခံလွှတ်တော်ကို ဖွဲ့စည်းပေးသည်။

ဂျပန်တို့ဖွဲ့စည်းပေးသော အစိုးရအဖွဲ့ဝင်များမှာ-

| | | |
|---|---|---|
| ဒေါက်တာဘမော် | - | နိုင်ငံတော်အဓိပတိ |
| သခင်မြ | - | ဒုတိယဝန်ကြီးချုပ် |
| ဒေါက်တာသိန်းမောင် | - | ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး |
| ဦးဘဝင်း | - | ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး |
| ဦးထွန်းအောင် | - | ပူးပေါင်းဆောင်ရွက်ရေးဌာန ဝန်ကြီး |
| ဗန္ဓုလဦးစိန် | - | ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေးဌာ ဝန်ကြီး |
| ဦးလှဖေ | - | သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး |
| သခင်သန်းထွန်း | - | မြေနှင့်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး |
| ဦးသိန်းမောင် | - | တရားရေးဌာန ဝန်ကြီး |

| | | |
|---|---|---|
| ဦးမြ(ပျော်ဘွယ်) | - | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး |
| ဦးလှမင်း | - | ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး |
| ဦးအေး | - | အခွန်တော်ဌာနဝန်ကြီး |
| သခင်လေးမောင် | - | လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး |
| သခင်နု | - | နိုင်ငံခြားရေးဌာန ဝန်ကြီး |
| ဗိုလ်ချုပ်အောင်ဆန်း | - | ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (စစ်ဝန်ကြီး) |
| သခင်လွန်းဘော် | - | အဆောက်အဦးနှင့် ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး တို့ဖြစ်သည်။[၁၁၉] |

အတိုင်ပင်ခံလွှတ်တော်အမတ်များမှာ

| | |
|---|---|
| သခင်ကိုယ်တော်မှိုင်း | ဦးကြီးမြင့် |
| ဒေါက်တာစံစီဖိုး | ဦးဘိုးစံ |
| ဦးသွင် | ဦးဘလှိုင် |
| ဦးချစ်လှိုင် | ဦးခင်မောင်ပု |
| ဦးထွန်းဖေ | ဒီးဒုတ်ဦးဘချို |
| ဦးဆက် | မြန်မာ့အလင်း ဦးတင် |
| ဟသ်ာတဦးမြ | ဦးစိန်ဝင်း |
| ဦးကျော် | ဦးဘသီ |
| ဦးအေးမောင် | သခင်သာဒင် |
| ဦးမောင်မောင်ဖျား | ဦးမှီ တို့ဖြစ်သည်[၁၂၀]။ |

မြန်မာနိုင်ငံလွတ်လပ်ရေး ကြေငြာသည့်နေ့တွင်ပင် အဓိပတိဒေါက်တာဘမော်သည် ဗြိတိသျှနှင့်အမေရိကန်တို့အား စစ်ကြေငြာသည်။ ထို့နောက် ဂျပန်-ဗမာ မဟာမိတ်စာချုပ်ကိုလည်း ချုပ်ဆိုသည်။ ယင်းစာချုပ်တွင် မဟာအရှေ့အာရှ စစ်ပွဲကြီးအောင်မြင်စွာ တိုက်ခိုက်နိုင်ရန် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအားဖြင့် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။[၁၂၁] စင်စစ်အားဖြင့် ထိုစာချုပ်များမှာ ဂျပန်တို့တိုက်ခိုက်နေသော စစ်ကြီးအောင်မြင်ရေးအတွက် မြန်မာတို့၏ပစ္စည်း၊ မြန်မာတို့၏လုပ်အားနှင့် မြန်မာတို့၏အသက်များကို စတေး၍ အသုံးချရန် ချုပ်ဆိုသောစာချုပ်မျှသာဖြစ်သည်။[၁၂၂]

ဖော်ပြပါ ဂျပန်-ဗမာ မဟာမိတ်စာချုပ်အပြင် ဂျပန်-ဗမာလျှို့ဝှက်စစ်စာချုပ်တစ်ခုကိုလည်း ချုပ်ဆိုခဲ့ပေသေးသည်။ ယင်းစာချုပ်တွင် မဟာအရှေ့အာရှ စစ်ပွဲကြီးဆင်နွှဲနေစဉ်အတွင်း ဂျပန်တပ်ဖွဲ့များလိုအပ်သော ပစ္စည်းအင်အား၊ လူအင်အားဖြင့် ကူညီရေး၊ ဗမာ့တပ်မတော်တပ်ဖွဲ့များအား ဂျပန်စစ်သေနာပတိချုပ်၏ ကွပ်ကဲမှုအောက်တွင် ထားရှိရေး၊ ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်တို့၏ ပြုမူဆောင်ရွက်မှုများတွင် မြန်မာအစိုးရအဖွဲ့က ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ပူးပေါင်းဆောင်ရွက်ရေး စသည့်အချက်များ ပါဝင်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ ဖြစ်စေကာမူ ဂျပန်စစ်ပုလိပ်များက မျိုးချစ်လူငယ်မြောက်များစွာတို့အား ဖမ်းဆီးချုပ်နှောင်ညှဉ်းပမ်းသတ်ဖြတ်ရာတွင် မြန်မာနိုင်ငံအစိုးရအဖွဲ့က မည်သို့မျှဆောင်ရွက်နိုင်စွမ်း မရှိခဲ့ပေ။[၁၂၃]

ဗဟိုစစ်အဖွဲ့ချုပ်ကြီး၏ အစည်းအဝေးတစ်ရပ်ကို (၁၅)စက်တင်ဘာ(၁၉၄၃) တွင် စစ်ဝန်ကြီးရုံး၌ ကျင်းပပြုလုပ်ရာ ယင်းအစည်းအဝေးမှ ဗမာ့ကာကွယ်ရေးတပ်မတော်အမည်ကို ဗမာ့တပ်မတော်[၁၂၄] အမည်သို့ပြောင်းလဲခေါ်ဝေါ်ရန် ဆုံးဖြတ်ခဲ့သည်။[၁၂၅]

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို ကြေငြာပေးခဲ့သော်လည်း ရှမ်းနယ်နှင့် ကရင်နီနယ်[၂၆]၊ ဝနယ်တို့ကို ချန်လှပ်ထားခဲ့သည်။[၂၇] ဂျပန်တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားပြီး စစ်အုပ်ချုပ်ရေးဖြင့် အပြောင်းအလဲမရှိ ဆက်လက်အုပ်ချုပ်သည်။[၁၂၈] ကျိုင်းတုံနှင့် မိုင်းပန်နယ်(၂)နယ်ကိုမူ (၁၉၄၂)နှစ်ဦးပိုင်းမှစ၍ ဂျပန်က ယိုးဒယားသို့ မြန်မာနိုင်ငံဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ကို တစ်စုံတစ်ရာ အသိပေးခြင်း မရှိဘဲ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ထားခဲ့ပြီး ဖြစ်သည်။ သို့သော် (၂၂)စက်တင်ဘာ(၁၉၄၃)တွင် ဂျပန်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်အကြံပေးအဖွဲ့ဝင်များ အစည်းအဝေးမှ မဟာအရှေ့အာရှ စစ်ပွဲကြီးအောင်မြင်ရေးအတွက် မြန်မာတို့၏ ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိရန် ကျိုင်းတုံနှင့် မိုင်းပန်နယ်

မှ တစ်ပါး ရှမ်းနယ်၊ ကရင်နီနယ်၊ ဝနယ်တို့ကို မြန်မာတို့အား ပြန်လည်ပေးအပ်ရန် သဘောတူခဲ့သည်။[၁၂၉] သို့ဖြင့် (၂၅) စက်တင်ဘာ (၁၉၄၃)တွင် ဒေါက်တာဘမော်နှင့် ဂျပန်သံအမတ်ကြီး ဆာဝါဒါတို့ သဘောတူလက်မှတ်ရေးထိုးကာ ရှမ်းနယ်၊ ကရင်နီနယ်၊ ဝနယ်တို့ကို မြန်မာတို့အား ပြန်လည်ပေးအပ်ခဲ့သည်။[၁၃၀] သို့သော် ကျိုင်းတုံနှင့် မိုင်းပန်နယ် ()၂)နယ်ကိုမူ လက်လွှတ်ခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသည်ဆိုသော်လည်း လုံးလုံးလျားလျား အချုပ်အချာအာဏာကို ပေးအပ်ခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသောနေ့တွင် ထုတ်ပြန်သော အစိုးရအမိန့်ပြန်တမ်းတွင် မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖော်ပြခဲ့သည်။[၁၃၁] ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒေါက်တာဘမော်ဦးဆောင်သည့် အစိုးရကို အာဏာအပ်နှင်းခဲ့သည်ဆိုသော်လည်း လက်တွေ့တွင် အာဏာဆိုသည်မှာ ဂျပန်စစ်ဘက်ဆိုင်ရာအကြီးအကဲ၏ လက်အောက်တွင်သာရှိခဲ့ပေသည်။ ဂျပန်စစ်ဘက်အရာရှိများသည် နိုင်ငံ၏အရှင်သခင်များဖြစ်ကြသည်။ နိုင်ငံကို တကယ်တမ်းအုပ်ချုပ်သူများမှာ ဂျပန်များသာဖြစ်ပြီး မြန်မာအစိုးရအဖွဲ့ဟူသည် အမည်ခံသက်သက်မျှသာဖြစ်သည်။ ဂျပန်စစ်ပုလိပ် ကင်ပေတိုင်များသည် မယုံသင်္ကာရှိသည်ဆိုကာ လူထုကို ဖမ်းဆီး၍ နည်းမျိုးစုံဖြင့် ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။ လက်သဲခွံခွာခြင်း၊ အသားများလှီးဖြတ်၍ ဆားဖြင့်ပက်ခြင်း၊ ခြေဖြင့်ကန်ခြင်း၊ တစ်နေကုန်နေပူလှန်းခြင်းများ ပြုလုပ်သည်။ တရားရုံးများရှိသော်လည်း စီရင်ခွင့်မရပါ။ ဂျပန်စစ်ပုလိပ်များ စီရင်ဆုံးဖြတ်သည့်အတိုင်း ကာလကြာရှည်စွာ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသည်များလည်း ရှိသည်။ တစ်ခါတစ်ရံ ဂျပန်တို့ မေးမြန်းညှဉ်းပမ်းရင်း သေဆုံးခဲ့သည်များလည်း ရှိသည်။[၁၃၂]

ဂျပန်စစ်ခေါင်းဆောင်တို့၏ ဆိုးဝါးသောအုပ်ချုပ်မှုများ တစ်စထက်တစ်စရှည်ကြာလာသောအခါ မြန်မာနိုင်ငံအတွင်းရှိ လူထု၏စီးပွားရေးအခြေအနေမှာလည်း များစွာဆိုးဝါးနိမ့်ကျခဲ့သည်။ ဂျပန်တို့သည် မြန်မာအစိုးရအမှုထမ်းများအား ပေးရန်လခငွေအတွက် အကန့်အသတ်မရှိ ကျောထောက်နောက်ခံအင်အားမရှိဘဲ ရိုက်နှိပ်ထားသောငွေစက္ကူများကို ထုတ်ဝေပေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ဆန်စပါး တွင်းထွက်ပစ္စည်းများကိုလည်း ဂျပန်ကုန်သည်တို့သည် ယင်းဂျပန်ငွေစက္ကူများဖြင့် ဝယ်ယူကြသည်။ မြန်မာတို့၏ စီးပွားရေးမှာ တန်ဖိုးလုံးဝမရှိသော ဂျပန်ငွေစက္ကူများဖြင့် ဖျက်ဆီးခြင်းခံရသည်။ ထိုသို့ ဂျပန်ငွေစက္ကူဖောင်းပွမှုများ ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံရှိ ကုန်စည်ဈေးနှုန်းများမှာလည်း များစွာမြင့်မားခဲ့သည်ကို အောက်ပါဇယားအရ သိနိုင်သည်။[၁၃၃]

| ကုန်ပစ္စည်း | ပိသာတစ်ရာဈေး ၁၉၄၁ | ပိသာတစ်ရာဈေး ၁၉၄၃ |
|---|---|---|
| ပဲ | ၃၀ | ၃၀၀ |
| ကြက်သွန် | ၁၈ | ၄၀၀ |
| ငရုပ် | ၄၅ | ၂၆၀ |
| အာလူး | ၂၅ | ၂၅၀ |
| ဆီ | ၇၅ | ၁၀၀၀[၁၃၄] |

ဂျပန်ခေတ် တောင်သူလယ်သမားများသည် များစွာဆင်းရဲကြပ်တည်းကြသည်။ ဂျပန်စစ်တပ်များ တောင်းသမျှ ဆန်ရေစပါးအထွေထွေကိုလည်း ဆက်သရသည်။ ကျေးလက်နေလူထုမှ ဂျပန်စစ်တပ်၏ ဖမ်းဆီးနှိပ်စက်ခြင်း ချွေးတပ်ဆွဲခြင်းကိုလည်း ခံကြရသည်။ ထို့ကြောင့် ကျေးလက်မှ လယ်သမားများမှာ ထွက်ပြေးတိမ်းရှောင်ရလေသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားများ တဖြည်းဖြည်းရှားပါးလာသည်။ မြန်မာနိုင်ငံရှိ စပါးစိုက်မြေဧက၏ လေးပုံသုံးပုံခန့်မှာ လယ်သမားများစွန့်ပစ်ခြင်း ခံရသည်။ တောနေလူထုနည်းတူ မြို့ပြနေလူထု၏ အခြေအနေမှာလည်း ဆိုးဝါးလျှက်ရှိသည်ကို တွေ့ရသည်။ မြို့နေလူထု၏စီးပွားရေးအခြေအနေကို အောက်ပါဇယားအရ သိနိုင်သည်။

| ရာထူး | လစာ |
|---|---|
| အတွင်းဝန် | ၈၀၀ |
| ခရိုင်ဝန် | ၈၀၀ |

ညွှန်ကြားရေးဝန်　　　၄၀၀ မှ ၆၀၀

အထက်ပါဇယားနှင့် တစ်ဖက်တွင် ဖော်ပြခဲ့သော ကုန်စျေးနှုန်းဇယားကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ထိုစဉ်က လူထု၏စီးပွားရေးအခြေအနေမှာ ပြောမပြနိုင်လောက်အောင် ဆိုးဝါးကြောင်း သိသာနိုင်သည်။ နိုင်ငံခြား ဝင်ကုန် ထွက်ကုန်နှင့် စပ်လျဉ်း၍ ဂျပန်ကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားကြသည်။ ဂျပန်ခေတ်က မြန်မာနိုင်ငံတွင်းသို့ ဂျပန်ကုန်ပစ္စည်းများ ရောက်ရှိလာသည်ဟု မကြားရဘဲ၊ မြန်မာနိုင်ငံမှ ဆန်စပါး၊ ကျွန်းသစ်၊ မြေပဲ၊ ပြောင်း၊ ဝါဂွမ်း၊ သံတိုသံစ၊ မော်တော်ကားအကောင်းများနှင့် အပျက်များ၊ ပရိဘောဂများ၊ ရေခဲသေတ္တာ၊ ရေဒီယိုအစရှိသော ပစ္စည်းများ ရနိုင်သမျှ သယ်ယူသွားကြသည်။အချို့ကို အခကြေးငွေပေး၍ ယူပြီးအချို့ကို အခကြေးငွေမပေးဘဲ ယူဆောင်သွားကြသည်။[၁၃၆]

မြန်မာနိုင်ငံတွင် ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး အခြေအနေများ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာခဲ့သည်။ ဂျပန်တပ်မတော်ကြီး ချီတက်လာသောအခါတွင် ဂျပန်နိုင်ငံမှ ဆေးဝါးပစ္စည်းများ ပါလာမည်ဟု မြန်မာပြည်သူလူထုက အားကိုးတကြီး မျှော်လင့်ခဲ့သော်လည်း ဂျပန်တပ်ကြီး ရောက်လာသောအခါတွင်ကား မြန်မာတို့၏ မျှော်လင့်ချက်များ လုံးဝပျောက်ကွယ်ခဲ့ရသည်။ နိုင်ငံခြားမှ ဆေးဝါးများ ရောက်မလာသဖြင့် မြန်မာနိုင်ငံတွင်းရှိ ဆေးရုံများ ပိတ်လိုက်ရသည်။ ဆေးရုံများတွင် ကျန်ရှိနေသော ဆေးဝါးအကြွင်းအကျန်များကိုပင် ဂျပန်စစ်တပ်များက သိမ်းယူသွားခဲ့သည်။[၁၃၇]

ဆေးဝါးရှားပါးပြတ်လပ်မှုကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ကျောက်ရောဂါ၊ ဝမ်းရောဂါအပါအဝင် ကူးစက်တတ်သောရောဂါများ အကြီးအကျယ်ဖြစ်ပွားလာသည်။ ရောဂါဖြစ်ပွားလာပါက ကုသရန် ဆေးလည်းမရှိ။ ထို့ပြင်ရောဂါမဖြစ်ပွားသေးသောဒေသများတွင်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း မပြုနိုင်ခဲ့ပေ။ ဆေးဝါးအနည်းငယ်စုဆောင်းရှာဖွေ၍ တည်ထောင်ထားသော ဆေးရုံများမှာလည်း ဆရာဝန်နှင့် သူနာပြုဆရာ/ဆရာမများရှားပါးမှုကြောင့် တဖြည်းဖြည်းပိတ်ခဲ့ရသည်။ ထို့ကြောင့် မြန်မာသမားတော်များကလည်း မိမိမိတို့တတ်ကျွမ်းတိုင်းရင်းဆေးပညာဖြင့် ရောဂါများကုသခြင်းဖြင့်ကူညီကြသည်။ သို့သော် အနည်းငယ်မျှသော တိုင်းရင်း ဆေးဆရာများသည် စစ်ပြေးရင်း ရောဂါမျိုးစုံကြုံတွေ့နေရသော မြန်မာလူထု၏ ဒုက္ခကို ထိရောက်စွာ မကူညီနိုင်။[၁၃၈]

ပညာရေးဘက်တွင်လည်း မြန်မာနိုင်ငံသည် များစွာနိမ့်ကျခဲ့သည်။ ဂျပန်တို့သည် အင်္ဂလိပ်ဘာသာသင်ခန်းစာများ သင်ကြားခြင်းကို ရပ်ဆဲရန်အမိန့်ထုတ်ခဲ့သည်။ သမိုင်းဘာသာတွင် အင်္ဂလိပ်များနှင့် ပတ်သက်သည့်အချက်အလက်များကို ဖယ်ရှားပြီး ထိုနေရာတွင် ဂျပန်နိုင်ငံသမိုင်းနှင့် ဂျပန်အမျိုးသားများကို အမွှန်းတင်ထားသည့်အချက်များ ပြုပြင်ထည့်သွင်းသင်ကြားရသည်။ ဂျပန်ခေတ်တွင် ဖွင့်လှစ်သင်ကြားနိုင်သော ကျောင်းများလွန်စွာနည်းပါးသည်။ မူလက ဖွင့်လှစ်ထားသောကျောင်းများမှာ စစ်ဒဏ်ကြောင့် ကျောင်းသားမရှိခြင်း ဆရာရှားပါးခြင်းကြောင့် ပိတ်ထားရသည်။[၁၃၉]

ဂျပန်တို့ ဘာသာရေးနှင့် ပတ်သက်၍လည်း ကျူးလွန်စော်ကားမှုများ ပြုလုပ်လာခဲ့သည်။ ဂျပန်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များ၊ စေတီပုထိုးများကို ကြည်ညိုဘို့ဝေးစွ မထေမဲ့မြင်ပြုကြလေသည်။ ဂျပန်တို့သည် ဗုဒ္ဓဘာသာဘုရား၊ ကျောင်းဝင်းအတွင်းသို့ ဖိနပ်စီး၍ ဝင်ခြင်း၊ ဘုရားပုထိုးများအနီးတွင် အညစ်အကြေးများ စွန့်ပစ်ခြင်းတို့ ပြုလုပ်ကြသည်။ ဘုန်းကြီးကျောင်းများအတွင်းသို့ဝင်၍ သံဃာတော်များပိုင်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူငင်ခြင်း၊ ရဟန်းသံဃာတော်များအား အင်္ဂလိပ်သူလျှိုများဟု စွတ်စွဲ၍ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းအထိ ပြုလုပ်လာခဲ့သည်။[၁၄၀]

ဂျပန်တို့သည် ယိုးဒယား-မြန်မာမီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာလူထုကြီးအား အဓမ္မဆွဲခေါ်ခဲ့သည်။ ယိုးဒယား-မြန်မာမီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းကို နိုဝင်ဘာ (၁၉၄၂)မှ စတင်လုပ်ကိုင်ခဲ့သည်။ ထိုလုပ်ငန်းအတွက် လိုအပ်သော အလုပ်သမားများကို ပတ်ဝန်းကျင်ဒေသများမှ အရပ်သားများအား ငှါးရမ်းခေါ်ယူခဲ့ရာ လုံလောက်စွာမရရှိသဖြင့် ယာယီမြန်မာအစိုးရအား အလုပ်သမား ရှာဖွေပေးရန် အကူအညီတောင်းရသည်။ လိုအပ်သော အလုပ်သမားများကို မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ သထုံ၊ ပဲခူး၊ တောင်ငူ၊ အင်းစိန်၊ ဟင်္သာတ၊ ပုသိမ်ခရိုင်တို့မှ စုဆောင်းရရှိသည်။ ဖေဖော်ဝါရီလကုန်(၁၉၄၃)အထိ စုဆောင်းရရှိသော အလုပ်သမားဦးရေမှာ စုစုပေါင်း (၁၃၉၅၀)ဦးဖြစ်သည်။ လျာထားသော အချိန်ကာလကုန်ဆုံးချိန်တွင် လိုအပ်သောအလုပ်သမားဦးရေ၏ထက်ဝက်မျှသာ စုဆောင်းရရှိသည်။[၁၄၁]

အလုပ်သမားများ စုဆောင်းရေးသည် မည်မျှပင်ခဲယဉ်းစေကာမူ ယိုးဒယား-မြန်မာမီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းမှာ ဂျပန်တို့အတွက် စစ်ရေးအရ ကြန့်ကြာမခံနိုင်သော လုပ်ငန်းကြီးဖြစ်သည်။ ထို့ကြောင့် အမှတ်(၁၅)တပ်မတော်အနေဖြင့် ယင်းပြဿနာကို ဖြေရှင်းရန် နည်းလမ်းရှာရတော့သည်။ ထိုနည်းလမ်းမှာ ယခင်က အလုပ်သမားစုဆောင်းရေး

နည်းစနစ်ကို ဖျက်သိမ်း၍ ဗမာ့လွတ်ရုံးတပ်ခေါ် ချွေးတပ်ဖွဲ့စည်းခြင်းပင်ဖြစ်သည်။[၁၄၂] လမ်းဖောက်လုပ်ရေးလုပ်သားများကို ချွေးတပ်သားဟုခေါ်သည်။ မြန်မာပြည်အရပ်ရပ်ရှိ ချွေးတပ်သားများကို မီးရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုသော်လည်း ဂျပန်တို့သည် ချွေးတပ်သားများအပေါ် သနားညှာတာမှုကင်းစွာ ဆက်ဆံသည်။ ချွေးတပ်တွင် အစားလည်းဝအောင်မစားရ၊ နာမကျန်းဖြစ်၍ ဆေးကုသပေးခြင်းလည်းမရှိ။ ထို့ကြောင့်မြန်မာလူထုသည် ချွေးတပ်စခန်းတွင် အတုံးအရုံး သေကြသည်။[၁၄၃]

ဂျပန်တို့သည် မြန်မာလူထုအား နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပမ်းခြင်း၊ အဓမ္မစေခိုင်းခြင်း စသည်များကို မြင်တွေ့ရသည့်အခါတိုင်း ဗမာ့တပ်မတော်မှ စွမ်းအားရှိသမျှ ပြည်သူတို့ဘက်မှ ဝင်ရောက်ရပ်တည်ခဲ့သည်။ ယင်းသို့ရပ်တည်ခဲ့သဖြင့် ဂျပန်တို့နှင့် ပဋိပက္ခများဖြစ်လာကာ ဗမာ့တပ်မတော်နှင့် ဂျပန်တို့၏ ဆက်ဆံရေးတင်းမာလာသည်။ ဗမာ့တပ်မတော်သည် ယခင် ဗမာ့လွတ်လပ်ရေးတပ်မတော်ခေတ်ကတည်းကပင် ဂျပန်ကိုတော်လှန်ရန် စိတ်ဓာတ်ပြင်းထန်လျက်ရှိရာ ယခုကဲ့သို့ ဖက်ဆစ်သရုပ်ကို ပီပီပြင်ပြင်မြင်တွေ့လာသောအခါ ဖက်ဆစ်တော်လှန်ရေးအတွက် တဆင့်တက်၍ လျှို့ဝှက်စွာကြိုးပမ်းလာသည်။ ဂျပန်တို့ကလည်း အစကနဦးကပင် ဗမာ့တပ်မတော်အား ယုံကြည်စိတ်ချမှုမရှိပေ။ ဗမာ့တပ်မတော်ကို သံသယစိတ်ဖြင့် အမြဲတမ်းစောင့်ကြပ်ကြည့်ရှုခဲ့ကြသည်။ ဒုတိယဗိုလ်မှူးကြီး ဖုရာအိ[၁၄၄]က ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဗိုလ်မှူးကြီးလကျာ်နှင့် ဗိုလ်ဗတင်တို့အား ကျောက်ဆည်နယ်မှ ဗြိတိသျှခေတ်က တရားသူကြီးလုပ်ခဲ့ဘူးသူ တစ်ဦးနှင့် ပေါင်းကာ ဂျပန်ဆန့်ကျင်ရေးအတွက် လုပ်ဆောင်နေသည်ဟုပင် စွတ်စွဲပြောဆိုကာ ဗိုလ်ဗတင်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး အချိန်ကြာမြင့်စွာ နှိပ်စက်ခဲ့ရာ ဂျပန်တို့ပြန်လွှတ်လိုက်သောအခါ ဗိုလ်ဗတင်မှာ စိတ်ဓာတ်ချောက်ချား သွားလေတော့သည်။[၁၄၅]

ဂျပန်တို့၏ ဖက်ဆစ်သရုပ်ကို ပီပီပြင်ပြင်မြင်လာသော ဗိုလ်အောင်ဆန်းဦးစီးသည့် ဗမာ့တပ်မတော်က ဖက်ဆစ်တော်လှန်ရေးကို (၁၉၄၃)ခုနှစ်ကုန်ပိုင်းတွင် ဆင်နွှဲရန် ရည်ရွယ်ခဲ့သော်လည်း စနစ်ကျသော အစီအစဉ်နှင့် စီမံချက်များ ရေးဆွဲခြင်း၊ လိုအပ်သောရိက္ခာနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စီစဉ်ခြင်း ပြည်သူလူထုအတွင်းနက်ရှိုင်းစွာ စည်းရုံးလှုပ်ရှားခြင်း၊ နိုင်ငံရေးနှင့် စစ်ရေးပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို မဆောင်ရွက်ရသေးသောကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။[၁၄၆]

ဂျပန်တို့ဘက်ကလည်း ထိုအချိန်တွင် စစ်ရေးအရ အခြေအနေကောင်းလှသည်မဟုတ်ပေ။ နိုဝင်ဘာ(၁၉၄၃)တွင် မောင့်ဘက်တန်[၁၄၇]ဦးစီးသော အရှေ့တောင်အာရှ မဟာမိတ်စစ်ဌာနချုပ်ကို အိန္ဒိယပြည် နယူးဒေလီတွင် တည်ထောင်ဖွဲ့စည်းလိုက်သည်။ (၃၀)နိုဝင်ဘာ (၁၉၄၃)တွင် ဗြိတိသျှအမှတ်(၁၅)တပ်မကြီးမှ တပ်မ(၃၃)သည် စစ်တွေသို့ ဦးတည်ချီတက်၍ ဂျပန်တို့၏ခံစစ်ကြောင်းကို(၂)လကြာမျှ ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြသည့်အပြင် ဒုတိယဗိုလ်ချုပ်ကြီး စတီးဝဲ(လ်)[၁၄၈] ဦးစီးသော တပ်မနှစ်ခုကလည်း ဇန်နဝါရီ(၁၉၄၄)တွင် အာသံနယ်လီဒိုလမ်းမကြီးကို ဖောက်လုပ်ရင်း ဟူးကောင်းတောင်ကြားအထိလည်းကောင်း၊ ဖေဖော်ဝါရီလတွင် ဝင်းဂိတ်[၁၄၉]၏ ချင်းဒစ်တပ်[၁၅၀]များသည် ဒုတိယအကြိမ် ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍ မန္တလေးမြို့အထက်မိုင် (၂၀၀)ထိလည်းကောင်း၊ ထိုးဖောက်တိုက်ခိုက်လာခဲ့သည်[၁၅၁]။

ပြည်တွင်းရှိ ဖက်ဆစ်တော်လှန်ရေးအင်အားစုများသည် ပြည်ပ(အိန္ဒိယ)ရှိ မဟာမိတ်စစ်ဌာနချုပ် မဟာမိတ် ဗြိတိသျှစစ်ဌာနချုပ်နှင့် (၁၉၄၃)အကုန် (၁၉၄၄)နှစ်အကူးလောက်တွင် အဆက်အသွယ် ရရှိခဲ့လေသည်။ အိန္ဒိယနိုင်ငံသို့ ဖက်ဆစ်တော်လှန်ရေးအတွက် မဟာမိတ်များနှင့် ဆက်သွယ်ရန် ရောက်ရှိနေသော ကိုသိန်းဖေထံမှ မြန်မာနိုင်ငံသို့ ပြန်လွှတ်လိုက်သော သခင်တင်ရွှေ ရောက်လာခဲ့သည်။ သခင်တင်ရွှေ အိန္ဒိယသို့အပြန်တွင် ပြည်တွင်းဖက်ဆစ်အင်အားစုများက ရခိုင်ခေါင်းဆောင် ကိုညိုထွန်းကို အိန္ဒိယနိုင်ငံသို့ ပထမဆုံးထည့်လိုက်သည်။ ရခိုင်တိုင်းတွင် အခြေအနေပေးပါက ဖက်ဆစ်တော်လှန်ရေးကို စောစီးစွာလုပ်ရန်လည်း မှာကြားလိုက်သည်။ ဤသို့ဖြင့် ဒုတိယအကြိမ်၊ တတိယအကြိမ် မြန်မာနိုင်ငံမှ ဖက်ဆစ်တော်လှန်ရေးအတွက် ရဲဘော်များတစ်သုတ်ပြီးတစ်သုတ် အိန္ဒိယသို့ရောက်ရှိကာ ပြည်တွင်းရှိ ဖက်ဆစ်တော်လှန်ရေးအင်အားစုများနှင့် အဆက်အသွယ်မှန်မှန်ပြုလုပ်ခဲ့ကြသည်။[၁၅၂]

ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများဖြစ်ကြသော ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့သည် (၁၉၄၃)အကုန် (၁၉၄၄)ခန့်တွင် ကမ္ဘာ့စစ်မျက်နှာအသီးသီး၌ ထိုးစစ်မှခံစစ်သို့ ပြန်လည်ရောက်ရှိလာသည်နှင့်အမျှ မဟာမိတ်နိုင်ငံများက ထိုးစစ်ဆင်နွှဲ၍အောင်ပွဲများ ခံယူနေကြပြီဖြစ်သည်။ ဂျပန်တပ်များသည် ဇန်နဝါရီ(၁၉၄၄)တွင် အင်ဖာစစ်ဆင်ရေးအတွက် တပ်များကို စုရုံးလိုက်သည်။ ထိုအချိန်တွင် ရခိုင်စစ်မျက်နှာ၌ ဂျပန်တပ်များနှင့် မဟာမိတ်တပ်များအပြင်းအထန် တိုက်ခိုက်လျှက်ရှိသည်။ ဂျပန်တို့သည် တမူးလမ်းမှ အိန္ဒိယနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် ချင်းတွင်းမြစ်ဝှမ်းဒေသ၌ စုရုံးနေကြသည်။

ဂျပန်တို့သည် ထိုအချိန်၌ စစ်မျက်နှာသစ်တစ်ရပ်ဖွင့်ခြင်းမှာ မှားယွင်းမှုပင်ဖြစ်သည်။ ရခိုင်စစ်မျက်နှာ၌ တိုက်ပွဲများဖြစ်နေပြီး အောင်ပွဲမရသေးချိန်တွင် အိန္ဒိယကို ချီတက်ရန် ကြိုးစားခြင်းမှာ ဂျပန်၏မိုက်မဲမှုပင်ဖြစ်သည်။ မဟာမိတ်တပ်များအနေဖြင့် ဂျပန်တပ်များ အိန္ဒိယသို့စစ်ပြုလာခြင်းသည် မိမိတို့အတွက် အခွင့်အရေးတစ်ရပ်ရပ်ဟု မောင့်ဘက်တန်က ယူဆသည်။ (၈)မတ် (၁၉၄၄)တွင် ဂျပန်တပ်မတော်၏ အမှတ်(၃၃)တပ်မ၊ အမှတ်(၃၁)တပ်မနှင့် အမှတ်(၁၅)တပ်မကြီးများသည် စစ်ကြောင်းကြီးများခွဲ၍ အိန္ဒိယသို့ စစ်ချီသည်။[၁၃၄](၁၅)မတ်(၁၉၄၄)တွင် ဂျပန်အမှတ်(၁၅)တပ်တော်သည် အင်ဖာစစ်ဆင်ရေးအတွက် ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍ ကိုဟီးမားရှိ ရန်သူများ၏ ဆုတ်ခွာရာလမ်းကြောင်းကို ဖြတ်တောက်ကြသည်. သို့သော် အင်ဖာကို အနီးကပ်တိုက်ခိုက်နေသော ပင်မတပ်မကြီးမှာ လက်နက်ပစ္စည်းအထောက်အပံ့မရသဖြင့် ဇူလိုင်လလယ်ခန့်တွင် ပြန်လည်ဆုတ်ခွာလာရသည်။ ဤသို့ဖြင့် ဂျပန်တို့၏ အင်ဖာစစ်ဆင်ရေး ရှုံးနိမ့်ခဲ့ရသည်။[၁၃၅] စစ်သည်(၈၀၀၀၀)ပါဝင်တိုက်ခိုက်ခဲ့သော အင်ဖာစစ်ဆင်ရေးတွင် (၃၀၀၀၀)သာ မြန်မာပြည်သို့ ပြန်လာနိုင်ခဲ့ပြီး (၅၀၀၀၀) ကျဆုံးကျန်ရစ်သည်။[၁၃၆]

ဤသို့ ဂျပန်တို့ စစ်မျက်နှာအသီးသီးတွင် စစ်ရေးရှုံးနိမ့်စဉ် ပဲခူးမြို့ ဗမာ့တပ်မတော်စံပြတပ်ရင်းတွင် (၄)မှ (၇)ဩဂုတ်(၁၉၄၄)၌ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဗဟိန်းတို့သည် ဖက်ဆစ်ဂျပန်များအား ဆန့်ကျင်တော်လှန်ရေးနှင့်ပတ်သက်၍ လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းတင်ပြသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းရန် အစီအစဉ်နှင့် ဖ-တ-ပ-လအဖွဲ့ချုပ်၏ ပထမဆုံး ကြေငြာစာတမ်းအမှတ်(၁)ကို အားလုံးလက်ခံသဘောတူကြသည်။ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်"[၁၃၆]ကို ဩဂုတ်(၁၉၄၄)တွင် ဖွဲ့စည်းထူထောင်လိုက်သည်။[၁၃၇] အဖွဲ့ချုပ်တွင် ပါဝင်သောအဖွဲ့အစည်းများမှာ ဗမာ့တပ်မတော် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ဖြစ်သည်။ အဖွဲ့ချုပ်ဥက္ကဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို ရွေးချယ်တင်မြှောက်ကြပြီး သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် သဘောတူကြသည်။ အဖွဲ့ချုပ်တွင် ပါဝင်သော ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာတပ်မတော်တို့သည် အစပိုင်းတွင် မိမိတို့၏ သီးခြားအစီအစဉ် သီးခြားစည်းရုံးရေးလုပ်ငန်းတို့ဖြင့် တကွဲတပြားညးစီဖြစ်နေကြသည်။ အချို့နေရာများတွင် အပြိုင်အဆိုင် စည်းရုံးမှုများပင် ရှိနေသည်ဖြစ်ရာ တဖွဲ့နှင့်တဖွဲ့ဂိုဏ်းဂဏသဘောထားများပင် ရှိနေကြလေသည်။ ဖ. တ. ပ. လအမည်ဖြင့် ဤအင်အားစုသုံးရပ်ကို ထပ်ပေါင်းစုလိုက်စေကာမူ သီးခြားအဖွဲ့အစည်းများအဖြစ် ဆက်လက်ရှိနေပေသည်။ ဆိုရှယ်လစ်အယူဝါဒများကို ယုံကြည်သက်ဝင်သောအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များဖြစ်ပါလျှက်နှင့် ဤသို့အင်အားစု (၃)ရပ်ကွဲပြားနေခြင်းသည် မလိုလားအပ်ကြောင်းလောလောဆယ်ဆောင်ရွက်ရမည့် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက်လည်းကောင်း နောင်တွင်ထမ်းဆောင်သွားရမည့် လွတ်လပ်ရေး ဒီမိုကရေစီရေး ဆိုရှယ်လစ်ဝါဒရေးတို့အတွက်လည်းကောင်း၊ လက်ဝဲအင်အားစုများအဖြစ် တစ်ဖွဲ့တစ်ပါတီတည်းအဖြစ် သိပ်သည်းစွာ ညီညွတ်မှုရှိရေးသည် အထူးအရေးကြီးကြောင်းကို ဗိုလ်ချုပ်အောင်ဆန်း သိမြင်ခဲ့သည်။ ထို့ကြောင့် တပ်မတော်ခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များနှင့် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များကို တစ်ပါတီတည်းအဖြစ် စုပေါင်းဖွဲ့စည်းဘို့ပြောဆို တိုက်တွန်းခဲ့သည်။ ထို့နောက် စက်တင်ဘာ(၁၉၄၄)တွင် တစ်ကြိမ်၊ အောက်တိုဘာ(၁၉၄၄)တွင် တစ်ကြိမ်၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်ရဲထွဋ်၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ သခင်ချစ်၊ ကိုဘဆွေလေးတို့ ဒေးဒရဲရှိ သခင်စိုးထံသွားရောက်ဆွေးနွေးကာ အင်အားစုသုံးရပ်ကို တစ်ပါတီတည်းအဖြစ် ဖွဲ့စည်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ခေါင်းဆောင်များသည် ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေးအတွက်က မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံးစည်းလုံးညီညွတ်မှုရှိမှသာ ထမြောက်အောင်မြင်မည်ဖြစ်ကြောင်း ယုံကြည်ကြသည့်အလျှောက် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုသဘောထားများကို ရေးဆွဲချမှတ်ပြီး လက်တွေ့တွင်လည်း စည်းရုံးဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် ကရင်အမျိုးသားများနှင့် စည်းလုံးညီညွတ်မှုပြန်လည်ရရှိအောင် အာရုံစိုက်၍ဆောင်ရွက်ခဲ့သည်။ ဂျပန်ဝင်စက နယ်ချဲ့သမားများ၏ ပယောဂကြောင့်လည်းကောင်း၊ ဖက်ဆစ်ဂျပန်တို့ သွေးထိုးပေးခဲ့မှုကြောင့်လည်းကောင်း၊ ဖြစ်ပွားခဲ့ရသော ကရင်-ဗမာလူမျိုးရေး အဓိကရုဏ်းများ သတ်ပွဲဖြတ်ပွဲများသည် ကရင်နှင့်ဗမာအမျိုးသားများကို သွေးကွဲစေခဲ့သည်။ ဤသွေးကွဲမှု ပပျောက်၍ စည်းလုံးညီညွတ်မှု ပြန်လည်ရရှိစေရန် ဗိုလ်ချုပ်အောင်ဆန်းသည် အထူးကြိုးစားဆောင်ရွက်ခဲ့သည်။[၁၃၈]

ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်-ဗမာချစ်ကြည်ရေးမှအစပြု၍ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်အတွက် တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်၍ သဘောထား[၁၃၉]ကို (၁၉-၂-၄၅)တွင် ထုတ်ပြန်

ကြေငြာခဲ့သည်။[၁၆၀]

အိန္ဒိယပြည်ရှိ မဟာမိတ်စစ်ဌာနချုပ်နှင့် သခင်သိန်းဖေထံမှ ဖေဖော်ဝါရီလ တတိယပတ် (၁၉၄၅)တွင် အထူးတာဝန်ပြဖ့် စေလွှတ်လိုက်သော ရခိုင်ရဲဘော် ဗိုလ်စံသာကျော်နှင့် ဗိုလ်သာထွန်းအောင်တို့ ပဲခူးအနောက်ထန်းတောကြီး အရှေ့ရွှေလောင်းရွာဘေးရှိ မဟာမိတ်နှင့်ဆက်သွယ်ရေးစခန်းသို့ လေထီးဖြင့် ဆင်းလာခဲ့သည်။ ထိုရဲဘော်နှစ်ဦးနှင့် အရှေ့မဟာမိတ်စစ်ဌာနချုပ်က ဗမာပြည်ဖက်ဆစ်တော်လှန်ရေးအဖွဲ့ချုပ်သို့ ပေးလိုက်သော စာတစ်စောင်နှင့် ကိုသိန်းဖေထံမှပေးလိုက်သော စာတစ်စောင် ပါလာသည်။ ထိုစာများနှင့်ပတ်သက်၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ဝင်များသည် (၁)မှ (၃)မတ်(၁၉၄၅)တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်တွင် စုဝေးတိုင်ပင်ကြသည်။ မဟာမိတ်စစ်ဌာနချုပ်မှ ပေးသောစာ၏သဘောမှာ

- အေ-အက်ဖ်-အို[၁၆၁]သည် မဟာမိတ်စစ်ဌာနချုပ်၏ တပ်ဖွဲ့တစ်ခုဖြစ်သော အမှတ် (၁၃၆)တပ်ဖွဲ့၏တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ရှိစေရမည်။
- အေ-အက်ဖ်-အို၏အုပ်ချုပ်မှုအောက်တွင်ရှိသော လက်နက်ကိုင်တပ်များသည် မဟာမိတ်တပ်များ၏စစ်ဆင်ရေးနှင့် သီးခြားကင်းလွတ်၍ မိမိတို့သဘောအလျှောက် ဂျပန်တပ်များကို စစ်ဆင်တိုက်ခိုက်ခြင်း မပြုရ။
- အမှတ်(၁၃၆)တပ်ဖွဲ့က ညွှန်ကြားသတ်မှတ်ပေးသော ဒေသများတွင်သာ အေ-အက်ဖ်-အိုတပ်ဖွဲ့များက ဂျပန်များကို တိုက်ခိုက်ရမည်။
- ထိုသတ်မှတ်ထားသောဒေသများသို့ အိန္ဒိယရှိ အေ-အက်ဖ်-အိုအဖွဲ့ဝင်များကို လေထီးဖြင့် ချပေးမည်။ ယင်းတို့နှင့်အတူ အမှတ်(၁၃၆)တပ်ဖွဲ့မှ ဆက်သွယ်ရေးအရာရှိများ ပါလာမည်။
- အေ-အက်ဖ်-အိုလက်နက်ကိုင် တပ်သားများအတွက် လိုအပ်သော လက်နက်ခဲယမ်း လိုအပ်သည့်အရေအတွက်ကို ဆက်သွယ်ရေးအရာရှိ၏ ထောက်ခံချက်ဖြင့်သာ လေထီးဖြင့် ချပေးမည်။
- ဂျပန်တို့အား တိုက်ခိုက်ပြီးသော ဒေသများတွင် အေ-အက်ဖ်-အိုသည် အမှတ်(၁၃၆)တပ်ဖွဲ့သို့ လက်နက်များကို ချက်ခြင်းပြန်လည်ပေးအပ်ရမည်။
- ဤစာတွင် ပါရှိသောအချက်များကို အေ-အက်ဖ်-အိုဌာနချုပ်က သဘောတူညီရန် လိုသည်။ သဘောထားကို အမြန်ပြန်ကြားပါဟူ၍ ပါသည်။[၁၆၂]

သခင်သိန်းဖေထံမှ ပေးလိုက်သောစာ၏သဘောမှာ

(၁၉၄၄)ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်မှစ၍ (၁၉၄၅)ဖေဖော်ဝါရီလကုန်အထိ ရခိုင်ပြည်တွင် ဂျပန်ဖက်ဆစ်တို့အား ရခိုင်မျိုးချစ်များက လက်နက်ကိုင်တိုက်ခိုက်ရာတွင် မဟာမိတ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံအရ မဟာမိတ်များထံမှ လက်နက်ခဲယမ်းအကူအညီရရှိရေးမှာ မလွယ်ကူ၊ လိုသလောက်အရေအတွက်ကို မရခဲ့။ မဟာမိတ်တပ်များသည် ဂျပန်တို့အား တိုက်ခိုက်ရန် အခက်အခဲတွေ့နေသောဒေသများတွင်သာ မိမိတို့ဖက်ဆစ်တော်လှန်ရေးသမားများကို လက်နက်ခဲယမ်းအကူအညီပေးလိုကြသည်။ ယင်းတို့၏စစ်မိန့်ပေးမှုကို နာခံရမည်ဟုလည်း တောင်းဆိုကြသည်။ ထို့ကြောင့် မဟာမိတ်တို့ထံမှ လက်နက်အကူအညီရရေးကို အဓိကမထားရန် မိမိလက်နက်ဖြင့် မိမိတို့ဖာသာ ဂျပန်ကို တော်လှန်တိုက်ခိုက်ရေးကို အဓိကထားရန်၊ မိမိတို့သတ်မှတ်သောဒေသနှင့် သင့်တော်သည်ထင်သော အချိန်တွင် ဂျပန်တို့ကို တော်လှန်ရန် မဟာမိတ်ထိုးစစ်မှာ လျှင်မြန်လာသဖြင့် ဖက်ဆစ်တို့အား တစ်ပြည်လုံးတွင် တော်လှန်တိုက်ခိုက်ရေးကို ဆောင်ရွက်ရန် စသည်ဖြင့် ဖြစ်သည်။[၁၆၃] ထိုစာများနှင့်ပတ်သက်၍ မြန်မာခေါင်းဆောင်များ၏ ဆွေးနွေးပွဲကို အောက်ပါ သဘောထား ဆုံးဖြတ်ချက်များကို အားလုံးသဘောတူ ချမှတ်ခဲ့ကြသည်။

- ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်သည် မဟာမိတ်စစ်ဌာနချုပ်၏စာပါသဘောထားများကို လက်မခံနိုင်။
- မဟာမိတ်စစ်ဌာနချုပ်၏ကိုယ်စား အမှတ်(၁၃၆)တပ်ဖွဲ့၏အုပ်ချုပ်ညွှန်ကြားမှုကို လက်မခံနိုင်။
- မိမိတို့၏ဖက်ဆစ်တော်လှန်ရေးတပ်ဖွဲ့များသည် မိမိတို့ရွေးချယ်သတ်မှတ်ထားသည့်ဒေသများ၌သာ မိမိသဘောအလျှောက်စစ်ဆင်ရေးလုပ်မည်။ သို့သော် မဟာမိတ်နှင့် ညှိနှိုင်းဆောင်ရွက်မည်။
- မိမိတို့လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ပျောက်ကြားအရေအတွက် ရှိသလောက်ကူညီမည်ဆိုသည်ကို သဘောတူသည်။
- ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် တစ်ပြိုင်တည်း တော်လှန်တိုက်ခိုက်ကြမည်။

- မဟာမိတ်စစ်ဌာနချုပ်နှင့် သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား လက်နက်ကိုင် တော်လှန်ရေးတစ်ပြည်လုံး စတင်ပြုလုပ်ရန် စသည်ဖြင့် ဆွေးနွေး ဆုံးဖြတ်ကြသည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်များအား လက်နက်ကိုင်၍ စတင်တိုက်ခိုက်ရန်အတွက် ဖက်ဆစ်တော်လှန်ရေးညွှန်ကြားချက်[၁၆၄]ထုတ်ပြန်ခဲ့သည်။[၁၆၅]ထို့နောက် ဖက်ဆစ်တို့အား အောက်ပါအတိုင်း စစ်တိုင်းများခွဲ၍ တော်လှန်ကြရန် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။

တိုင်း(၁) ပြည်၊ သာယာဝတီ၊ အင်းစိန်နှင့် ဟင်္သာတ(အရှေ့)

တိုင်း(၂) ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်။

တိုင်း(၃) ပုသိမ်၊ ဟင်္သာတ(အနောက်)နှင့်မြောင်းမြ

တိုင်း(၄) ပဲခူး၊ ရွှေကျင်၊ သထုံ

တိုင်း(၅) မော်လမြိုင်၊ ထားဝယ်နှင့်မြိတ်

တိုင်း(၆) မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်

တိုင်း(၇) သရက်၊ အာလံ၊ မကွေး၊ မင်းဘူး ထိုတိုင်းများအပြင် ရခိုင်တိုင်း၊ အထက်ဗမာပြည်တိုင်း၊ ရန်ကုန်ဟူ၍ ထပ်မံခွဲခြားသတ်မှတ်ပြန်သည်။ ယင်းသို့ခွဲခြားသတ်မှတ်ပြီး ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည်။[၁၆၆]

ဂျပန်တို့သည် မြန်မာနိုင်ငံသို့ ဝင်မလာမီကပင် ရန်ကုန်ကို သိမ်းပိုက်ပြီးပါက လွတ်လပ်ရေးကြေငြာပေးမည်ဟု ကတိရှိခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင်းသို့ ယင်းတို့ရောက်ရှိလာသောအခါတွင်ကား ကတိကိုဖောက်ဖျက်ခဲ့ကြရုံမက မြန်မာတိုင်းရင်းသားတို့အား နည်းမျိုးစုံဖြင့် ဖိနှိပ်ခဲ့ကြသည်။ ဂျပန်တို့၏ဖိနှိပ်မှုကြောင့် မြန်မာတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဖက်ဖက်မှ နာလန်မထူနိုင်အောင် ပျက်ဆီးခဲ့ရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်အနေဖြင့် ဂျပန်တို့၏ ဖက်ဆစ်သရုပ်ကို ပီပီပြင်ပြင်မြင်တွေ့လာရချိန်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်စည်းရုံးခဲ့ကြသည်။ (၁၉၄၅)ဖက်ဆစ်တော်လှန်ရေးမတိုင်မီကပင် ဗမာ့တပ်မတော်က ဂျပန်တို့အား တော်လှန်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ သို့သော် ဗမာ့တပ်မတော်သည် ထိုစဉ်က လက်နက်အရလည်းကောင်း၊ လူထုစည်းရုံးရေးအရလည်းကောင်း၊ တော်လှန်ရေး တစ်ရပ်ဆင်နွှဲရန် မဖြစ်နိုင်သေးသဖြင့် ခေတ္တဆိုင်းငံ့ကာ ဖက်ဆစ်ဂျပန်အား တော်လှန်ရန် ထပ်မံလျှို့ဝှက် စည်းရုံးပြင်ဆင်မှုများပြုလုပ်ပြီး(၁၉၄၅)မတ်လတွင် ဖက်ဆစ်ဂျပန်တို့အား စစ်တိုင်းကြီးများခွဲ၍ တော်လှန်ခဲ့ကြသည်။

---

၁။ ~~Hawaiian Island~~

၂။ Pearl Harbour

၃။ (က) ကြေးမုံသတင်းစာ၊ ၂၁-၁၂-၁၉၄၁

(ခ) ဗန္ဓုလဦးစိန်၊ ကျွန်ုပ်တို့အတွင်းရေး (ရန်ကုန်၊ ရန်ပုံခွင်းဆေးတိုက်၊ ၁၉၄၆)၊ စာ-၁၃။ နောင်ကိုးကားလျှင် စိန်၊ အတွင်းရေး ဟု အတိုညွှန်းမည်။

၄။ မစ္စတာအိုနိုတိုးရု (မြန်မာပြန်)၊ ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ၊ (ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၅)၊ စာ-၁၈ နောင်ကိုးကားလျှင် အိုနိုတိုးရု၊ ဂျပန်ခေတ်မြန်မာနိုင်ငံ ဟု အတိုညွှန်းမည်။

၅။ (က) A Short history of Burma Army , P.11
တပ်မတော်မော်ကွန်းတိုက် EBR-30

(ခ) အိုနိုတိုးရု၊ ဂျပန်ခေတ်မြန်မာနိုင်ငံ၊ စာ-၆၀

၆။ Aung San, Burma's Challange, (The New Light of Burma Press, Ltd. Rangoon, 1946), P.37. Hereafter this work will be referred to as Aung San, Challange.

၇။ Burma Independence Army

၈။ ဦးလွန်းဖေနှင့် ဦးဘွန်တိတ်တို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်တည်ထောင်ပုံ ကိုယ်တွေ့မှတ်တမ်း၊ တပ်မတော်မော်ကွန်းတိုက် DR. 3204 နောင်ကိုးကားလျှင် ဗမာ့လွတ်လပ်ရေး တပ်မတော်စတင်တည်ထောင်ပုံ ဟု အတိုညွှန်းမည်။

၉။ Lieut colonel Rank, The Campagin in Burma, first published (London press, His Majesty's office, 1946) p.17 Hereafter this work will be refered to as colonel Rank in Burma.

၁၀။ သုတေသနရဲဘော်-ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းကြီးများ (ရန်ကုန်၊ ရဲအုံးကျော်ပုံနှိပ်တိုက်၊ ၁၉၇၅) စာ-၂ နောင်ကိုးကားလျှင် သုတေသနရဲဘော် စစ်ကြောင်းကြီးများဟု အတိုညွှန်းမည်။

၁၁။ သုတေသနရဲဘော်-စစ်ကြောင်းကြီးများ စာ-၃၊ ၄

၁၂။ သုတေသနရဲဘော်-စစ်ကြောင်းကြီးများ စာ-၄

၁၃။ သုတေသနရဲဘော်-စစ်ကြောင်းကြီးများ စာ-၄

၁၄။ Chiang Mai

၁၅။ Lumphun

၁၆။ ဗမာ့လွတ်လပ်ရေးတပ်မတော်တည်ထောင်ပုံ

၁၇။ ဦးသန့်၊ ပြည်တော်သာခရီး ပထမတွဲ ပထမအကြိမ်(ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၁) စာ-၄၁ နောင်ကိုးကားလျှင်၊ သန့်၊ ပြည်တော်သာဟု အတိုညွှန်းမည်။

၁၈။ Col. Suzuki

၁၉။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည်၊ ပထမအကြိမ်၊ (ရန်ကုန်၊ သီဟပုံနှိပ်တိုက်၊ ၁၉၆၉) စာ-၁၀၅ နောင်ကိုးကားလျှင် လွင်၊ ဗမာပြည်ဟု အတိုညွှန်းမည်။

၂၀။ Col. Nakata

၂၁။ The Grouth of the Burma Army observed from the Japanese view point (တပ်မတော်မော်ကွန်းတိုက်-pp 94, 95 CD-20)Here after this work will be repered to as Burma Army

၂၂။ Lt. General Iida

၂၃။ Frank N. Trager. Burma: Japanese Military Administration (1941-45) (Philadelphia, Philadelphia University of Pennsyvania press, 1971) P. 8 Hereafter this work will be refered as Trager Japanese Military Administration

၂၄။ Burma Army, p. 125

၂၅။ Omkoi

၂၆။ Tha Song Yang

၂၇။ ဒေါက်တာမောင်မောင်၊ မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း (ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉) စာ-၂၈ နောင်ကိုးကားလျှင် မောင်မောင်၊ (နိုင်ငံရေးနှင့် ဗိုလ်ချုပ်ကြီးနေဝင်းဟု အတိုညွှန်းမည်။

၂၈။ ဗိုလ်တာရာ၊ ရဲဘော်သုံးကျိပ်ပြည်တော်ပြန်၊ တတိယအကြိမ် (ရန်ကုန်ဒေါင်းပုံနှိပ်တိုက်၊ ၁၉၇၃)စာ-၂၁၀ နောင်ကိုးကားလျှင် တာရာ၊ ပြည်တော်ပြန်ဟု အတိုညွှန်းမည်။

၂၉။ လွင်၊ ဗမာပြည် စာ-၁၀၇၊ ၁၀၈

၃၀။ မောင်မောင်၊ နိုင်ငံရေးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း စာ-၁၇၆

၃၁။ Capt. Kawashima

၃၂။ Lt. General. Oki

၃၃။ Kanchanaburi

၃၄။ သုတေသနရဲဘော်၊ စစ်ကြောင်းကြီးများ စာ-၁၀၁၊ ၁၀၂

၃၅။ Dr Bisheshwar Prasad, Retreat from Burma 1941-42 (India £ Parkistan, Historical Section, 1958) P. 88, Hereafter this work will be refered to as Prasad-Retreat

၃၆။ (က) Ibid P. 114-115

(ခ) စိန်၊ အတွင်းရေး စာ-၁၆

၃၇။ ဗိုလ်ဗလ၊ လွတ်လပ်ရေးခရီးတထောက်၊ ပထမအကြိမ် (ရန်ကုန်၊ စာပေဗိမ္မာန်ပုံနှိပ်တိုက်၊ ၁၉၇၄) စာ-၃၅၁၊ ၃၅၂

၃၈။ Prasad, Retreat P. 193

၃၉။ Burma Army, P. 145

၄၀။ မြဒေါင်းညို၊ ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိ (ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၁)စာ-၂၈ နောင်ကိုးကားလျှင် မြဒေါင်းညို ရဲဘော်သုံးကျိပ်ဟု အတိုညွှန်းမည်
၄၁။ မြဒေါင်းညို၊ ရဲဘော်သုံးကျိပ် စာ-၄၈
၄၂။ သုတေသနရဲဘော်၊ စစ်ကြောင်းကြီးများ စာ-၁၅၀
၄၃။ Hirayama
၄၄။ Burma Army pp. 107-108
၄၅။ Pak Chan
၄၆။ Karathuri
၄၇။ ဗိုလ်မင်းခေါင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၊ (ရန်ကုန်၊ ရွှေတူစာပေ၊ ၁၉၆၈) စာ ၂၁၁ နောင်ကိုးကားလျှင် မင်းခေါင်၊ ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ်ဟု အတိုညွှန်းမည်
၄၈။ မင်းခေါင်၊ ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ်၊ စာ-၂၁၅
၄၉။ Prasad, Retreat, P. 235
၅၀။ Ibid, P. 247
၅၁။ Ibid, P. 250
၅၂။ သူရိယ သတင်းစာ (မန္တလေး)၊ ၁၀-၃-၁၉၄၂
၅၃။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ၊ စာ-၃၅၂
၅၄။ Col. Nasu
၅၅။ Col. Nakata
၅၆။ Col. Terakura
၅၇။ Burma Army, P. 171
၅၈။ Field Marshal Terauchi
၅၉။ Burma Army, P. 171
၆၀။ မြန်မာ့အလင်းသတင်းစာ-၂၆၊ ၃၊ ၁၉၄၂
၆၁။ Dhamika U Ba Than, The Roots of the Revolution (Rangoon, Government Printing Press, 1962) P. 16. Hereafter this work will be refered to as Ba Than, The Roots
၆၂။ Mg Mg, Aung San of Burma (The Hague, Martinus Nijhaf, 1962) P, 50 Here after this work will be refeared to as Mg Mg Aung San
၆၃။ Burma Army, P-192
၆၄။ မြန်မာ့အလင်းသတင်းစာ ၃၁-၃-၁၉၄၂
၆၅။ Burma Army, P. 192
၆၆။ Burma Army, P. 193
၆၇။ Ibid, P. 194
၆၈။ သိန်းဖေမြင့်၊ စစ်အတွင်းခရီးသည် (တတိယအကြိမ်၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆) စာ-၁၃၊ ၁၄ နောင်ကိုးကားလျှင် သိန်းဖေမြင့် စစ်အတွင်းဟု အတိုညွှန်းမည်
၆၉။ သိန်းဖေမြင့်၊ စစ်အတွင်း၊ စာ-၁၉
၇၀။ သိန်းဖေမြင့်၊ စစ်အတွင်း၊ စာ-၂၀
၇၁။ တိုင်းချစ်သတင်းစာ၊ (မန္တလေး) ၁၃၊၅၊ ၄၂
၇၂။ Sir Dorman Smith
၇၃။ Simla
၇၄။ တိုင်းချစ်သတင်းစာ၊ (မန္တလေး) ၁၅၊၅၊ ၄၂
၇၅။ လွင်၊ ဗမာပြည် စာ-၁၁၃၊ ၁၁၄

၇၆။ သန့်၊ ပြည်တော်သာ စာ-၄၀
၇၇။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၇၄
၇၈။ ယင်း စာ-၇၅
၇၉။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၇၅-၇၆
၈၀။ တက္ကသိုလ်စိန်တင်၊ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးသမိုင်း (ရန်ကုန်၊ စပါယ်အောင်စာစဉ်၊ ၁၉၆၉)စာ-၂၇၈ နောင်ကိုးကားလျှင် စိန်တင်၊ ဖက်ဆစ်တော်လှန်ရေးဟု အတိုညွှန်းမည်
၈၁။ စိန်၊ အတွင်းရေး၊ စာ-၂၄
၈၂။ စိန်၊ အတွင်းရေး၊ စာ-၂၄
(ခ)တိုင်းချစ်သတင်းစာ (မန္တလေး) ၈-၆-၄၂
၈၃။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၇၆-၇၇
၈၄။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၇၇
၈၅။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၂၇၅
၈၆။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၂၇၆၊ ၂၇၇
၈၇။ ယင်း ၊ စာ-၂၇၈-၂၇၉
၈၈။ Prime Minister Tojo
၈၉။ စိန်၊ အတွင်းရေး၊ စာ-၂၇
၉၀။ ၁၃-၆-၄၂ ဗိုလ်တေဇလက်ရေးဖြင့် ဗိုလ်ဇေယျထံပေးစာ DR-3354 ၊ တပ်မတော်မော်ကွန်တိုက်၊
၉၁။ တင်မောင်(ဗိုလ်မှူးကြီးဟောင်း) ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး ပထမအကြိမ် (ရန်ကုန်၊ သောကြာပုံနှိပ်တိုက်၊ ၁၉၇၁) စာ-၂၇
၉၂။ Aung San, Challange, P. 40
၉၃။ (က)တိုင်းချစ်သတင်းစာ- (မန္တလေး) ၆-၈-၄၂
(ခ) လွင်၊ ဗမာပြည် စာ-၁၃၉
၉၄။ လွင်၊ ဗမာပြည် စာ-၁၃၆
၉၅။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၂၇၉
၉၆။ လွင်၊ ဗမာပြည် စာ-၁၃၈
၉၇။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၂၇၉
၉၈။ DR-674 မေမြို့၌ ဂျပန်စစ်သေနာပတိကြီး ဂျင်နရယ်အီဒါက ဗမာပြည်အုပ်ချုပ်ရေးပြန်လည်ထူထောင်ရေးကော်မတီဖွဲ့စည်းရန် လွှဲအပ်ရာတွင် မိန့်ကြားသည့်မိန့်ခွန်း
၉၉။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၂၈၀
၁၀၀။ Burma Intelligence Bereau-Burma during the Japanese Occupation (Mineographed Copy of the Book printing at Simla Government of India press in 1943-44) P. 27
၁၀၁။ New Ginea
၁၀၂။ Coral Sea
၁၀၃။ Midway Island
၁၀၄။ Solomon Island
၁၀၅။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ကမ္ဘာ့သမိုင်းမှတ်တိုင်များ၊ တတိယတွဲ (ရန်ကုန်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၆၆)၊ စာ-၁၃၈
၁၀၆။ Won Zoon Yoon, Japan's Occupation of Burma 1941-45, (New York University-1971) p. 226 Hereafter this work will be refered to as Woon Zoon Yoon) Occupation of Burma.
၁၀၇။ လွင်၊ ဗမာပြည် စာ-၁၄၇
၁၀၈။ Burma Army, P. 171

၁၀၉။ စိန်၊ အတွင်းရေး၊ စာ-၄၁
၁၁၀။ Occupation of Burma, pp. 225-226
၁၁၁။ Great East Asia
၁၁၂။ Independence Preparation Comittee
၁၁၃။ Trager, Japanese Military Administration, Document No. 35 Guiding Principles for the Independence of Burma
၁၁၄။ Woon Zoon Yoon, Occupation of Burma, p. 231
၁၁၅။ Trager, Japanese Military Administration, Document No. 35 Guiding Principles for the Independence of Burma
၁၁၆။ (က)Woon Zoon Yoon, Occupation of Burma, pp 232-234
(ခ) အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၃၆၈
၁၁၇။ သန့်၊ ပြည်တော်သာ စာ-၄၈
၁၁၈။ Masakasu Kawadi
၁၁၉။ (က) လူထုဦးလှ၊ သတင်းစာများ ပြောပြတဲ့ စစ်တွင်းဗမာပြည်၊ တတိယတွဲ (မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၈) စာ-၆၅ နောင်ကိုးကားလျှင် ဦးလှ၊ စစ်အတွင်းဗမာပြည် (တ)ဟု အတိုညွှန်းမည်။
(ခ) အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၃၈၈၊ ၃၈၉
၁၂၀။ (က) လွင်၊ ဗမာပြည် စာ-၁၅၇၊ ၁၅၈
(ခ) အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၃၈၉၊ ၃၉၀
၁၂၁။ (က) ဦးလှ၊ စစ်အတွင်းဗမာပြည် (တ)၊ စာ-၇၅
(ခ) အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၃၉၃
၁၂၂။ (က) လွင်၊ ဗမာပြည် စာ-၁၅၈
၁၂၃။ ယင်း စာ-၁၉၉
၁၂၄။ Burma Tational Army
၁၂၅။ ဗမာ့ခေတ်သတင်းစာ ၁၇၊ ၉၊ ၄၃
၁၂၆။ ကယားပြည်နယ်
၁၂၇။ သူရိယသတင်းစာ (မန္တလေး) ၂၇-၃-၄၃
၁၂၈။ (က) အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၃၀၉
(ခ) ဦးလှ၊ စစ်အတွင်းဗမာပြည်၊ စာ-၁၅၇
၁၂၉။ Trager, Japanese Military Administration, pp. 229-230
၁၃၀။ ဗမာ့ခေတ်သတင်းစာ ၂၅-၁၂-၁၉၄၃
၁၃၁။ U Ba U, MY BURMA (New York, Taplishing Co, INC, 1959) P-166 Hereafter this work will be refered to as Ba U, MY BURMA
၁၃၂။ Ba U, MY BURMA p. 170-171
၁၃၃။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၂၀
၁၃၄။ သန့်၊ ပြည်တော်သာ (ပထမတွဲ) စာ-၂၁၀
၁၃၅။ သန့်၊ ပြည်တော်သာ (ပထမတွဲ) စာ-၂၁၁
၁၃၆။ သန့်၊ ပြည်တော်သာ (ပထမတွဲ) စာ-၂၁၂
၁၃၇။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၃၁
၁၃၈။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၃၂
၁၃၉။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၃၃-၃၃၄
၁၄၀။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၃၄
၁၄၁။ အိုနိုတိုးရှ၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၂၇၈

၁၄၂။ အိုနိုတိုးရှု၊ ဂျပန်ခေတ်မြန်မာနိုင်ငံ စာ-၂၇၉-၂၈၀
၁၄၃။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၃၃၄-၃၃၅
၁၄၄။ Lt. Col Fukui
၁၄၅။ Maung Maung, Aung San, P. 37
၁၄၆။ Aung San, Challange, p.43
၁၄၇။ Mountbatten
၁၄၈။ Lt. General Stiwell
၁၄၉။ Wingate
၁၅၀။ Chindits
၁၅၁။ Geoffery Matthews, The Reconquest of Burma 1943-1945 Aldershof, Hampshire, Wellington Press, 1966) P. 26
၁၅၂။ သခင်တင်မြ၊ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့်တိုင်းဆယ်တိုင်း (ရန်ကုန်၊ စပါယ်အောင်စာစဉ်၊ ၁၉၆၈)၊ စာ ၂၄-၂၅ နောင်ကိုးကားလျှင် တင်မြ၊ တိုင်းဆယ်တိုင်း ဟု အတိုညွှန်းမည်
၁၅၃။ စိန်တင်၊ ဖက်ဆစ်တော်လှန်ရေး စာ-၄၇၂
၁၅၄။ Burma Army, P. 223
၁၅၅။ ဒေါ်ခင်ရီ(မြန်မာပြန်)၊ ကျွန်တော်ပါဝင်ခဲ့သော မီနာမီကီကန်း၊ (ရန်ကုန်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ ၁၉၈၁)စာ-၁၇၈။ နောင်ကိုးကားပါက ခင်ရီ၊ မီနာမီကီကန်း ဟု အတိုညွှန်းမည်
၁၅၆။ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်"ဟူသောအမည်မှာ နောင်မှပြင်ဆင်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပြီး ပထမစတင်အမည်သတ်မှတ်စဉ်က "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်"ဟူ၍သာဖြစ်သည်။
၁၅၇။ From Fascit Bondage to New Democracy: The New Burma in the New World (Rangoon, Nay Win Kyi Press, 1945) P.2
၁၅၈။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၁၈-၁၉
၁၅၉။ နောက်ဆက်တွဲ (၂)တွင် ဖော်ပြပါမည်။
၁၆၀။ တင်မြ၊ တိုင်းဆယ်တိုင်း၊ စာ-၂၀
၁၆၁။ Anti Facist Organisation
၁၆၂။ တင်မြ၊ တိုင်းဆယ်တိုင်း၊ စာ-၃၉
၁၆၃။ တင်မြ၊ တိုင်းဆယ်တိုင်း၊ စာ-၄၀
၁၆၄။ နောက်ဆက်တွဲ(၃)တွင် ဖော်ပြပါမည်။
၁၆၅။ တင်မြ၊ တိုင်းဆယ်တိုင်း၊ ၁၈-၄၃
၁၆၆။ တင်မြ၊ တိုင်းဆယ်တိုင်း၊ စာ-၁၈-၄၃

အခန်း(၂)

# ဖက်ဆစ်တော်လှန်ရေးတွင် ရခိုင်ပြောက်ကျားတို့၏ အခန်းကဏ္ဍ

ဒုတိယကမ္ဘာစစ် မဖြစ်မီကပင် ရခိုင်တိုင်း၌ နိုင်ငံရေးအသင်းအဖွဲ့များ အခြားအသင်းအဖွဲ့များ၊ များစွာရှိကြသည်။ ပစ္စည်းမဲ့အဖွဲ့၊ မျိုးချစ်အဖွဲ့ နိုးကြားရေးအဖွဲ့၊ ရခိုင်လူငယ်အဖွဲ့ စသဖြင့် အချို့တော်လှန်ရေးကို အခြေပြု၍ အချို့ဂီတကို အခြေပြု၍ အချို့လူတန်းစားဝါဒ၊ အချို့အမျိုးသားရေး၊ အချို့နိုးကြားရန် ရည်ရွယ်ချက်အမျိုးမျိုးတို့ဖြင့် ရှိနေခဲ့ကြရာ တစ်စု တစ်စည်းတည်းရှိရန် ပြည်လုံးကျွတ်ညီလာခံကြီးတစ်ရပ် မင်းပြားတွင် ကျင်းပခဲ့သည်။ ယင်းညီလာခံသည် "ရခိုင်ပြည်လုံးကျွတ်လူငယ်များ ညီလာခံ"ဟုဆိုသော်လည်း တောင်သူလယ်သမား၊ အလုပ်သမား၊ အလွှာစုံပါဝင်ခဲ့သည်။ ယင်းညီလာခံမှ "ရခိုင်တိုင်းရင်းသားလူငယ်အဖွဲ့"ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထို"ရခိုင်တိုင်းရင်းသားလူငယ်အဖွဲ့"တွင် လူငယ်ခေါင်းဆောင်များ၊ တက်ကြွသောစည်းရုံးရေးကေဒါလူငယ်များ၊ ရခိုင်တိုင်းမြို့နယ်ပေါင်းစုံ၊ ရခိုင်တိုင်းတောင်ပိုင်း၊ မြောက်ပိုင်း၊ တောင်ပေါ်ဒေသအထိ စုစည်းပါဝင်လာခဲ့သည်။[၁]

ရခိုင်တိုင်း နိုင်ငံရေးနိုးကြားမှုအတွက် လမ်းပြပေးခဲ့သူ ဆရာတော် ဦးစိန္တာမှုကြီးမှူး၍ (၁၉၃၁)တွင် လယ်သမားညီလာခံတစ်ရပ်ကို ကြာအင်းတောင်ကမ်းနီရွာတွင် အခြေစိုက်ကျင်းပခဲ့သည်။ ယင်းညီလာခံမှစတင်၍ ကျေးရွာအနှံ့ ဝံသာနုစကား၊ ကျွန်ဘဝကို ငြီးငွေ့စက်ဆုတ်လာခြင်း၊ ဗြိတိသျှတို့ မြန်မာမြေမှ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ ယူသွားပြီး လူထုအကျိုးပြုလုပ်ငန်း ဘာတစ်ခုမျှလုပ်မပေးခြင်း သွေးစုတ်ကုမ္ပဏီများ လယ်ပိုင်ရှင်များ ဘက်မှရပ်တည် တရားစီရင်ခြင်းတို့ကို သိမြင်လာ၍ နိုင်ငံရေးအသိစိတ်ဓာတ်နိုးကြားလာပြီးလျှင် ရခိုင်တိုင်းရင်းသားတို့ နိုင်ငံခြားမှလာသော အဝတ်အထည်များကို မဝတ်ဆင်ဘဲ ပြည်တွင်းဖြစ် အထည်များသာ ဝတ်ဆင်လာခဲ့သည်။[၂]

ပထမကျောင်းသားသပိတ်၊ ဒုတိယကျောင်းသားသပိတ်တို့ကြောင့်လည်း ရခိုင်ပြည်သူလူထုတစ်ရပ်လုံး နိုးကြားလာခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဝင်လိုစိတ်များပြင်းထန်လာခဲ့သည်။ ထို့နောက် (၁၉၄၃)တွင် "ရခိုင်ပြည်လုံးဆိုင်ရာ ပညာပြန့်ပွားရေးအသင်း"မှ အသွင်ပြောင်းကာ "ရခိုင်ပြည်လုံးဆိုင်ရာ အဖွဲ့ချုပ်"ဖြစ်လာသည်။ "ရခိုင်ပြည်လုံးဆိုင်ရာအဖွဲ့ချုပ်"နှင့် "ရခိုင်တိုင်း နိုးကြားရေးအစည်းအရုံးတို့ကို စုစည်း၍ "ရခိုင်တိုင်းရင်းသားအစည်းအရုံးကြီး"အဖြစ် ဖွဲ့စည်းခဲ့သည်။[၃]

ရခိုင်တိုင်းတွင် နိုးကြားတက်ကြွလာသော လူငယ်၊ လူကြီး ပညာတတ်များ အကျိုးပေါ်ထွက်လာကာ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့သည်။ ခေါင်းဆောင်မှုပေးနေသော ပုဂ္ဂိုလ်သုံးဦးဖြစ်သည့် ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့မှာလည်း ရဟန်းသံဃာတော်များဖြစ်၍ ရာထူးကိုမမျှော်မှန်းဘဲ တော်လှန်ရေးလူငယ်များနှင့် ကိုက်ညီသော လမ်းညွှန်မှုကိုလည်းကောင်း၊ ခေါင်းဆောင်မှုတာဝန်ယူမှုကိုလည်းကောင်း ပေးနိုင်ခဲ့သည်။ ရခိုင်တိုင်းရင်းသားအစည်းအရုံးနှင့် ရခိုင်တိုင်းလုံးဆိုင်ရာလူငယ်များအဖွဲ့တို့ကလည်း ထိုဆရာတော်တို့အား ဩဝါဒစရိယဆရာတော်များအဖြစ် တင်မြှောက်ထားကြသည်။[၄]

ကျေးရွာမြို့နယ်တိုင်းတွင် တိုက်နယ်အစည်းအဝေး တရားပွဲ၊ မြို့နယ်လုံးကျွတ် တရားပွဲများ ဟောပြောမှုများ ထွန်းကားတိုးတက်လာသည်။ တက္ကသိုလ်ကျောင်းသားနှင့် အထက်တန်းကျောင်းသားသမဂ္ဂများ တစ်ပြည်လုံးအနှံ့အပြား၌ ရှိနေသည်။ သံဃသမဂ္ဂီအဖွဲ့လည်း ရှိသည်။ သံဃသမဂ္ဂီအဖွဲ့မှ ကြီးမှူး၍ စစ်တွေမြို့ ဝက်ဘာကွင်းတွင် နှစ်စဉ်တရားပွဲများ ကျင်းပကာ ရခိုင်တိုင်း၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့်ပတ်သက်၍ အောက်ကျနောက်ကျဖြစ်နေမှုများကို ဟောပြောခဲ့သည်။ ထိုတရားပွဲများကြောင့်လည်း ရခိုင်ပြည်သူလူထု နိုးကြားကာ နိုင်ငံရေးအသိအမြင်များ တိုးပွားလာကြသည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့အား တော်လှန်လိုစိတ်များ ပေါ်ပေါက်လာခဲ့သည်။[၅]

"ရခိုင်တိုင်းလုံးဆိုင်ရာ လူငယ်များအဖွဲ့"နှင့် "ရခိုင်တိုင်းရင်းသား အစည်းအရုံး"တို့ နေရာတိုင်းအနှံ့လှည့်လည် စည်းရုံးလာသဖြင့် စင်ပြိုင်တိုက်ခိုက်မှုများ ဖြစ်လာသည်။ ယင်းကဲ့သို့ဖြစ်လာခြင်းသည်ပင် လူကြီးလူငယ်အကွဲကွဲအပြားပြားဖြစ်လာနိုင်စရာအကြောင်းရှိသည်ကို ကြိုတင်သိမြင်သော ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့က နှစ်ဘက်ခေါင်းဆောင်များကို တစ်စုတစ်စည်းတည်းဖြစ်ရန်အတွက် ဩဝါဒပေးခဲ့ကြသည်။ ထို့ကြောင့် (၁၉၃၉)တွင် "ရခိုင်တိုင်းလုံးဆိုင်ရာ လူငယ်များအဖွဲ့"နှင့် "ရခိုင်တိုင်းရင်းသားအစည်းအရုံး"တို့ ပူးပေါင်းကာ "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"အဖြစ် ဖွဲ့စည်းခဲ့သည်။[၆]

ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံးကြီး၏ ဥက္ကဋ္ဌမှာ ဦးသာဇံလှ(ဝတ်လုံ)၊ ဒု-ဥက္ကဋ္ဌမှာ ဆရာကြီး ဦးအောင်ထွန်းဦး၊

အမှုဆောင်များမှာ မြို့ဟောင်းမှ ဦးကျော်ထွန်းဦး၊ ဦးမောင်နီ၊ စစ်တွေမှ ဦးအောင်သာဦး၊ ဦးစံထွန်းအောင်၊ ဦးဘစံ၊ ဦးရွှေစံဦး၊ ဦးဘိုးခိုင်၊ ဦးယာဆင်၊ ကျောက်တော်မှ ဦးစံထွန်းအောင်၊ ဦးအောင်ဇံဝေ၊ ဦးထွန်းဝင်း၊ ရသေ့တောင်မှ ဦးစိန်ရွှေဦး၊ မင်းပြားမှ ဦးနန္ဒမာလာ၊ ဦးထွန်းစိန်၊ သခင်ဘိုးလှ၊ ဦးဘိုးစံ၊ ဦးမောင်ပိန်၊ ဦးရွှေနန်းဦးနှင့် ပေါက်တောမှ စံသာအောင်၊ တို့ဖြစ်သည်။[၇]

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ပထမအကြိမ်ညီလာခံကို (၂-၃)မေ၊ (၁၉၃၉)တွင် မင်းပြားမြို့၌ ကျင်းပခဲ့သည်။ လူထုအင်အားမှာ ရခိုင်တစ်တိုင်းလုံးမှအင်အားဖြစ်၍ အလွန်ပင်အင်အားတောင့်တင်းသည်။ အလွန်ကြီးကျယ်သော ညီလာခံကြီးဖြစ်သည်။ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ အဓိကရည်ရွယ်ချက်မှာ လွတ်လပ်ရေးရယူရန်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရခိုင်တိုင်းနှင့် မြန်မာပြည်တို့ တန်းတူ၊ စည်းစည်းရုံးရုံး၊ ညီညီညွတ်ညွတ် ရှိခဲ့သည်။ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ ပထမအကြိမ် ညီလာခံသို့ မြန်မာပြည်တို့ဗမာအစည်းအရုံးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ညီလာခံသို့ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်များနှင့် စစ်တကောင်းခရိုင်များမှ ကိုယ်စားလှယ်များစုံညီစွာ တက်ရောက်ခဲ့ကြသည်။ ညီလာခံကြီးကို သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။ အဆိုအရပ်ရပ်နှင့် လုပ်ငန်းအရပ်ရပ်ကို ချမှတ်ခဲ့သည်။ ညီလာခံကြီးမှ ချမှတ်သောအဆိုများမှာ လုံးဝလွတ်လပ်ရေးတောင်းဆိုသည့်အဆို၊ (၉၁)ဌာနအုပ်ချုပ်ရေးကို တောင်းဆိုသည့်အဆို၊ ကိုလိုနီနယ်ချဲ့ဗြိတိသျှနယ်ချဲ့ဝါဒကို ရှုံ့ချသည့်အဆို မြေရှင်ဓနရှင်စနစ်တိုက်ဖျက်ရေးအဆိုများ ချမှတ်ခြင်းနှင့်မှတ်တမ်းတင်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြပြီးလျှင် အမျိုးသားကွန်ဂယက်ကြီး၏ ဒုတိယအကြိမ်ညီလာခံကို ကျောက်တော်မြို့၌ ပြုလုပ်ရန်ဆုံးဖြတ်ကြသည်။ ပထမအကြိမ် ညီလာခံကျင်းပပြီးနောက် တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်အချို့ နိုင်ငံခြားသို့ လျှို့ဝှက်စွာရောက်ရှိနေကြပြီး၊ မကြာမြင့်သောအချိန်မှာပင် လက်နက်များအပြင် လေယာဉ်၊ သင်္ဘောများပါ၊ အကူညီရမည်ဟု သတင်းများ ထွက်လာခဲ့သည်။ အထူးသဖြင့် ဂျပန်စစ်နိုင်သည့်သတင်းသည် အကျော်ကြားဆုံးဖြစ်ခဲ့သည်။ အင်္ဂလိပ်စစ်စခန်းကြီးများ ကျဆုံးသည့်သတင်းများ၊ အင်္ဂလိပ်အရှင်သခင်များ ထွက်ပြေးလျှင် မြေရှင်၊ ဓနရှင်လက်ပါးစေ ဗျူရိုကရက်များ၊ အားကိုးရာမဲ့ဘဝသို့ ရောက်တော့မည်ဆိုသည့်သတင်းများကြောင့် သခင်လူငယ်များ ပိုမိုတက်ကြွစိတ်ထက်သန်လာကြသည်။[၈]

ထိုအချိန် မြေအောက်လျှို့ဝှက်လုပ်ငန်းများအတွက် မြန်မာပြည်မ တို့ဗမာအစည်းအရုံးမှ သခင်တင်မြနှင့်၊ ကိုသိန်းအောင်တို့ ရောက်လာ၍၊ မြေအောက်တော်လှန်ရေးလုပ်ငန်းများကို ဦးပညာသီဟ၊ ဘုံပေါက်သာကျော်၊ ဦးဘစံတို့နှင့် ဆွေးနွေးခဲ့ကြသည်။[၉]

ဤအကြောင်းကို နာယကဆရာတော်ကြီး ဦးစိန္တာသိသွား၍၊ ဦးပညာသီဟနှင့် လျှို့ဝှက်စွာ ဆွေးနွေးကြသည်။ ဦးပညာသီဟ၏မြေအောက်လက်နက်ကိုင်တော်လှန်ရေးလုပ်ငန်းကို ဆရာတော်ဦးစိန္တာက ဆက်လက်လုပ်ကိုင်စေပြီး ဦးစိန္တာအနေဖြင့် ရခိုင်အမျိုးသားတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်နိုင်ရန် ဥပဒေဘောင်အတွင်းမှနေမည်ဖြစ်သည်။ အကယ်၍၊ အင်္ဂလိပ်များ အိန္ဒိယကို ခြေကုတ်ယူကာ ရခိုင်ပြည်မှ ခံစစ်လုပ်လာလျှင် ရခိုင်ရိုးမ၏အနောက်ဘက်တွင် အင်္ဂလိပ်စစ်တပ်မှ နှိပ်စက်တော့မည်၊ စစ်အာဏာဖြင့် လူထုကို မနှိပ်စက်နိုင်ရေးအတွက် တာဝန်ရှိနေသဖြင့် တဖက်သတ်မလုပ်ကြရန်၊ သတိထားလျှက် လုပ်ကိုင်ကြရန် တိုင်ပင်ပြီး ဦးပညာသီဟကို ဂျပန်နှင့်ပူးပေါင်းလုပ်ပါဟုပြောကြားခဲ့သည်။[၁၀]

စစ်တွေခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့တွင် ဦးပညာသီဟနှင့်၊ ဦးစိန္တာတို့အား နာယကဆရာတော်များအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဘုံပေါက်သာကျော်အားလည်းကောင်း၊ ကိုသာထွန်းဦး(ရခိုင်ပြည် ဗကပ ကော်မတီဝင်)၊ ကိုသာကျော် (ဒုဝန်ကြီး)၊ ကိုသာကျော်(အထူးအရာရှိ ဗမာ့တပ်မတော်ဗိုလ်မှူး)တို့ပါဝင်သော ကောက်မတီကို ဖွဲ့လိုက်သည်။[၁၁] ထိုအချိန်တွင် အနယ်နယ်အရပ်ရပ်မှ မငြိမ်မသက်မှု၊ တော်လှန်ရေးဟောပြောမှုများကို ဖမ်းဆီးခြင်း၊ ဥပဒေဖြင့် တားဆီးခြင်းများ ပြုလုပ်လာကြသည်။ မြန်မာနိုင်ငံမြို့နယ်အနှံ့ရှိ သခင်များကို ဖမ်းဆီးခြင်း၊ ရခိုင်ဒေသရှိ ဟောပြောသူများကို ဖမ်းဆီးချုပ်နှောင်ခြင်းများ ပြုလုပ်လာကြသည်။ သို့သော် ဖိနှိပ်မှုအရာမထင်၊ ယခင်ကလို မကြောက်ကြ၊ အချို့ဟောပြောသူများမှာ ရှောင်တိမ်း၍ ခဏနေပြီး ထင်ထင်ပေါ်ပေါ် ဟိုနေရာပျောက် ဒီနေရာရောက် ဟောပြောကြသည်။ တစ်ယောက်နောက်ကိုလိုက်နေချိန်၊ နောက်တစ်ယောက်က အဝေးတစ်နေရာ၌ ဟောပြောမှုပြုလုပ်ခဲ့ကြသည်။ ရိုးရိုးသားသား မိမိအသက်မွေးဝမ်းကျောင်းလုပ်သော အစိုးရအမှုထမ်းများသည် သခင်များ၏ ရန်သူမဟုတ်ကြသည့်အပြင် ပြည်သူလူထု၏ရန်သူလည်းမဟုတ်၊ သို့ဖြစ်၍ မည်သို့မှ မစိုးရိမ်ကြပါရန် ပြည်သူများ၏ရန်သူများကို ယခုလည်း

ဖျောက်ဖျက်ပစ်မည်၊ နောင်လည်းမျိုးဖြုတ်ပစ်မည် စသည်ဖြင့် ဟောပြောရာ အုပ်ချုပ်သူ၊ သူကြီးနှင့် စုံထောက်ပုလိပ်များ၊ မြေရှင်များ လူမိုက်မွေးမြူထားသူများလက်ရွံ့လာကြသည်။[၁၂]

တစ်ဖက်မှ သခင်အဖွဲ့ထဲသို့ မြေရှင်မွေးမြူထားသူများပင်လျှင် ပြောင်ဝင်ရောက်လာကြသည်။ အချို့သူကြီးနှင့် ပုလိပ်ဌာနများသည် အားပေးအားမြှောက်လျှို့ဝှက်လုပ်လာကြသည်။ ယင်းတို့မှာ မိမိဝမ်းစာအတွက် အမှုထမ်းရသော်လည်း လွတ်လပ်ရေးတိုက်ပွဲကို ဆန့်ကျင်လိုသော ဆန္ဒမရှိဟူ၍ဖြစ်လာခဲ့သည်။ (၁၉၄၀)ခုနှစ်ကာလသည် အလွန်ထူးခြားသောကာလဖြစ်သည်။ နယ်ချဲ့ဗြိတိသျှသည် နယ်ခြားဒေသ၌ စစ်ရေးအတွက် ပြင်ဆင်မှုများ လုပ်လာကြ သည်။ မြန်မာနိုင်ငံတစ်ခုလုံးကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်လာခဲ့သည်။ ဂျပန်သည် တရုတ်ပြည်ကို တစ်စစသိမ်းပိုက် လာသည်။ ဤအချိန်တွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ ဒုတိယညီလာခံကို ကျင်းပရန် စည်းရုံးလှုပ်ရှားလျှက်ရှိသည်။ ပြည်သူများ၏ အားပေးမှုကိုလည်း အကြွင်းမဲ့ရရှိခဲ့သည်။ နိုးကြားနေကြပြီးဖြစ်သော ရခိုင်လူမျိုးအားလုံး၊ ချင်းအမျိုးသားများ၊ မြိုအမျိုးသားများ၊ ခမီအမျိုးသားများနှင့် တိုင်းရင်းသား မူဆလင်များပါမကျန် ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။ တို့ဗမာအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ သခင်စိုးနှင့် သခင်ဘသော်တို့လည်း တက်ရောက်ကြသည်။ ကျောက်တော်ညီလာခံသည် အလွန်စည်ကားသည်။ ကျောက်တော်ညီလာခံဖွင့်လျှင်ဖွင့်ခြင်း မျိုးချစ်ကျော်ဦးကို ညီလလာခံအတွင်းမှာ အင်္ဂလိပ်နယ်ချဲ့သမားက ဖမ်းဆီးသည်။ ညီလာခံခေါင်းဆောင်များက လူငယ်များကို အတော်ပင် ထိန်းသိမ်းထားရ၍ အချို့ကို ရှောင်တိမ်းနေဘို့ပင် စီမံထားရသည်။[၁၃] အင်္ဂလိပ်အစိုးရသည် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ လှုပ်ရှားမှုများကို အထူးစောင့်ကြည့်လျှက် ရှိသဖြင့် လူတိုင်းသတိဝိရိယဖြင့် နေကြရသည်။ မကြာမီပင် သခင်ခင်အောင်ကို ဖမ်းဆီးတော့သည်။ အင်္ဂလိပ်နယ်ချဲ့ကလည်း ခေါင်းဆောင်များ တစ်ယောက်ပြီးတစ်ယောက် ဖမ်းဆီးခဲ့သည်။[၁၄] ယင်းတို့မှာ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးအဖွဲ့ဝင်၊ ရခိုင်မျိုးချစ်ပုဂ္ဂိုလ်များဖြစ်ကြသော ဦးသတိုးလှ၊ ဦးမောင်ညို၊ ဦးစံထွန်းအောင်၊ ဦးမြတ်လှမောင်၊ ဦးကျော်ဦး၊ ဦးအောင်သာဦး၊ ဦးဘိုးစံ၊ သခင်ဘိုးလှ၊ ဦးထွန်းစိန်၊ ဦးသတိုးဦး၊ ဦးချစ်ဖား၊ ဦးမောင်သာနိုး၊ ဦးအိုးလောင်၊ ဦးသာထွန်း(ကျောက်ဖြူ)၊ ရမ္ဗာဝတီဦးဘထွန်း၊ သံတွဲခရိုင်မှ ဦးအုန်းကျော်တို့ဖြစ်ကြသည်။ ယင်းတို့ကို အိန္ဒိယအကျဉ်းထောင်သို့ပို့လိုက်သည်။ ဒုတိယကမ္ဘာစစ်ပြီးသည်အထိ အကျဉ်းချထားခြင်းခံရသည်။[၁၅]

ကျောက်တော်ညီလာခံကျင်းပပြီးနောက် (၁၉၄၂)တွင် ရသေ့တောင်ညီလာခံကို ကျင်းပရန် စီစဉ်ထားပြီးဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးလာသဖြင့် မကျင်းပနိုင်ခဲ့တော့ပေ။[၁၆]

စစ်ကြိုခေတ် ကျောက်ဖြူခရိုင်မှ နိုင်ငံရေးခေါင်းဆောင်များမှာ ကဿက ဦးဘိုးမြ(မာန်အောင်)၊ ဦးရွှေဘန်း (ရမ်းဗြဲ)၊ ဦးမဲကျော်ဦး(ရမ်းဗြဲ)၊ ဦးဘိုးနွယ်(ရမ်းဗြဲ)၊ ဦးထွန်းရှိန်(ရမ်းဗြဲ)၊ ဦးလှကျော်(ရမ်းဗြဲ)၊ ကျောက်ဖြူမှ ဦးမောင်ကောင်း၊ ဦးဘထွန်း၊ ဦးသာထွန်း၊ ဦးဘိုးလူ၊ ဆရာသာဟန်နှင့် ဦးတက်နီအောင်တို့ဖြစ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ကျောက်ဖြူခရိုင် နိုင်ငံရေးလှုပ်ရှားမှုများမှာ စုပေါင်းလှုပ်ရှားမဟုတ်ဘဲ မာန်အောင်၊ ရမ်းဗြဲ၊ ကျောက်ဖြူ စသဖြင့် တစ်မြို့စီ သီးခြားလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။[၁၇]

မာန်အောင်တွင် ကဿကဦးဘိုးမြက လက်သမားအဖွဲ့ဖွဲ့ခဲ့သည်။ ကဿကဦးဘိုးမြမှာ ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီဝင်တစ်ဦး ဖြစ်သည်။ ဦးဘိုးမြအဖွဲ့နှင့်အပြိုင် လှုပ်ရှားသူမှာ တို့ဗမာအစည်းအရုံးနှင့်ဆက်သွယ်ထားသော သခင်လူငယ်များဖြစ်သည်။ ယင်းတို့မှာ မာန်အောင်မြို့မှ သခင်လှအောင်၊ သခင်ဘလုံ၊ သခင်သာမောင်၊ သခင်သာထင် တို့က ဦးဆောင်လှုပ်ရှားကြသည်။ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့တွင် နိုင်ငံရေးဦးဆောင်မှုပြုလုပ်သူများသည် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီးနှင့် ဆက်သွယ်မှုရှိခဲ့သည်။[၁၈]

အင်္ဂလိပ်အုပ်ချုပ်ရေးအခြေအနေမှာလည်း လူမြင်သူမြင် ပျက်စီးလာခြင်းဖြစ်သည်။ အင်္ဂလိပ်လေယာဉ်များသည် အိန္ဒိယသို့ ခေါက်တုန့်ခေါက်ပြန် အရေးကြီးသူများ ပို့နေကြသည်။[၁၉]

ဗြိတိသျှတို့အနေဖြင့်လည်း စစ်ရေးပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ဆောင်ရွက်လျက်ရှိစဉ် (၂၃)ဒီဇင်ဘာ (၁၉၄၁)တွင် ဂျပန်က ရန်ကုန်မြို့ကို စတင်ဗုံးကြဲတိုက်ခိုက်တော့သည်။[၂၀] ကျောင်းသားများ သမဂ္ဂနှင့် တို့ဗမာအစည်းအရုံးဝင်များကို လိုက်လံဖမ်းဆီးခဲ့သည်။ သံတွဲမြို့ တို့ဗမာအစည်းအရုံးတွဲဘက်အတွင်းရေးမှူး သခင်အုန်းကျော်အား ဗြိတိသျှတို့က ဖမ်းဆီး၍ အိန္ဒိယသို့ ခေါ်ဆောင်သွားကြသည်။ ဒီဇင်ဘာလကုန် (၁၉၄၁)တွင် သံတွဲယာယီလေဆိပ်ကို ဂျပန်က စတင်ဗုံးကြဲရာ သံတွဲမြို့သူ မြို့သားများ ပြောင်းရွှေ့ခဲ့ကြရသည်။ ထိုအချိန် သံတွဲမှ အင်္ဂလိပ်အစိုးရဆုတ်ခွာပြီး အကျဉ်းသားများကို လွှတ်ပေးခဲ့သည်။ သံတွဲမြို့မှာ မင်းမဲ့ဖြစ်ကျန်ခဲ့သည်။ ထို့ကြောင့် ဝတ်လုံတော်ရ ဦးကျော်ခင်နှင့် ပုသိမ်မှရောက်လာ

သော သခင်ထွန်းစိန်တို့က မြို့ပြထိန်းသိမ်းရေးအဖွဲ့ငယ်တစ်ခုဖွဲ့စည်းကာ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။ ထိုစဉ် တက္ကသိုလ်ကျောင်းသား ကိုကျော်ရင်နှင့် ကိုမြတို့ လာရောက်ပူးပေါင်းကြပြီး ထိုသူတို့ ဦးစီးကာ လက်ရုံးတပ်ကြီးကို ဖွဲ့စည်း၍ မြို့ပြကာကွယ်ရေးကို ဆောင်ရွက်ကြသည်။[၂၁]

(၂၃) မတ်(၁၉၄၂)တွင် စစ်တွေမြို့ကို ဂျပန်တို့ စတင်ဗုံးကြဲတိုက်ခိုက်တော့သည်။[၂၂] ထို့ကြောင့် ရခိုင်တိုင်းဗြိတိသျှအုပ်ချုပ်ရေးအဖွဲ့သည် စစ်တွေမြို့မှ (၃၀)မတ်(၁၉၄၂)တွင် ဆုတ်ခွာသွားရသည်။ အင်္ဂလိပ်စစ်တပ် ဖရိုဖရဲဖြစ်ပြီး အုပ်ချုပ်ရေးပျက်ပြားသွားခဲ့သည်။ စစ်တွေခရိုင်တစ်ခုလုံးမှာ လှုပ်လှုပ်ရှရှဖြစ်နေပြီး စစ်တွေမှလူများ နယ်သို့ပြောင်းရွှေ့လျက်ရှိသည်။ ထိုအချိန်တွင် စစ်တွေခရိုင်ဝန် ဦးဦးကျော်ခိုင်သည် နယ်လှည့်ပြီးအုပ်ချုပ်ရေးတာဝန်ယူ ထိန်းသိမ်းလျက်ရှိသည်။ အင်္ဂလိပ်တို့သည် တိုင်းရင်းသားအစည်းအရုံးဝင်များကို ဖမ်းဆီးရန်အမိန့်ထုတ်ထားသည်။[၂၃]

စစ်တွေမြို့တွင် မြို့ပြအုပ်ချုပ်ရေးပျက်ပြီး မရှေးမနှောင်းတွင် စစ်တွေခရိုင်နယ်ပေါင်းများစွာ မြို့ပေါင်းများစွာတို့တွင်လည်း“မာရှယ်လော[၂၄]”ဖြင့် အုပ်ချုပ်သော အာဏာရှင်များ အများအပြားပေါ်လာသည်။ ဦးဂန္ဓမာက မြို့ဟောင်းနှင့်မြို့ဟောင်းမြို့နယ်တစ်ဝှမ်းတွင်လည်းကောင်း၊ ဦးသိန်းကျော်အောင်၊ ဦးကျော်ယနှင့် ဦးပန်းသာအောင်တို့က မင်းပြားမြို့နှင့် မင်းပြားမြို့နယ်တွင်လည်းကောင်း၊ ပေါက်တောနယ်တွင် ဦးထွန်းလှအောင်ကလည်းကောင်း၊ ငါမင်း ငါချင်းစနစ်“မာ့ရှယ်လော”ဖြင့် အုပ်ချုပ်လျက်ရှိသည်။[၂၅]

ဤသို့မြို့အုပ်ချုပ်ရေးပျက်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နေ၍ ရခိုင်တိုင်းမြေအောက်တော်လှန်ရေးအဖွဲ့သည် ဆုတ်ခွာနေသော အင်္ဂလိပ်တပ်မှလက်နက်များကို ရရှိအောင်ကြိုးပမ်းသည်။ အင်္ဂလိပ်တပ်မှ ကရင်၊ ဗမာစစ်သားများကို တပ်ပြေးများဖြစ်အောင် စည်းရုံး၍လက်ခံစောင့်ရှောက်ထားခဲ့သည်။ ဤသည်ကို မူဆလင်အမျိုးသားတို့က သူတို့အားတိုက်ရန် လက်နက်လူသူစုဆောင်းသည်ဟု ယူဆခဲ့ဟန်တူသည်။ ယင်းတို့ကလည်း လက်နက်လူသူများ စုဆောင်းလာခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားတို့က ထိုကိစ္စကို မသိကြ။ အင်္ဂလိပ်ကို တိုက်ရန်သာ တာဆူနေခဲ့သည်။[၂၆]

ထိုသို့ဖြစ်နေစဉ် မြေပုံမြို့နယ်၊ ချောင်းကြီးကုလားရွာနှင့် တပ်ရာကုလားရွာကြီးများတွင် ရာဂျာပုတ်[၂၇]စစ်သားများအား ငှားထားပြီးဖြစ်သည်။ မြေပုံမြို့နယ်ကို အကြမ်းမျှ မြင်နိုင်ရန် တင်ပြရလျှင် (၁)ရက်ချောင်းကုလားရွာအိမ်မြေ(၁၅၀၀)၊ (၂) ရက်သီကုလားရွာအိမ်ခြေ (၈၀၀)၊ (၃) ချောင်းကြီးကုလားရွာ အိမ်ခြေ (၁၂၀၀)၊ (၄) တပ်ရာကုလားရွာအိမ်ခြေ(၉၀၀)၊ (၅) ဝါးခတ်ချောင်းကုလားရွာအိမ်ခြေ(၆၀၀)၊ (၆)ကညင်တောကုလားရွာအိမ်ခြေ(၅၀၀)၊ (၇) သပြေတောကုလားရွာအိမ်ခြေ(၆၀၀)၊ (၈) ကျောက်ခမောင်းကုလားရွာအိမ်ခြေ(၈၀၀)စသည်ဖြင့် ကုလားရွာကြီးများရှိကြ၏။ ရခိုင်ကျေးရွာများမှာ ကြာအင်းတောင်အိမ်ခြေ(၂၀၀)၊ ကြန့်ဟင်းခါးအိမ်ခြေ(၈၀)၊ မင်းဂါတ်အိမ်ခြေ(၃၀၀)၊ ကျောက်ငနွားအိမ်ခြေ(၂၀၀)၊ ရှောက်ခုံအိမ်ခြေ(၅၀)၊ ချောင်းကြီးရွာအိမ်ခြေ(၃၀)၊ ကန့်ကော်ချောင်းအိမ်ခြေ(၅၀)၊ (ဤရွာတို့သည် ကုလားရွာများတစ်ဆက်တည်းရှိသော ရွာများကို ဖော်ပြခြင်းသာဖြစ်သည်) ရက်ချောင်း ရခိုင်ရွာအိမ်ခြေ (၆)၊ မီးကျောင်းတက်အိမ်ခြေ(၂၀)တို့ဖြစ်ကြလေသည်။ မြေပုံမြို့နယ်ရှိ သေးနုတ်သောကုလားရွာများနှင့် ရခိုင်ရွာများ ရှိနေသေးသည်။[၂၈]

မြေပုံမြို့နယ်သည် နိုင်ငံရေး အနိုးကြားဆုံး၊ လူထုညီညွတ်မှုလည်း အရှိဆုံးမြို့နယ်ဖြစ်သည်။ ကုလားအများစုရှိနေသည့်နေရာသည် တော်လှန်ရေး၏အဓိကနယ်ဖြစ်သည်။ နာယကဆရာတော်ကြီး ဦးစိန္တာ၏ ပင်ရင်းအမာခံနယ်လည်းဖြစ်သည်။ တော်လှန်ရေးအတွက် အနယ်နယ် အရပ်ရပ်မှလူများ အရောက်များနေသည့်အပြင် တိမ်းရှောင်နေသူများလည်းဤနယ်မြေဆရာတော်ကြီး၏ ဩဇာအောက်တွင် ရှိနေကြသည်။ တစ်နေ့ညအချိန်တွင် ချောင်းကြီးကုလားရွာမှ ရခိုင်ရွာအနီးသို့လာ၍ သေနတ်သုံးချက်ပစ်ဖောက်လိုက်သည်။ သေနတ်ပစ်ဖောက်သူများမှာ မူဆလင်အမျိုးသားများဟု ထင်ရသည်။ သေနတ်သံကြောင့် လူများ ကြောက်လန့်တကြား ပြေးလွှားကြရာ ကလေးတစ်ဦးရေထဲကျ၍ သေဆုံးသွားသည်။ ဤပြဿနာဖြစ်ချိန် ရွာသူကြီး ရွာထဲ၌ မရှိခိုက်ဖြစ်သည်။ ထိုဒေသ၏ထုံးတမ်းစဉ်လာအရ တစ်ရွာလုံးအရေးကြုံလာလျှင် တက်ခေါက်၍အချက်ပေးကာ တစ်ရွာပြီးတစ်ရွာ တက်ခေါက်လျှက် ရွာတိုင်းမှ လက်နက်ကိုယ်စီဖြင့် ပထမစ၍တက်ခေါက်သည့်ရွာသို့ လာရသည်။ ဤသို့တက်ခေါက်၍အချက်ပေးလိုက်ရာ ယောကျ်ားကြီးငယ် လက်နက်ကိုယ်စီဖြင့်ပထမရွာသို့ ရောက်လာခဲ့သည်။ သူကြီးလည်း မရှိသဖြင့် စောင့်စားနေကြသည်။ မကြာမီသူကြီး ဦးဘိုးသာပြန်ရောက်လာပြီး ကုလားများအင်အားပြသည်ဟု ယူဆကာ အလွန်ဒေါသထွက်ခဲ့သည်။ ရောက်လာသောလူများနှင့် အစည်းဝေးလုပ်ကာ ကုလားများကို မောင်းထုတ်ပစ်ဘို့ ဆုံးဖြတ်ရာ ကန့်ကွက်မည့်သူမရှိခဲ့။ မကြာပါ ကန့်ကော်ချောင်းရွာမှ တက်ခေါက်သံကြား၍လိုက်သွားရာ ကုလားများ ဝိုင်းထားသည်ဟု သိရသည်။ သို့ဖြစ်၍ ရခိုင်အမျိုးသားများ လက်နက်ကိုယ်စီဖြင့်

ကုလားများထံ လိုက်သွားပြီး မှီသည့်နေရာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကုလားများ ထွက်ပြေးသဖြင့် အကြီးအကျယ်မဖြစ်ခဲ့ပေ[၂၉]။

မိုးလင်း၍ စိတ်ချရပြီထင်ကာ လူများ မိမိတို့နေရာအသီးသီးသို့ ပြန်သွားကြရာ (၈၀၀)တွင် (၄၀)ခန့်သာကျန်တော့သည်။ သူကြီးလည်းအိပ်မောကျလျှက်ရှိသည်။ နံနက် (၈)နာရီခွဲခန့်တွင် ကုလားများလက်နက်ကိုယ်စီဖြင့်လာနေကြောင်း ကင်းစခန်းမှ သတင်းရသည်။ သူကြီးကို နှိုးရာမရတော့သဖြင့် ရှိသမျှလူများ စုရုံးကာ သခင်ဗစိန်ဦးဆောင်လျှက် ကုလားများ လာရာဘက်သို့သွား၍ ရင်ဆိုင်တိုက်ခိုက်ကြတော့သည်။ ထိုတိုက်ပွဲတွင် သူကြီးညီအစ်ကိုသုံးဦးနှင့်လူပေါင်း (၁၅)ဦးခန့်သေဆုံးပြီး ကျန်လူများ အရပ်လေးမျက်နှာသို့ ထွက်ပြေးကြသည်။ ထိုသတင်းကြောင့် ကျေးရွာလူထုလည်း ကုလားများနှင့် ဝေးရာသို့ထွက်ပြေးကြသည်။ ဤသို့မရည်ရွယ်ဘဲ ဖြစ်လာသော အဓိကရုဏ်းကြောင့် သခင်လူကြီး၊ လူငယ်များ အနယ်နယ်အရပ်ရပ်သို့ စာဖြင့်လှမ်း၍အကူအညီတောင်းကြသည်။ ရှိသမျှရွှေငွေများ ရောင်းချလျှက် အင်္ဂလိပ်စစ်ပြေးများထံမှ လက်နက်ဝယ်ယူကြသည်။ အချို့နေရာ၌ ဗုဒ္ဓဘာသာစစ်ပြေးများသည် အရေးကြီး၍သွေးနီးကာ လူပါဝင်ရောက်ကူညီရန် လိုက်လာကြသည်။ သခင်များကလည်း စစ်ပြေးများကို စည်းလုံး၍ အဓိကရုဏ်းဖြစ်ရာသို့ ခေါ်ဆောင်လာခဲ့သည်။ အင်္ဂလိပ်စစ်ပြေးကရင်ဗမာ စစ်သားများနှင့် အင်္ဂလိပ်တပ်ဆုတ်ရာတွင် ကျန်နေခဲ့သော ရာဂျာပုပ်စစ်သားများနှစ်ဘက်လုံးမှ ကူညီတိုက်ခိုက်ကြသဖြင့် လူအသေအပျောက်များလှသည်။[၃၀]

ဤသို့ စစ်တွေခရိုင်တွင် အုပ်ချုပ်ရေးပျက်ပြားလျက်ရှိစဉ် ရှေးယခင်ကပင် အမြစ်တွယ်ခဲ့သော ရခိုင်တိုင်းရင်းသားများနှင့် မူဆလင်အမျိုးသားများ၏ မကြေနပ်မှုများသည် ကုလား-ရခိုင်အဓိကရုဏ်းအဖြစ် ပြင်းထန်စွာ ပေါက်ကွဲတော့သည်။ အဓိကရုဏ်းဖြစ်ရခြင်းမှာ ရခိုင်ပြည်သည် ရာသီဥတုကောင်းမွန်ပြီး မြေသြဇာလည်းကောင်းသဖြင့် စပါးစိုက်ပျိုးရန်လွယ်ကူသည်။ ရခိုင်လယ်သမားများသည် မိမိတို့ထွန်ယက်သောလယ်များကို ကောက်စိုက်ခြင်းမပြုဘဲ ပျိုးကြဲလျှက် စပါးစိုက်ပျိုးကြသည်။ ထွက်လာသောစပါးများမှာ များလွန်းသဖြင့် လယ်သမားများ ရိတ်၍ပင် မနိုင်ကြ။

အင်္ဂလိပ်အစိုးရက ထိုအချက်ကို သိသဖြင့် စစ်တကောင်းဘက်မှ ခေါ်တောကုလားခေါ် ဘင်္ဂလီကုလားများကို ရခိုင်သို့ခေါ်ဆောင်၍ စပါးရိတ်ခိုင်းသည်။ ကုလားများမှာ ဆင်းရဲလွန်းသဖြင့် စပါးရိတ်ခအတွက် စပါးအနည်းငယ်ရလျှင်ပင် ကျေနပ်စွာပြန်သွားကြသည်။ အင်္ဂလိပ်အစိုးရခေါ်ဆောင်လာသော ကုလားဦးရေမှာ တစ်နှစ်လျှင် သောင်းနှင့်ချီရှိသည်။ နှစ်စဉ်ပင် အချို့သောဘင်္ဂလီများသည် ဌာနေသို့မပြန်တော့ဘဲ ရခိုင်တွင်ပင် အိမ်ရာတည်ထောင်လျှက်လယ်လုပ်စားကြသည်။

ယင်းကုလားများမှာ လယ်ပိုင်ရှင်များထံ အလုပ်လုပ်ရာတွင် အခကြေးငွေအနည်းငယ်သာယူခြင်း၊ အလုပ်ကြိုးစားလုပ်ခြင်းတို့ကြောင့် လယ်ထွန်ခွင့်ပို၍ တွင်တွင်ကျယ်ကျယ်ရလာကြသည်။ ယင်းတို့ တွင်ကျယ်လာသည်နှင့်အမျှ ရခိုင်လယ်သမားများမှာ အလုပ်လက်မဲ့ဖြစ်လာကြသည်။ ဤအချက်ကို မကြေနပ်သော တောနေလူထုသည် အခွင့်အရေးကိုစောင့်စားလျှက်နေခဲ့ရာ ယခုကဲ့သို့ စစ်ကြီးဖြစ်၍ အုပ်ချုပ်သူကင်းမဲ့လာချိန် ထိန်းသိမ်းရန် နိုင်ငံရေးခေါင်းဆောင်များတိမ်းရှောင်နေရချိန် သူတို့အတွက် အခွင့်ကောင်းကြီးဖြစ်၍ ဤသို့အဓိကရုဏ်းအဖြစ် ပေါက်ကွဲရခြင်းဖြစ်သည်။[၃၁]

ကုလား-ရခိုင်အဓိကရုဏ်းဖြစ်ရခြင်းသည် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးများအနက် “သွေးခွဲအုပ်ချုပ်ရေး”[၃၂]သည်အဓိကအရင်းခံ ကမ္ဘပိုင်းတရားခံဖြစ်သည်။ နယ်ချဲ့ဗြိတိသျှသည် ကလိန်ကျသောနည်းဖြင့် ရခိုင်ပြည်အား ကိုလိုနီဘဝသို့သွတ်သွင်းခဲ့စဉ်ကစ၍ ရခိုင်အမျိုးသားလွတ်လပ်ရေးတိုက်ပွဲသည် လက်နက်စွဲကိုင်နည်းဖြင့်လည်းကောင်း၊ နိုင်ငံရေးနည်း၊ စည်းရုံးရေးနည်းများဖြင့်လည်းကောင်း၊ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံတို့တွင် ထင်ရှား၍ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်သည့် ခေါင်းဆောင်တစ်ဦးဖြစ်သော ရခိုင်အမျိုးသားဆရာတော် ဦးဥတ္တမနှင့်ရခိုင်အမျိုးသားခေါင်းဆောင် အဆက်ဆက်တို့မှာ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တိုက်ဖျက်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့သည်ယင်းတို့၏အုပ်ချုပ်ရေးတည်တံ့မှုအတွက် ရခိုင်ပြည်တွင် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖြင့် အသက်သွင်းခဲ့ကြသည်။ နိုင်ငံခြားမှ ရာပေါင်းများစွာသော ကုလားများကို ရခိုင်ပြည်သို့ခေါ်လာပြီး ကုလားမြေရှင်စနစ်ကို ထူထောင်ပေးခဲ့သည်။ ကုလားမြေရှင်ကြီးများသည် ဇရာမအတိုးကြီးစားစနစ်ဖြင့် ရခိုင်လယ်သမားတို ကျွဲနွားများဝင်လာလျှင် ပြန်မပေးဘဲ ထားခြင်းများပြုလုပ်ကြသည်။ ထို့ကြောင့် ကုလားခနရှင်၊ မြေရှင်များနှင့် ရခိုင်အမျိုးသားလယ်ယာမဲ့များ၏ ပဋိပက္ခမှာနှစ်ပေါင်းများစွာကပင် အမြစ်တွယ်လာခဲ့သည်။[၃၃]

လက်ရှိဗြိတိသျှနယ်ချဲ့ဆန့်ကျင်မှုတွင်လည်း ကုလားခနရှင်များသည် အစဉ်အလာအားဖြင့် ဗြိတိသျှတို့၏မြှောက်ပင့်ပေးချက်အရ ရခိုင်မျိုးချစ်ဆန့်ကျင်တော်လှန်ရေးသမားများအား ဖမ်းဆီးပြီး အိန္ဒိယထောင်သို့ ပို့စဉ်က ဗြိတိသျှ

နယ်ချဲ့အလိုကျ ရခိုင်မျိုးချစ်တို့၏ သတင်းများကိုလည်း ထောက်လှမ်းပေးရသည်။ ထိုအချက်ကိုလည်း ရခိုင်တိုင်းရင်းသားများ မကြေမနပ်ဖြစ်ပြီး အခါအခွင့်စောင့်စားလျှက်ရှိစဉ် ရခိုင်တိုင်း၌ ဗြိတိသျှအုပ်ချုပ်ရေးပျက်ပြားကာ ရခိုင်ခေါင်းဆောင်များ ရှောင်တိမ်းနေချိန်တွင် ထိုမကြေနပ်မှုများသည် ကုလား-ရခိုင်လူမျိုးရေး အဓိကရုဏ်းအဖြစ် ပေါက်ကွဲတော့သည်။ တိုင်းရင်းသားမူဆလင်များကို မတိုက်ခိုက်ဘဲ နိုင်ငံခြားသားကုလားများကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် အဓိကရုဏ်းကြီးသည် မြေပုံမြို့နယ် ယက်ချောင်းရွာမှ စတင်ဖြစ်ပွားခဲ့ပြီး ယင်းမှတဆင့် မင်းပြား၊ မြို့ဟောင်း၊ ကျောက်တော်မြို့နယ်များသို့ ကူးစက်သွားခဲ့သည်။ အဓိကရုဏ်းဖြစ်ပွားရာဒေသများတွင် ရခိုင်အမျိုးသား၊ အိန္ဒိယအမျိုးသားဦးရေ အနည်းအများအလိုက် အင်အားများသောဘက်က အနိုင်ယူသတ်ဖြတ်၍၊ မီးရှို့မှုများ ရက်စက်စွာပြုလုပ်လာကြသည်။ အင်အားနည်းသောဘက်ကို အကူညီပေးရန် ဓား၊ လှံ၊ လက်နက်များ ကိုင်ဆောင်ထားသော လက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ရခိုင်တိုင်းရင်းသားများဘက်မှ မိမိကိုယ်ကို အာဏာရှင်ဟု အမည်ခံသော သိန်းကျော်အောင်၊ မောင်ကျော်ယ၊ ဦးဂန္ဓမာ စသူတို့ဦးဆောင်သော လက်နက်ကိုင်တပ်ဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ အိန္ဒိယအမျိုးသားဘက်မှလည်း အုပ်စုလိုက်ဖွဲ့ကာ တိုက်ခိုက်မှုများ ပြုလုပ်လာကြသဖြင့် အဓိကရုဏ်းကြီးသည် ထိန်းမနိုင်သိမ်းမရဖြစ်ကာ သွေးချောင်းစီးခဲ့သည်။[၃၄]

လူမျိုးရေးအဓိကရုဏ်းကြီးကြောင့် တိုင်းလုံးဆိုင်ရာမှ နာယကဆရာတော်များ ဦးဆောင်သော ကျေးရွာကာကွယ်ရေး တပ်ဖွဲ့များ ပေါ်ပေါက်လာသည်။ မြေပုံမြို့နယ်တွင် ဆရာတော် ဦးစိန္တာဦးဆောင်သော ကျေးရွာကာကွယ်ရေးတပ်ဖွဲ့၊ မြို့ဟောင်းနှင့် ကျောက်တော်မြို့နယ်တွင် ဆရာတော် ဦးပညာသီဟ ဦးဆောင်မှုဖြင့် ဗိုလ်ကြာလှအောင် ခေါင်းဆောင်သော ကာကွယ်ရေးတပ်ဖွဲ့တို့ ပေါ်ပေါက်လာခဲ့သည်။ ယင်းတို့သည် နောင်ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲမည့် "ရခိုင်ပြည်ကာကွယ်ရေးတပ်"[၃၅]များဖြစ်ကြသည်။

အဓိကရုဏ်းပြေငြိမ်းရေးအတွက် တိုင်းလုံးဆိုင်ရာမှ ခေါင်းဆောင်ကြီးများ ကြိုးစားကြသည်။ သို့သော် အဓိကရုဏ်းပြေငြိမ်းရေးဆောင်ရွက်ချက်များသည် ထိရောက်မှုမရှိခဲ့ပေ။ တိုင်းလုံးဆိုင်ရာမှ ခေါင်းဆောင်များဖြစ်သော ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးညိုထွန်း၊ ဦးကြာလှအောင်၊ ဦးထွန်းဝင်းတို့ကတဖွဲ့၊ ဦးအောင်ဇံဝေ၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ ဦးညိုလှဖြူ အစ္စလာမ်ဘာသာဝင် စစ်တွေအမျိုးသားကျောင်းဆရာ မစ္စတာ ဇော်နော်ဒင်၊ မစ္စတာအဘူခါတို့က တဖွဲ့အဖွဲ့နှစ်ဖွဲ့ခွဲကာ အဓိကရုဏ်းဖြစ်ပွားရာ ဒေသရှိရွာများသို့ လှည့်လည်၍အဓိကရုဏ်းပြေငြိမ်းရေးတရားများ ဟောပြောခဲ့သည်။ နောက်ဆုံးတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ "အိန္ဒိယအမျိုးသား၊ ကလေး၊ လူကြီး၊ မိန်းမ မကျန်သတ်ဖြတ်ခြင်းတို့ လုံးဝလက်မခံနိုင်ကြောင်း၊ အိန္ဒိယသို့ထွက်ခွာလိုသူတို့ ဘေးရန်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သွားခွင့်ပေးရမည်။ ဤမေတ္တာရပ်ခံချက်ကို မလိုက်နာပါက တိုင်းလုံးဆိုင်ရာမှ ကြီးလေးသော အပြစ်ဒဏ်ပေးမည်။"ဟု ကြေငြာခဲ့သည်။ အိန္ဒိယအမျိုးသားတို့ထွက်ခွာရန် အချိန်သတ်မှတ်ပေးခြင်း ကူးတို့စီစဉ်ပေးခြင်းတို့ ပြုလုပ်ပေးခဲ့သော်လည်း အိန္ဒိယအမျိုးသားတို့က မယုံကြည်သဖြင့် ကုလားရွာကြီးများတွင် စုပေါင်းနေထိုင်ကာ လက်နက်လူသူပိုမို စုဆောင်းလာသည်။ အိန္ဒိယအမျိုးသားတို့ကလည်း ယင်းတို့လူအင်အားများရာ ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်ဘက်သို့ စုရုံးသွားကြသည်။[၃၆]

ဘူးသီးတောင်၊ မောင်းတောနေ ရခိုင်တိုင်းရင်းသားများသည် အရေးပိုင်ရုံးစိုက်ရာ ဘူးသီးတောင်မြို့သို့ စစ်ပြေးခိုလှုံကြရသည်။ ရခိုင်တိုင်း ဗြိတိသျှအုပ်ချုပ်ရေး ဆုတ်ခွာရာ၌ လိုက်ပါမသွားသော အရေးပိုင် ဦးဦးကျော်ခိုင်သည် ဘူးသီးတောင်မြို့၌ ရခိုင်တိုင်း ရခိုင်ဝန်ရုံးစိုက်လျှက် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသည်။ ထို့ကြောင့် ဘူးသီးတောင်မြို့တွင် ကရင်တပ်စု(ယခင်ဘားမားဘော်လန်တီယာ[၃၇] တပ်သားများ)ရဲတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိလူငယ်များသည် ခရိုင်ဝန်ရုံးပြောင်းရွှေ့စဉ်က ပါလာသော လက်နက်ခဲယမ်းများဖြင့် မြို့စောင့်ကာကွယ်ရေးအဖွဲ့ဖွဲ့စည်းကာ လက်နက်အပြည့်အစုံနှင့် လာရောက်တိုက်ခိုက်လေ့ရှိသော၊ အိန္ဒိယအမျိုးသားများကို ခုခံကာကွယ်နိုင်ခဲ့သည်။[၃၈]

ထိုအခြေအနေတွင် ရခိုင်စစ်ကြောင်းချီ ဗိုလ်ရန်အောင် ဦးဆောင်သော ဘီအိုင်အေတပ်သည် ရခိုင်တိုင်းသို့ ချီတက်ရောက်ရှိလာခဲ့သည်။ ရခိုင်စစ်ကြောင်းချီ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဗိုလ်ရန်အောင် ဦးဆောင်လျှက် ဧပြီ (၁၉၄၂)တွင် တောင်ကုတ်လမ်းမှတဆင့် ရခိုင်တိုင်းသို့ ချီတက်လာခဲ့သည်။ မြန်မာပြည်မြောက်ပိုင်း စစ်ဆင်ရေးအတွက် ချီတက်လာသော ဘီအိုင်အေ တပ်မတော်သည် ပြည်မြို့၌ ဗိုလ်မှူးကြီး စူဇူကီးက အိန္ဒိယမြန်မာနယ်စပ်ရှိ အရေးပါသော စစ်တွေမြို့ကို သိမ်းပိုက်ရေး တပ်ဆွယ်တစ်ခုစေလွှတ်ရန် ဗိုလ်အောင်ဆန်းအား အမိန့်ပေးသဖြင့် ထိုတပ်ဆွယ်ကို ဗိုလ်ရန်အောင်က ကွပ်ကဲကာ ဂျပန်ဗိုလ်တာနာကာ၊ တပ်ကြပ်နာဂါမီ[၃၉]တို့က အကြံပေးအရာရှိများအဖြစ်

တပ်သား(၄၀၀)နှင့်အတူ ရခိုင်တိုင်းသို့ ချီတက်လာခဲ့၏။[၄၀]ဘီအိုင်အေတပ် ရခိုင်တိုင်းအတွင်း ချီတက်လာရာလမ်း တစ်လျှောက်တွင် လွတ်လပ်ရေးကိုလိုလားကြသော ရခိုင်တိုင်းရင်းသား လူကြီးလူငယ်မြောက်မြားစွာတို့ ဘီအိုင်အေ တပ်သို့ ဝင်ရောက်လာခဲ့ကြသည်[၄၁]။

ဤသို့နိုင်ငံရေးအခြေအနေ ရှုတ်ထွေးနေချိန်တွင် ဗိုလ်ရန်အောင် ဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် တောင်ကုတ်မှလှေကြီးများဖြင့် ချီတက်လာရာ (၂၈)ဧပြီ (၁၉၄၂)တွင် မင်းပြားသို့ ဆိုက်ရောက်လာခဲ့သည်။[၄၂] မင်းပြားတွင် ဗိုလ်ရန်အောင်တပ်ရှိနေစဉ် မန်အောင်မှ သခင်လှအောင်၊ ကိုစောမြ၊ ကိုစံဖော်၊ သခင်ဘလုံ၊ သခင်ထွန်းရှိန်၊ ကိုဘိုးနွယ်၊ ကိုဘိုးဝေတို့ရောက်လာပြီး ဗိုလ်ရန်အောင်နှင့်တွေ့ဆုံသည်။ ဗိုလ်ရန်အောင်အနေဖြင့် စစ်တွေကို သိမ်းပိုက်ရေးသည် အရေးကြီးကြောင်း ထို့ကြောင့် ကျောက်ဖြူ ရမ်းဗြဲဘက်သို့ မလှည့်နိုင်ကြောင်း လိုအပ်ပါက ဗိုလ်မင်းလွင် တစ်ဦးတည်းကိုသာ ထည့်လိုက်နိုင်မည်ဟု ပြောသဖြင့် အဆိုပါရဲဘော်တို့သည် ဗိုလ်မင်းလွင်နှင့်အတူ ရမ်းဗြဲသို့ ပြန်သွားကြသည်။ ထိုရဲဘော်များသည် လက်နက်စုဆောင်းပြီး ရမ်းဗြဲ၊ မာန်အောင်သို့သွားကာ မြို့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့ကြသည်။ ဦးစံဘော်၊ ကိုဘလုံ၊ ဦးထွန်းရှိန်တို့သည် ရမ်းဗြဲ၊ မာန်အောင်တို့၏ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကြသည်။[၄၃]

ကျောက်ဖြူတစ်မြို့တည်းသာ ကျန်တော့သည်။ ကျောက်ဖြူကို ရဲတပ်ဖွဲ့မှ ထိန်းသိမ်းလျှက်ရှိသည်။ ဗိုလ်မင်းလွင်နှင့် ဦးစံဘော်တို့ ဆွေးနွေးကြရာ ဦးစံဖော်က ကျောက်ဖြူမြို့ထဲသို့ အရင်ဝင်၍ ရဲတပ်ဖွဲ့နှင့်ညှိနှိုင်းရန်၊ ပြီးမှ ဗိုလ်မင်းလွင်တို့အား လာခေါ်ရန်ဖြစ်သည်။ ညှိနှိုင်းထားသည့်အတိုင်း ဦးစံဖော် မြို့တွင်းသို့ဝင်၍ ရဲတပ်ဖွဲ့နှင့်တွေ့ဆုံပြီး "ဗိုလ်ရန်အောင်တပ် ရခိုင်တိုင်းသို့ ချီတက်ရောက်ရှိနေပြီဖြစ်သဖြင့် လက်နက်အပ်ရန်လိုကြောင်း"ပြောကြားသည်။ ယင်းသို့ပြောကြားနေစဉ်မှာပင် ဗိုလ်မင်းလွင် ဦးဆောင်ပြီး ဒေသခံရဲဘော် ၁၀၀ ခန့်လိုက်ပါ၍ မြို့တွင်းသို့ ဝင်လာခဲ့သည်။ မြို့ခံရဲတပ်ဖွဲ့က ဦးစံဖော်ပြောစကားကို မယုံကြည်ဘဲ ရှိနေစဉ် ဗိုလ်ရန်အောင်တပ် ချီတက်လာသည်။ သို့သော် ဗိုလ်မင်းလွင်တစ်ဦးသာ ပါပြီး ကျန်ရဲဘော်များမှာ ဒေသခံများဖြစ်သဖြင့် မြို့ခံရဲတပ်ဖွဲ့က မြို့အုပ်ချုပ်ရေးအာဏာ မအပ်ဘဲ ရှိနေခဲ့သည်။ ဗိုလ်မင်းလွင် အနေဖြင့် ရသမျှလက်နက်စုဆောင်း၍ လူ(၁၀၀)ခန့်ပါသော်လည်း ကျောက်ဖြူရဲတပ်ဖွဲ့ကို လက်နက်ချင်း မယှဉ်နိုင်ပေ။ ထို့ကြောင့် ရဲတပ်ဖွဲ့ကို တိတ်တိတ်ဝင်စီးရန် ကြံသေးသည်။ သို့သော်လည်း လက်နက်ချင်းမယှဉ်နိုင်ပြန်သဖြင့် ရမ်းဗြဲသို့ တပ်ဆုတ်ပြီး ဗိုလ်ရန်အောင်ကို ပြောကြားရန် ဗိုလ်ရန်အောင်ရှိရာ စစ်တွေသို့ ချီတက်ခဲ့ရသည်။ ဗိုလ်မင်းလွင်နှင့်အတူ ဦးစံဖော်၊ သခင်လှအောင်၊ ဦးထွန်းရှိန်၊ ဦးသာထင်၊ ဦးထွန်းအောင်၊ ဦးသာမောင်တို့ လိုက်ပါကာ ဗိုလ်ရန်အောင်နှင့်ဆွေးနွေးခဲ့ကြသည်။ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးကိစ္စအတွက် ဗိုလ်ရန်အောင်၊ ဆရာတော်ဦးစိန္တာတို့ ဆက်လက်ဆွေးနွေးကာ ဗိုလ်ရန်အောင် ရခိုင်တိုင်းမှ ပြန်ဆုတ်ချိန် ဇူလိုင်(၁၉၄၂)တွင် ဦးတက်နီအောင်၊ ဦးမြဖေ၊ ဦးမောင်ကောင်းတို့ ဦးဆောင်သော ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောက်ဖြူခရိုင် ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့အတွက် သခင်လှအောင်၊ သခင်ဘလုံ၊ ဦးစံဖော်တို့ဦးဆောင်သော အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရသည်။[၄၄]

ဗိုလ်ရန်အောင် ရခိုင်တိုင်း မင်းပြားမြို့နယ်၌ ရှိနေစဉ် ကိုမြ(ရန်ကုန်တက္ကသိုလ်ကျောင်းသား သမ္မဂ္ဂ ဒုဥက္ကဋ္ဌနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းမှ စစ်တွေခရိုင်မြေအောက်တော်လှန်ရေးအတွက် တာဝန်ပေးထားသူ)၊ ဘုံပေါက်သာကျော်၊ ဦးဘစံတို့ စုစည်းပြီး ယင်းတို့၏စည်းရုံးလှုပ်ဆော်မှုဖြင့် ဘီအိုင်အေသို့ တပ်သားသစ်များ များစွာဝင်ရောက်ခဲ့ကြသည်။[၄၅]

ဗိုလ်ရန်အောင် ဦးဆောင်သော ဘီအိုင်အေတပ်သည် စစ်တွေကို သိမ်းရန် မင်းပြားမှ လှေကြီးများဖြင့် ပုဏ္ဏားကျွန်းအထက် ဟင်းခရော်သို့ လာခဲ့ကြသည်။ ယင်းအရပ်မှ ကုလားတန်မြစ်ဘေးရှိ ပုဏ္ဏားကျွန်းကို ဝင်သိမ်းခဲ့သည်။ ဗိုလ်ရန်အောင်တပ် ပုဏ္ဏားကျွန်းတွင်ရှိစဉ် ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ ဦးညိုထွန်း၊ ဦးမောင်နီတို့ လာရောက်တွေ့ဆုံခဲ့ပြီး စစ်တွေသို့ ဆက်လက်လိုက်ပါခဲ့သည်။ ပုဏ္ဏားကျွန်းမှ ရခိုင်ရဲဘော်များဖြစ်သော ကိုသာထွန်းအောင်၊ ကိုအောင်သာထွန်း၊ ကိုနီထွန်း အစရှိသူတို့ ဗိုလ်ရန်အောင်တပ်သို့ ဝင်ရောက်ခဲ့ကြသည်။[၄၆] ဗိုလ်ရန်အောင်တပ် ပုဏ္ဏားကျွန်းသို့ရောက်ပြီး မရှေးမနှောင်းတွင်ပင် ဂျပန်တပ်ရင်းတစ်ရင်းလည်း ပုဏ္ဏားကျွန်းသို့ ဆိုက်ရောက်ခဲ့သည်။ ထိုအချိန် စစ်တွေမှလာသော အင်္ဂလိပ်သင်္ဘောကို ဂျပန်တပ်က အမြောက်နှင့်ပစ်ရာ အင်္ဂလိပ်စစ်သင်္ဘောနစ်မြုပ်သွားခဲ့သည်။ အင်္ဂလိပ်စစ်သင်္ဘောများ ကုလားတန်မြစ်ဝတွင် ရှိနေသဖြင့် ဗိုလ်ရန်အောင်တပ် ရေကြောင်းမှ ချီမတက်တော့ဘဲ ပုဏ္ဏားကျွန်းမှ ခြေလျှင်ချီတက်ခဲ့ရသည်။[၄၇] ပုဏ္ဏားကျွန်းမှ အမြင့်ကျွန်း ကျောက်တန်းသို့ ဆက်လက်ချီတက်ရာ ကျောက်တန်းတွင် စစ်တွေမြို့စောင့် အင်္ဂလိပ်တပ်နှင့် ဗိုလ်ရန်အောင်တပ် တိုက်ပွဲဖြစ်ပွားရာ အင်္ဂလိပ်တပ်ဆုတ်ပြေးရလေသည်။ ထို့နောက် နာရီကန်သို့ ဆက်လက်ချီတက်ရာ နာရီကန်တွင်လည်း အင်္ဂလိပ်တပ်နှင့်ထပ်မံ တွေ့ဆုံတိုက်ပွဲဖြစ်ပွားရသည်။ ဆက်လက်၍ကြက်ကိုင်းတန်သို့ ဆက်လက်ချီတက်ရာ လမ်းတွင် ရာဂျာပုတ်ကုလားများနှင့် ရင်ဆိုင်တွေ့ပြီး ပစ်ခတ်ရာ ကုလားများ ထွက်ပြေးကြလေသည်။

ဘီအိုင်အေတပ်သည် မယူကမ်းတစ်လျှောက်ချီတက်၍ ရှေးဦးစွာ အင်္ဂလိပ်စစ်တပ်များရှိရာ တူရူသွားကြသည်။ အင်္ဂလိပ်တပ်တို့သည် စစ်သင်္ဘောများဖြင့် ကုလားတန်မြစ်ဝမှ ချက်ခြင်းထွက်ပြေးကြသည်။ ထို့နောက် ပွိုင့်အင်ငူကို သိမ်းပိုက်မိသည်။ စစ်တွေလေယာဉ်ကွင်းကိုလည်း ဆက်လက်သိမ်းပိုက်ပြီးနောက် စစ်တွေတစ်မြို့လုံးကို သိမ်းပိုက်လိုက်ကြသည်။ စစ်တွေကို သိမ်းပိုက်ပြီး စစ်တွေအင်ပီရီယယ်[၄၈] ဘဏ်တွင် စခန်းချသည်။ စစ်တွေကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း (၇)မေ(၁၉၄၂)တွင် ဂျပန်ရေဒီယိုမှ ကြေငြာခဲ့သည်။ စစ်တွေမြို့ကို ဂျပန်စစ်တပ်မသိမ်းမီ ဘီအိုင်အေတပ်က (၂)ရက်စော၍ သိမ်းပိုက်မိခြင်းဖြစ်သည်။[၄၉]

စစ်တွေမြို့ကို သိမ်းပြီးနောက် ဗိုလ်ရန်အောင်သည် ဦးအောင်ထွန်းဦး ဦးဆောင်သော စစ်တွေခရိုင် ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အုပ်ချုပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆရာကြီးဦးအောင်ထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ကိုစံကျော်၊ ကာကွယ်ရေးမှူးအဖြစ် ဘုံပေါက်သာကျော် ပြန်ကြားရေးမှူးများအဖြစ် ဦးဘစံနှင့် ကိုတောလူတို့ ပါဝင်ကြသည်။[၅၀]

စစ်တွေခရိုင် အုပ်ချုပ်ရေးအဖွဲ့ဖွဲ့ပြီးနောက် ဗိုလ်ရန်အောင်သည် မပြေလည်သေးသော ကုလားရခိုင်အဓိကရုဏ်းကို အပြီးသတ်နိုင်ရေးအတွက် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ ဦးသာဇံလှ၊ ဦးပညာသီဟ၊ အစ္စလာမ်ဘာသာဝင်များဘက်မှ ရှေ့နေကိုဘိုးခိုင်၊ ဦးယာဆင်တို့ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းလျှက် ဘူးသီးတောင်သို့ စေလွှတ်လိုက်သည်။ ငြိမ်းချမ်းရေးအဖွဲ့နှင့်အတူ ဗိုလ်ရန်နောင်နှင့် ဗိုလ်မျိုးညွန့်တို့လည်း လိုက်ပါသွားသည်။ ယင်းဗိုလ်(၂)ဦးမှာ ဘူးသီးတောင်မြို့၌ နယ်ချဲ့အင်္ဂလိပ်ကို တိုင်းရင်းသားအားလုံးစုစည်းပြီး တိုက်ကြရန်၊ တိုင်းရင်းသားများ စည်းလုံးကြရန် တရားများ ဟောပြောခဲ့ပြီး ဘူးသီးတောင်မြို့ကို အထူးကာကွယ်ပေးကာ မြို့ရွာငြိမ်းချမ်းသာယာရေးကို ဆောင်ရွက်ကြသည်။ ဗိုလ်ရန်အောင်နှင့် ဗိုလ်မျိုးညွန့်တို့ ဘူးသီးတောင်၌ စခန်းချနေစဉ် ကုလားများက ဖိတ်ခေါ်၍ မောင်တောသို့သွားကာ တရားဟောရန်စီစဉ်ကြသည်။ တရားဟောအပြီး ကုလားများက ထမင်းစားဖိတ်ကာ ထမင်းစားပွဲတွင် ကုလားများဝိုင်းရိုက်သဖြင့် ဗိုလ်ရန်နောင်၊ ဗိုလ်မျိုးညွန့်အပါအဝင် ဘီအိုင်အေတပ်စုတစ်ခုလုံး ကျဆုံးသွားရသည်။[၅၁]

ဗိုလ်ရန်အောင်လည်း ထိုသတင်းကြောင့် အမျက်ထွက်ကာ တပ်ပေါင်းစုံကို ခေါ်ယူ၍ ဘူးသီးတောင်သို့ ချီတက်ရန် အမိန့်ပေးပြီး မိမိကိုယ်တိုင် ဘူးသီးတောင်သို့ ချီတက်တိုက်ခိုက်ခဲ့သည်။ သို့သော် ဗိုလ်ရန်အောင်ကိုယ်တိုင် ဘူးသီးတောင်သို့မရောက်မီကပင် တိုက်ခိုက်ခံခဲ့ရသေးသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဖက်မှ ရဲဘော်ကျော်ခိုင်ကျဆုံးပြီး ရဲဘော်ကျော်မောင်ပေါင်ကို ဖောက်ထွင်းဒါဏ်ရာရခဲ့သည်။ မူဆလင်များဖက်မှ လူပေါင်း (၃၀)ခန့်သေကြေကြ၏။ ဤကိစ္စကြောင့် ဆုဘတ်စ်ချန္ဒြာဘို့စ်[၅၂] အိန္ဒိယလွတ်လပ်ရေးတပ်မတော်နှင့် ပူးပေါင်း၍ ဂျပန်တပ်မတော်မှတစ်ဆင့် ဗိုလ်ရန်အောင်သည် မူဆလင် ရခိုင်အဓိကရုဏ်း၌ မဖြန်ဖြေဘဲ ရခိုင်များဘက်မှ ဝင်ရောက်ကူညီတိုက်ခိုက်နေပါသည်။ ချကချင်းအရေးယူပါ။ သို့မဟုတ်ပါက အိန္ဒိယကို တိုက်ခိုက်ရာ၌ မူဆလင် သန်း(၁၀၀)ရှိသော စစ်တကောင်း၊ ဘင်္ဂလားနယ်ရှိလူများ၏ အကူအညီကို မရနိုင်ဘဲ အိန္ဒိယသို့ ချီတက်တိုက်ခိုက်ရေး ဟူသော ဂျပန်၏ရည်ရွယ်ချက်မှာ နှောင့်နှေးကြန့်ကြာပြီး အရှေ့အာရှစစ်ပွဲ၌ ပြည်သူများ၏အကူအညီကို မရနိုင်ဘဲရှိမည်ဟု ဂျပန်သို့အကြောင်းကြားခဲ့သည်။ ထို့ကြောင့် အဓိကရုဏ်းတွင် တာဝန်ရှိသူ မူဆလင်များကို ဖမ်းဆီးကွပ်မျက်မည့် ဗိုလ်ရန်အောင် အစီအစဉ်လည်း ပျက်ခဲ့ရသည်။ ဗိုလ်ရန်အောင်အား ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်အမိန့်ဖြင့် ချက်ချင်းတပ်ဆုတ်၍ပြန်လာရန် လေယာဉ်ဖြင့်လည်းကောင်း၊ ကြေးနန်းအမိန့်ဖြင့်လည်းကောင်း အမိန့်ရောက်လာခဲ့သည်။ ထို့ကြောင့် ဗိုလ်ရန်အောင်တပ် (၁၆)ဇွန်(၁၉၄၂)တွင် ဆုတ်ခွာရန် စီစဉ်ရတော့သည်။

ဂျပန်စစ်ဗိုလ်ကြီးတစ်ဦးဖြစ်သော မစ္စတာတကာရှိ[၅၄]သည် ဘီအိုင်အေ စစ်တပ်ကို စောင့်ကြည့်နေသဖြင့် တပ်ပြန်ခေါက်ရန်လုပ်ရသည်။ ဗိုလ်ရန်အောင် မြန်မာပြည်မ ပြန်လာရန် အမိန့်ရသောအခါ ဦးဘစံနှင့် ဦးညိုထွန်းတို့ကိုခေါ်၍ "ကျွန်ုပ်တို့ ဂျပန်ကို တော်လှန်ရန် လိုကောင်းလိုအပ်မည်ဖြစ်ကြောင်း ထို့ကြောင့် အဆင်သင့်ပင် ဖြစ်နေကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သေနတ်အလက် (၈၀)မျှ ပေးထားခဲ့သည်။[၅၅] ဘူးသီးတောင်မှ ဗိုလ်ရန်အောင်တပ် ဆုတ်ခွာချိန်တွင် ဘူးသီးတောင်ရှိ ရခိုင်တိုင်းရင်းသား စစ်ပြေးဒုက္ခသည်များသည် ခိုကိုးရာမဲ့ဖြစ်ပြီဟု အစိုးရိမ်လွန်ကာ ဗိုလ်ရန်အောင်၏ သင်္ဘောမှ ဆွဲထားသော တွဲသင်္ဘောဖြင့် လိုက်ပါရန်ကြိုးစားရာ သင်္ဘောနစ်မြုပ်ပြီး ရခိုင်တိုင်းရင်းသား(၄၀၀)ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် ဗိုလ်ရန်အောင် ယူကြုံးမရဖြစ်ရသည်။ ပို၍ယူကြုံးမရဖြစ်ရသည်မှာ ရခိုင်တိုင်းမြေအောက်တော်လှန်ရေးကို ဦးဆောင်နေသော ဆရာတော် ဦးပညာသီဟ သင်္ဘောနစ်မြုပ်ရာတွင် ပါသွားသည်ဟု သိရသောကြောင့်ဖြစ်သည်။ သို့သော် ဆရာတော်သည် ကံကောင်းထောက်မသဖြင့် သေဘေးမှ လွတ်မြောက်ခဲ့သည်[၅၆]။

ဗိုလ်ရန်အောင်တပ် ဘူးသီးတောင်မှ မင်းပြားသို့ ထွက်ခွာလာခဲ့သည်။ ဗိုလ်ရန်အောင်တပ် ရန်ကုန်သို့ပြန်ရန် မင်းပြား၌ ပြန်လည်စုရုံးချိန်တွင် သခင်စိုး၊ ကိုသိန်းဖေ၊ သခင်တင်မြ၊ ကိုတင်ရွှေတို့သည် ဖက်ဆစ်ဂျပန်တော်လှန်ရေး အတွက် ပြင်ဆင်စည်းရုံးရန် မဟာမိတ်နှင့်ဆက်သွယ်ရန် မင်းပြားသို့ တိတ်တဆိတ်ရောက်ရှိလာကြသည်။ ရခိုင်တိုင်းမှ ခေါင်းဆောင်များဖြစ်သော ဦးအောင်ထွန်းဦး၊ ဦးဘစံ၊ ဦးကျော်မြ၊ ဦးထွန်းဝင်း၊ ဦးမောင်နီ၊ ဦးညိုထွန်း၊ ဘုံပေါက်သာကျော် တို့နှင့် တိတ်တဆိတ်တွေ့ဆုံပြီး မြန်မာပြည်အခြေအနေကို သုံးသပ်ကြကာ ဖက်ဆက်ဂျပန်တို့ကို ပြန်လည်တော်လှန်ရေး အတွက် မြေအောက်စည်းရုံးရေးလုပ်ငန်းများကို လုပ်မည့်အကြောင်းများ ဆွေးနွေးကြသည်။ ရခိုင်မျိုးချစ်ခေါင်းဆောင်များ အနေဖြင့် ဂျပန်တို့ ဝင်မလာမီကပင် ဂျပန်တို့ဝင်လာလျှင် မည်သို့သဘောထားမည်ဆိုသည်ကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ရခိုင်မျိုးချစ်များအနေဖြင့် ဂျပန်ဝင်လာလျှင် အခြေအနေအရ ဂျပန်နှင့်လက်တွဲရမည် ဆိုပါက ခေတ္တမျှသာ လက်တွဲပြီး နောက်ပိုင်းတွင် ပြန်လည်တော်လှန်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီးဖြစ်သည်။ အိန္ဒိယပြည်ရှိ မဟာမိတ်တပ်များနှင့် ဆက်သွယ်ရေးအတွက် ကိုသိန်းဖေနှင့် ကိုတင်ရွှေတို့ကို (၁၂)ဇူလိုင်(၁၉၄၂)တွင် ရခိုင်တိုင်းခေါင်းဆောင်တို့သည် အိန္ဒိယ နယ်စပ်အထိ လိုက်ပို့ကြသည်။ ဘုံပေါက်သာကျော်အား အိန္ဒိယသို့ခေါ်ဆောင်သွားရန် ဆန္ဒရှိသော်လည်း ဘုံပေါက် သာကျော် ဝမ်းကိုက်ရောဂါဖြစ်နေ၍ မလိုက်နိုင်ခဲ့ပေ။ သခင်စိုး၊ သခင်တင်မြတို့နှင့် အတူ ကိုဘစံ၊ ကိုညိုထွန်းတို့ သံတွဲ သို့ ပါသွားကြသည်။[၅၇]

ဗိုလ်ရန်အောင်တပ် ဆက်လက်ဆုတ်ခွာခဲ့ရာ သံတွဲမြို့သို့ ရောက်ရှိလာသည်။ သံတွဲတွင် မြို့လုံးကျွတ် အစည်း အဝေးခေါ်ယူကာ ဗိုလ်ရန်အောင်သည် ဂျပန်တော်လှန်ရေးတရားများကို စတင်ဟောပြောခဲ့သည်။ ဦးဘစံနှင့် ကိုကျော်ရင် လည်း ထိုအကြောင်းများပင် ဆက်လက်ဟောပြောခဲ့သည်။ ထိုနေ့ကား အထူးအရေးကြီးသောနေ့ဖြစ်သည်။ ဂျပန် တော်လှန်ရေးအတွက် ပြင်ဆင်ရေးနေ့ဖြစ်လေသည်။ ဗိုလ်ရန်အောင်သည် သံတွဲမြို့တွင် "ဂျပန်အား ပြန်လည်တိုက်ခိုက် ရေးအဖွဲ့ကို ရခိုင်တစ်တိုင်းလုံးအတွက် လျှို့ဝှက်ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့နာယကအဖြစ် ဆရာတော် ကေသရာဓိပတိ နှင့် ဦးရွှေကြိုင်၊ အဖွဲ့ဝင်များအဖြစ် ကိုကျော်ရင်၊ ဦးရန်ကြီးအောင်၊ ကိုသိန်းဖေ၊ ကိုသန်းမောင်၊ ကိုသာထွန်းအောင်၊ ကျောက်ဖြူမှ သခင်လှအောင်တို့ ပါဝင်ကြသည်။ လက်နက်များကို လျှို့ဝှက်ပေးအပ်ခဲ့သည်။ သံတွဲခရိုင်အနေဖြင့် ဗိုလ် ရန်အောင် မရောက်မီကပင် ဂျပန်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ရှိနှင့်ပြီးဖြစ်သည်။[၅၈] မေ(၁၉၄၂)ခန့်တွင် ဆရာတော် ကေသရာဓိပတိသည် ရန်ကုန်မြို့သို့သွား၍ မြန်မာပြည်မမှ တို့ဗမာအစည်းအရုံးခေါင်းဆောင်များနှင့် တွေ့ဆုံ ညှိနှိုင်းပြီး ဂျပန်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် သံတွဲခရိုင်သို့ ပြန်လာခဲ့သည်။ သံတွဲတွင် ကိုကျော်ရင် ခေါင်းဆောင်သော သခင်ခေါင်းဆောင်အချို့နှင့် မြေအောက်တော်လှန်ရေး လျှို့ဝှက်အဖွဲ့ကို ယာယီဖွဲ့စည်းထားခဲ့သည်။ ကိုကျော်ရင်သည် ဗိုလ်ရန်အောင်တပ် ရောက်လာပြီးနောက်ပိုင်း သခင်စိုး၊ သခင်တင်မြတို့နှင့် ဆွေးနွေးပြီး ဖက်ဆစ်တော် လှန်ရေးအတွက် ပြည်ပအကူအညီယူရန် သခင်တင်မြနှင့်အတူ တရုတ်ပြည်အထိ သွားရောက်ရန် ကြိုးစားခဲ့သည်။ သို့သော် ယင်းခရီးစဉ်မှာ မအောင်မြင်ခဲ့ပေ။ ကိုကျော်ရင် သံတွဲသို့ ပြန်လာကာ ကိုသန်းမောင်၊ ဦးရွှေကြိုင်၊ ဦးရန်ကြီး အောင်၊ ဦးအောင်မြတို့နှင့် တွေ့ဆုံဆွေးနွေးပြီး တော်လှန်ရေးလျှို့ဝှက် ကလပ်စည်းများဖွဲ့စည်းရန် ညွှန်ကြားခဲ့ကာ ကိုသိန်းဖေရှိရာ အိန္ဒိယသို့ ထွက်ခွာသွားခဲ့သည်။[၅၉]

ရခိုင်တိုင်း၏ နိုင်ငံရေးအခြေအနေကို တင်ပြရန် တိုင်းလုံးဆိုင်ရာမှ တာဝန်ပေးချက်ဖြင့် ကိုဘစံ၊ ကိုညိုထွန်း၊ ကိုကျော်မြတို့သည် ဗိုလ်ရန်အောင် တပ်နှင့်အတူ ရန်ကုန်သို့ လိုက်ပါခဲ့ကြသည်။ ရန်ကုန်တွင် ဗိုလ်ချုပ်အောင်ဆန်း တို့ဗမာဆင်းရဲသား အစည်းအရုံးမှ သခင်နု၊ သခင်ချစ်တို့နှင့် တွေ့ဆုံပြီး ရခိုင်တိုင်းအုပ်ချုပ်ရေးနှင့် နိုင်ငံရေးကိစ္စများ တင်ပြဆွေးနွေးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ရခိုင်တိုင်းအတွက် ဘီဒီအေဖွဲ့ခွင့်မရသေးကြောင်း ပြောပြီး ရှေ့လုပ်ငန်း စဉ်များ လမ်းညွှန်မှုပေးခဲ့သည်။ ဩဂုတ် (၁၉၄၂)တွင် တိုင်းလုံးဆိုင်ရာအစည်းအရုံးဥက္ကဋ္ဌ ဦးသာဇံလှ၊ ဦးအောင်ဇံဝေ ဦးချီးဒိုးတို့သည် ဒေါက်တာဘမော်အစိုးရ၏ ဖိတ်ခေါ်ချက်အရ ရန်ကုန်သို့ ရခိုင်တိုင်းအုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းရန် ရောက် လာခဲ့သည်။[၆၀] ရန်ကုန်တွင် "ဒို့ဗမာဆင်းရဲသား အစည်းအရုံး"ကို (၂၇)ဇူလိုင်(၁၉၄၂)တွင် ထူထောင်ပြီးဖြစ်၍ ဗဟိုဦးစီး အုပ်ချုပ်ရေးစနစ်ကို အခြေပြု၍ တစ်နိုင်ငံလုံးတွင် အစည်းအရုံးခွဲများ ထူထောင်ရန် ညွှန်ကြားသဖြင့် ရခိုင်တိုင်းလုံးဆိုင် ရာ တိုင်းရင်းသားအစည်းအရုံး၏ ကြေငြာစာတမ်းကို ထုတ်ပြန်ပြီး အစည်းအရုံးကို ဖျက်သိမ်းခဲ့သည်။[၆၁] တိုင်းလုံးဆိုင်ရာ အစည်းအရုံးဝင်တိုင်းသည် အသစ်တည်ထောင်လိုက်သော တို့ဗမာအစည်းအရုံးသို့ အသင်းသားအဖြစ် ပါဝင်ရန် ကြေငြာ ခဲ့သည်။ တို့ဗမာဆင်းရဲသား အစည်းအရုံးခေါင်းဆောင် ဒေါက်တာဘမော်၏ အတိုင်ပင်ခံအဖွဲ့တွင် ဦးသာဇံလှပါဝင်ခဲ့

သည်။ ယင်းကွယ်လွန်ပြီးနောက် ဦးအောင်ဇံဝေ ဆက်လက်ပါဝင်ခဲ့သည်။ ဆင်းရဲသားအစည်းအရုံးကြီး၏ ရခိုင်တိုင်းမှူးအဖြစ် ကိုညိုထွန်း ထမ်းဆောင်ခဲ့သည်။[၆၂]

"စစ်တွေခရိုင် တို့ဗမာဆင်းရဲသား အစည်းအရုံး"ကို ဦးဘစံ၊ ကိုကျော်မြတို့ ရန်ကုန်မှ ပြန်လည်ရောက်ရှိလာပြီးနောက်၊ ဒေါက်တာဘမော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း ဖွဲ့စည်းခဲ့သည်။ ဦးဘစံအား စစ်တွေခရိုင် တို့ဗမာဆင်းရဲသား အစည်းအရုံးခရိုင် ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ကိုစံတင့်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်ခေါင်းဆောင်များအဖြစ် ဦးမောင်နီ -မြို့ဟောင်းမြို့နယ်၊ ဦးထွန်းဝင်း-ကျောက်တော်မြို့နယ်၊ ဦးကျော်မြ-ပလက်ဝမြို့နယ်၊ ဦးရွှေနန်းဦး-မင်းပြားမြို့နယ်၊ ဦးစံသာအောင်၊ ဦးမောင်ကျော်ဇံ-ပေါက်တောမြို့နယ်၊ ဦးစောသာအောင်-ရသေ့တောင်မြို့နယ်တို့အား အသီးသီးခန့်အပ်သည်။ ထိုသို့ နိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စများကို ဒေါက်တာဘမော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် မဟာမိတ်တပ်ရှိရာ အိန္ဒိယနှင့် အဆက်အသွယ်ပြုနိုင်ရန် အချက်အချာကျသော ပလက်ဝတွင် ကိုကျော်မြ ခေါင်းဆောင်သော ငြိမ်းချမ်းရေးစောင့်ထိန်းမှု ကော်မတီ ယာယီအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။[၆၃]ထို့ပြင် ရခိုင်ကာကွယ်ရေးတပ်အနေဖြင့် တရားဝင်ရပ်တည်နိုင်ခွင့်ရရန် ရခိုင်တိုင်း တို့ဗမာအစည်းအရုံး ခေါင်းဆောင်များ ကြိုးပမ်းခဲ့ကြသည်။ ဦးဘစံတို့က စစ်တွေခရိုင်သည် အထူးအရေးကြီးကြောင်း၊ အင်္ဂလိပ်စစ်တပ်က မကြာခဏ ဗုံးကြဲစက်သေနတ်ဖြင့် ပစ်ခတ်နေသဖြင့် စစ်တွေခရိုင်အတွက် အထူးအစီအစဉ်တစ်ရပ် ပြုလုပ်ရန်လိုကြောင်း ရခိုင်တိုင်းအနေဖြင့် ဘီဒီအေလည်း ဖွဲ့ခွင့်မရသေးကြောင်း ရခိုင်တိုင်းကာကွယ်ရေးတပ်တစ်တပ်ကို ဖွင့်လှစ်ပေးဖို့လိုကြောင်း ပြောကြားပြီး တောင်းဆိုချက်များ ရေးဆွဲတင်ပြကြသည်။

(၁) စစ်တွေနယ်အား မြန်မာပြည်တွင် အထူးသီးသန့်ထားသောနယ်ဖြစ်ကြောင်း ကြေငြာရန်

(၂) ခရိုင်ဝန်နှင့် မြို့နယ်အရာရှိများအား ငြိမ်ဝပ်ပိပြားရေးအတွက် အထူးအာဏာပေးရန်

(၃) ရခိုင်နယ်ကာကွယ်ရေးတပ်မတော်တစ်ခုကို ဖွဲ့စည်းခွင့်ပေးပြီး ဂျပန်တပ်မတော်မှ စစ်ဗိုလ်များက ခေါင်းဆောင်မှုပေးခြင်း၊ လက်နက်ပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးရန်

(၄) ဘူးသီးတောင်နယ်ကဲ့သို့ ကုလား ရခိုင်အဓိကရုဏ်းဖြစ်ပွားရန် အကြောင်းရှိသော ကုလားတန်မြစ်ကမ်းခြေတစ်ဝိုက်တွင် ပြောက်ကျားတိုက်ပွဲများအတွက် လုံးဝအခွင့်မပေးရန်၊ လက်နက်ပေးကမ်းခြင်းလည်း မပြုလုပ်ရန်။

(၅) စစ်မော်တော်ဘုတ်တစ်စင်းဖြစ်စေ၊ နှစ်စင်းဖြစ်စေ ခေတ္တသုံးရန်တို့ဖြစ်သည်။

ဤတောင်းဆိုချက်များကို ဦးသာဇံလှ၊ ကိုညိုထွန်း၊ ကိုဘစံ၊ ဦးစံတင့်၊ ဦးမောင်နီတို့က လက်မှတ်ရေးထိုးပြီး ဂျပန်ဗိုလ်မှူးကြီး ကာနယ်မီယာဇာကီ[၆၄] ထံ တင်ပြကြသည်။ ကာနယ်မီယာဝါကီက အထူးနှစ်ခြိုက်ပြီး ရန်ကုန်ဗဟိုစစ်ရုံးသို့ အကြောင်းကြားလိုက်သည်။[၆၆] ထိုအတောအတွင်း သတင်းစုဆောင်းရေးနှင့် ဝါဒဖြန့်ပွားရေးဌာနမှူး မစ္စတာဆာကာတာ[၆၅] က ရခိုင်ကာကွယ်ရေးတပ်မတော်တစ်ခု ဖွဲ့စည်းနိုင်ကြောင်းနှင့် လက်မှတ်စာရွက်ကို ခရိုင်ဝန် ဦးအောင်ထွန်းဦးထံ ပေးအပ်လိုက်သည်။ ရခိုင်ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရန် ကာနယ်မီယာဝါကီနှင့် အရာရှိဆာကာတာတို့ နှစ်ဦးညှိနှိုင်းပြီး သဘောတူကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် ရခိုင်ကာကွယ်ရေးတပ် အုပ်ချုပ်ရေးအဖွဲ့ကို ဦးအောင်ထွန်းဦး ဦးဆောင်၍ ငွေထိန်း ဦးကျော်ထွန်းဦး၊ ခရိုင်မှူး ဦးစံတင့်၊ အတွင်းရေးမှူး ဦးကျော်မြ၊ ခရိုင်ခေါင်းဆောင် ဦးဘစံ၊ ဝါဒပြန့်ပွားရေး သတင်းစုဆောင်းရေး၊ စစ်သားစုဆောင်းရေး ဦးစံရွှေတို့ အသီးသီးတာဝန်ယူ ဖွဲ့စည်းခဲ့ကြသည်။[၆၇]

(၁၆) ဇန်နဝါရီ (၁၉၄၃)တွင် ရန်ကုန်ဗဟိုစစ်ရုံးမှ ဂျပန်စစ်ဗိုလ်များဖြစ်ကြသော မစ္စတာဂျီမာ[၆၈]၊ မစ္စတာကိုဂါ[၆၉] တို့ ရခိုင်ကာကွယ်ရေးတပ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ အခြေအနေစုံစမ်းရန် ရောက်လာကြသည်။ မစ္စတာတာဂျီမာက ရခိုင်ကာကွယ်ရေးတပ်ဖွဲ့စည်းရန် ဗဟိုမှအခွင့်တောင်းရမည်ဟု ပြောလာသဖြင့် စစ်သားစုဆောင်းရေးတပ်ကို ရပ်စဲလိုက်သည်။ ကာကွယ်ရေးတပ်ဖွဲ့ရန်၊ အခွင့်အရေးမရရှိသေးသဖြင့် သတင်းစုဆောင်းရေးနှင့် ရန်သူနယ်သို့ သူလျှိုများ စေလွှတ်ရေးကို အဓိကဆောင်ရွက်ခဲ့ရသည်။ ထိုအချိန်တွင် ဂျပန်စစ်တပ်တစ်တပ်သည် မြောက်ဦးမြို့သို့ ဝင်ရောက်လာသည်။ မြောက်ဦးမြို့ကို အင်္ဂလိပ်လေယဉ်ပျံများက စက်သေနတ်နှင့် ပစ်ခတ်သွားရာ မြို့လူထုအနေဖြင့် အတော်ပင် တုန်လှုပ်ခြောက်ချားသွားခဲ့သည်။ မြို့ရွာလူကြီးများက ဂျပန်စစ်တပ်ပြောင်းရွှေ့ရန် ပြောလာရာ ဂျပန်တို့က အရေးကြီးသဖြင့် မြောက်ဦး၌ပင် စခန်းချရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့် မြို့လူထုသည် နီးစပ်ရာမြို့ရွာများသို့ ပြောင်းရွှေ့ထွက်ခွာသွားခဲ့သည်။[၇၀] ထိုအချိန်တွင် ဂျပန် ဗိုလ်နာဂါမီ[၇၁]၊ မီကီ[၇၂]နှင့် ကိုဂါတို့က အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပလက်ဝမြို့သို့ ရောက်ရှိလာပြီး ကာကွယ်ရေးတပ်ဗိုလ်အဖြစ် ရဲဘော်စောဦးကို ခန့်အပ်ပြီး ကာကွယ်ရေးတပ်သားများအား စစ်သင်တန်း ပြောက်ကျားစစ်ဆင်ရေးကို လေ့ကျင့်ပေးသည်။[၇၃]

တာနာကာက ရဲဘော်များကို ပြောက်ကျားသင်တန်းပေးလေသည်။ မစ္စတာ တာဂျီမာကမူ ရခိုင်တို့အား လက်နက်ပေးရန်ကိစ္စနှင့် လက်ငင်းဖြစ်ပေါ်နေသောအခြေအနေကို အကြောင်းကြားရန်၊ ရန်ကုန်သို့ အလျှင်အမြန်ထွက်သွားသည်။ (၆)ရက်မျှကြာသောအခါ ပြန်လာပြီး ဦးဘစံအား တွေ့ဆုံ၍ ရခိုင်ကာကွယ်ရေးသီးခြားတပ်မတော်ဟူ၍ ဖွဲ့စည်းထူထောင်ရန်ကိစ္စကို ဗဟိုစစ်ရုံးမှ သဘောမတူနိုင်ကြောင်း၊ ရခိုင်တိုင်းအတွင်း "အပျော်တမ်းကာကွယ်စောင့်ရှောက်ရေးအဖွဲ့"[၃၄]ကို ဖွဲ့စည်းရန်ကိုသာ သဘောတူနိုင်ကြောင်း ပြောကြားသည်။ ရခိုင်ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရေးကိစ္စကို ဗဟိုမှ အထင်အမြင်လွဲနေကြောင်း ထင်ရှားသည်။ ရခိုင်ပြည်၏ လက်ရှိအခြေအနေအရ ကာကွယ်ရေးအတွက် အရေးကြီးနေသဖြင့် ရခိုင်ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဗမာ့ကာကွယ်ရေးတပ်မတော်၊ ရခိုင်ကာကွယ်ရေးတပ်မတော်ဟူ၍ ခွဲခြားလိုသော ဆန္ဒမရှိခဲ့ပေ။ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် တစ်သားတည်းသာဆောင်ရွက်လိုကြသည်။ ရခိုင်ခေါင်းဆောင်ကြီးများအနေဖြင့် အခြေအနေအရ စီစဉ်ရခြင်းသာဖြစ်သည်။[၃၅] မစ္စတာတာဂျီမာသည် တပ်သားများကို လက်နက်ထုတ်ပေးပြီး ဦးဘစံကပင် ခရိုင်ခေါင်းဆောင်အဖြစ် ဦးစီးလျှက် မြို့နယ်ခေါင်းဆောင်များအနေဖြင့် ဦးမောင်နီ မြို့ဟောင်းမြို့နယ်၊ ဦးထွန်းဝင်း ကျောက်တော်မြို့နယ်၊ ဦးကျော်မြ ပလက်ဝမြို့နယ်၊ ဦးရွှေနန်းဦး-မင်းပြားမြို့နယ်၊ ဦးရွှေစောဦး-ပေါက်တောမြို့နယ်တို့ ပါဝင်သည့် အပျော်တမ်းကာကွယ်ရေးတပ်ဖွဲ့ကို ရသေ့တောင်၊ ကျောက်တော်မြို့ဟောင်း၊ မင်းပြား၊ ပေါက်တောမြို့နယ်တို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။[၃၆]

ဂျပန်တို့အနေဖြင့် ရခိုင်အပျော်တမ်းကာကွယ်ရေးတပ်ကို ဖွဲ့စည်းခွင့်ပေးခြင်း၊ ပြောက်ကျားသင်တန်းပေးခြင်းဖြင့်၊ ရခိုင်ပြောက်ကျားတပ်ကို အသုံးပြုရန် စီစဉ်ရခြင်းမှာ မဟာမိတ်တပ်မှ စစ်တွေမြို့ကို ပြန်လည်သိမ်းပိုက်ရန် ဒီဇင်ဘာလလယ် (၁၉၄၂)တွင် ပထမအကြိမ် ထိုးစစ်ဆင်လာ၍ဖြစ်သည်။ ဗြိတိသျှနှင့် အိန္ဒိယတပ်စိပ်များသည် မေယုမြစ်အနောက်ဘက်ကမ်းခြေတစ်လျှောက်မှ ရသေ့တောင်သို့ ချီတက်လာပြီး (၆)ဇန်နဝါရီ(၁၉၄၃)တွင် စစ်တွေမြို့ မြောက်ဘက် (၁၅)မိုင်အကွာ ဒုံးဘိတ်ကို ခြေကုတ်ယူနိုင်ခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်မှ ဂျပန်အမှတ်(၁၅)တပ်မကြီးကို ရခိုင်ကမ်းမြောင်ဒေသသို့ စေလွှတ်ခဲ့သည်။[၃၇]

ဖေဖော်ဝါရီ (၁၉၄၃)အတွင်း မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် အင်္ဂလိပ်စစ်တပ်တို့သည် အိန္ဒိယဘက်မှ ချီတက်လာခဲ့သည်။ အင်္ဂလိပ်တပ်များသည် စစ်တွေခရိုင် မောင်းတော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့များကို ဝင်ရောက်သိမ်းပိုက်ရန် အစပြုလေသည်။ စစ်စခန်းများ တစ်စတစ်စ တင်ချလျှက်ရှိသည်။ ပလက်ဝခရိုင်တွင်လည်း အင်္ဂလိပ်စစ်တပ် စွဲလျှက်ရှိကြောင်း သိရသည်။ အင်္ဂလိပ်တပ်တို့သည် အိန္ဒိယမှ သောင်းချီ၍ ချီတက်လာနေသည်ကို တွေ့ကြရသည်။ ကျောက်တော်မြို့နယ်ဖြစ်သော အပေါက်ဝ၊ ပန်းဖဲချောင်း၊ အုတ်တောင်ပြင် စခန်းတို့တွင်လည်း တပ်သားတစ်သောင်းကျော်မျှ ရှိသည်ဟု မှန်းဆရသည်။ အပေါက်ဝစခန်းတွင် ငါးထောင်ခန့်၊ ပန်းဖဲချောင်းစခန်းတွင် တစ်ထောင့်ငါးရာ၊ အုတ်တောင်ပြင်စခန်းတွင် နှစ်ထောင့်ငါးရာခန့်၊ ဦးစွန်းတောင်တွင် ထောင့်ငါးရာခန့်၊ ပြောင်းဆိပ်ရွာအနီးရှိ တောင်များတွင်လည်း တစ်ထောင်ခန့်စီ တန်းလျှက်တပ်ချနေကြသည်။ အပေါက်ဝစခန်းသည်ကား အင်္ဂလိပ်စစ်တပ်ပင်ရင်းဌာနဖြစ်လေသည်။ ကုလားတန်စစ်ကြောင်းတစ်ခုလုံးအတွက် စားနပ်ရိက္ခာ၊ လက်နက်ခဲယမ်းမီးကျောက်၊ အဝတ်အစား၊ စစ်အသုံးအဆောင်ပစ္စည်းကိရိယာများ၊ ဆေးရုံကြီးတစ်ရုံနှင့် စားသောက်ဆိုင်များမှာ အပေါက်ဝစခန်းတွင် အပြည့်အစုံရှိလေသည်။ ပစ္စည်းများကို လေယဉ်ပျံနှင့်တစ်မျိုး၊ ပလက်ဝဘက်မှ လှေကြီး၊ လှေငယ်၊ ဝါးဖောင်များနှင့် တစ်ဖုံ၊ အမျိုးမျိုးသယ်ယူနေကြသည်ကို တွေ့ရသည်။ အပေါက်ဝစခန်းတွင် ဗုံးကျင်းများ အခိုင်အခံ့ တည်ဆောက်ထားသည်။[၃၈]

ယင်းစခန်းတွင် လေယဉ်ကွင်းအသစ် ဆောက်လုပ်ထားပြီး လေယဉ်ပျံများလည်း အကြီးအကျယ်တက်ဆင်းလျှက်ရှိသည်ကို ကုလားတန်မြစ် တစ်ဖက်ကမ်းမှ အတိုင်းသားမြင်နေကြရသည်။ ထိုအချိန်တွင် အင်္ဂလိပ်စစ်တပ်မှ လေနတ်သားမည်သော စာချွန်များကလည်းကောင်း၊ နယူးဒေလီအသံလွှင့်ဌာနကလည်းကောင်း၊ အပေါက်ဝစခန်းမှနေ၍ မင်ဖီချောင်းကို သိမ်းပိုက်လိုက်ပြီး ကုလားတန်မြစ်တစ်လျှောက်နှင့် ရခိုင်ပြည်ဘက်အားလုံးကို သိမ်းယူနေပြီဟု ကြွေကြော်လေသည်။ အခြေအနေမှာ အင်္ဂလိပ်တို့ ပြန်ရောက်လာမည်ကဲ့သို့ ရှိနေသည်။ အင်္ဂလိပ်လေတပ်က ဗုံးအကြီးအကျယ်ကြဲခြင်း၊ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်လျှက်ရှိသည်။ မြို့ဟောင်းမြို့ကို ပစ်မှတ်အဖြစ် သဲသဲမဲမဲတိုက်ပွဲဆင်လျှက်ရှိသည်။ ဦးဘစံတို့ ရခိုင်တပ်များအနေဖြင့် တောတောင်စခန်းများ၊ ချောင်ကြိုချောင်ကြား မြောင်ကြိုမြောင်ကြားတွင်သာ ပုန်းအောင်းကြရလေသည်။[၃၉]

ဤအချိန်တွင် ရခိုင်ပြောက်ကျားစစ်ကျောင်း ဒုတိယပတ်မှာ ပညာသင်ကြားခြင်း ပြီးလုပြီဖြစ်သည်။ တတိယပတ်စစ်ပညာသင်ကြားရန် အချိန်မရတော့ပဲ တိုက်ပွဲဝင်ရန်သာ ပြင်ဆင်ကြရတော့သည်။ ထိုအတောအတွင်း ဂျပန်ဗိုလ်

ကာနယ်မီယာဝါကီက အင်္ဂလိပ်တပ်ကို ဂျပန်တပ်နှင့် ရခိုင်ပြောက်ကျားတပ်တို့ ပူးပေါင်းတိုက်ခိုက်ရန် အမိန့်ပေးတော့သည်။ အမိန့်ရောက်လာသည့်အတိုင်း ဂျပန်ဗိုလ်မှူး မစ္စတာကရူး[၈၀]က (၂၄)နာရီအတွင်း တပ်ထွက်ရန် အမိန့်ပေးသည်။ ရခိုင်ပြောက်ကျားတပ်များသည် ဂျပန်တပ်နှင့်အတူ ချီတက်ရန်ဖြစ်သည်။ စစ်ကျောင်းတွင်ရှိသော မစ္စတာတာဂျီမာ၊ ။ ဗိုလ်ကိုဂါနှင့် အခြားဗိုလ်လေးဦးတို့သည် ရခိုင်တပ်ကို ချီတက်ရန် အမိန့်ပေးသည်။ ဦးဘစံတို့က မစ္စတာတာဂျီမာ၊ ဦးမောင်နီတို့နှင့်တွဲ၍ နာဂံရွာသို့ ချက်ခြင်းချီတက်ခဲ့သည်။ နာဂံရွာတွင် ဂျပန်ကုန်းတပ်နှင့် ရခိုင်ပြောက်ကျားတပ် စုစုပေါင်း (၂၃၀၀)ခန့် စုမိကြသည်။ ဂျပန်မော်တော်ဘုတ်ပေါင်း (၁၀၀)၊ လှေပေါင်း(၈၀၀)၊ ဂျပန်လှေနှင့် တပ်သား(၇၀၀)ခန့်၊ ရခိုင်ပြောက်ကျား(၈၀၀)ခန့် စုစုပေါင်း(၂၃၀၀)ခန့်ရှိမည်ဖြစ်သည်။[၈၁]ရခိုင်ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်များဖြစ်သော ဗိုလ်ကြာနီအောင် (ဗိုလ်ကြာလှအောင်၏ညီ)၊ ဗိုလ်စံလှ၊ ဗိုလ်အောင်ထွန်းဦး၊ ဗိုလ်မောင်လှစိန်၊ ဗိုလ်စံရွှေထွန်းတို့အား တပ်တစ်တပ်တွင် ရခိုင်တပ်သား (၁၅၀)မှ (၂၀၀)ခန့်အထိ ခွဲ၍အုပ်ချုပ်စေသည်။ ဗိုလ်ကြာနီအောင်၊ ဗိုလ်မောင်လှစိန်၊ ဗိုလ်စံရွှေထွန်းတို့အား ဦးဘစံနှင့်တွဲ၍ အတူပါဝင်တိုက်ခိုက်ရန် ဗိုလ်စံလှတပ်၊ ဗိုလ်အောင်ထွန်းဦးတပ်တို့က အပေါက်ဝစခန်း မြစ်တဘက်ရှိ ကသစ်တော၊ ဆင်ဦးချိုင်ရွာ၊ သဝင်ကိုင်းရွာ၊ လမုတပင်ရွာ၊ ကျောက်ဖြူရွာဘက်သို့ ကင်းထိုးတက်ရန်၊ အပေါက်ဝတိုက်ပွဲ စလာသောအခါ အပေါက်ဝဘက်သို့ အထက်အောက်ညှပ်၍ ရန်သူတပ်သားတို့ကို လာရောက်တိုက်ခိုက်ရန် စေလွှတ်ထားလိုက်သည်။ ယင်းနောက် ဂျပန်နှင့် ရခိုင်ပြောက်ကျားတပ်တို့အနေဖြင့် ပရိယာယ်တစ်ခုပြုလုပ်ထားသည်မှာ ကုလားတန်မြစ်တဖက်ကမ်းရှိ ရခိုင်တပ်တစ်တပ်၌ ယူနီယံဂျက်အလံ (၂၅)ခုခန့် စိုက်ထူထားရန်ဖြစ်သည်။ အင်္ဂလိပ်တပ် ရောက်ရှိနေသည်ဟု အထင်မှားကာ စားနပ်ရိက္ခာများ ချပေးစေရန် ပရိယာယ်ဆင်ခြင်းဖြစ်သည်။ ထို့နောက် ဦးဘစံတပ်ကို ကုလားတန်မြစ်ကမ်းခြေ အပေါက်ဝဘက်သို့ လျှို့ဝှက်စွာ ချီတက်ရန် အမိန့်ထုတ်လေသည်။ နာဂံရွာစခန်းမှ အရက်သည်မရွာတို့မှတဆင့် တာဂျီမာ၊ ဦးမောင်နီ၊ ဦးထွန်းဝင်း၊ ဦးကျော်မြ၊ ဗိုလ်စောဦးနှင့် ဦးဘစံတို့ ချီတက်ကြသည်။ အရက်သည်မ၌ ခေတ္တနားပြီး တိုက်ပွဲအစီအစဉ် ပြုလုပ်သည်။[၈၂]

ရဲဘော်ခမီးလူကြီးအချို့ကို ခေါ်ယူကာ လက်ပစ်ဗုံးသေတ္တာများကို ညတွင်းချင်းသယ်ယူကြပြီး မစ္စတာတာဂျီမာက လက်ပစ်ဗုံးပစ်နည်းကို သင်ပေးသည်။ လူအနည်းငယ်ဖြင့် လက်ပစ်ဗုံးများ ပစ်ပေါက်ကြပြီး စစ်တပ်ဖြင့် ဝင်တိုက်ခိုက်ဟန်ဆောင်ကြသည်။ အုတ်တောင်ပြင်အနီး၌ ထိုကဲ့သို့ ပြုလုပ်ကြခြင်းဖြစ်သည်။ ရခိုင်တပ်များသည် လှေများဖြင့် ချီတက်လာပြီး ကင်ဇွန်းချောင်းရှိ ကြောင်ဖိုရွာဘုန်းကြီးကျောင်းနှင့် ကူးတို့ဆိပ်ရှိသာလာယံဇရပ်တို့တွင် ဝင်ရောက်တည်းခိုကြသည်။ ထို့နောက် အစည်းအရုံးဝင်များအား ယခုအခါ ရခိုင်ပြောက်ကျားတပ်နှင့် ဂျပန်တပ်မတော်တို့ တပ်သားပေါင်း (၂၀၀၀)ခန့်နှင့် အင်္ဂလိပ်တပ်များကို တိုက်ထုတ်ရန် ချီတက်လာကြပြီဖြစ်၍ လွတ်လပ်ရေးကိုလိုလားသော အဖွဲ့သားများဖြစ်သည့်အလျှောက် တတ်နိုင်သမျှ ကူညီကြရန် မှာကြားသည်။ ဦးဘစံသည် နာဂံဗိုလ်ထွန်းအောင်ကျော်နှင့် အခြားတပ်သား(၂၀)ကို ညတွင်းချင်းပင် ရှေ့တန်းတယ်လီဖုန်းကြိုး အားလုံးကို ဖြတ်ယူခဲ့ရန် အမိန့်ပေးခဲ့လေသည်။ ရဲဘော်များသည် အပေါက်ဝမှ ပန်းဖဲချောင်းစခန်းသို့ အပေါက်ဝမှ ဦးစွန်းတောင်စခန်းသို့ ဆက်သွယ်လျှက်ရှိသော တယ်လီဖုန်းကြိုးများကို အောင်မြင်စွာ ဖြတ်တောက်နိုင်ခဲ့သည်။[၈၃]

ဂျပန်မေဂျာ ဗိုလ်မှူးကရူးရှေ့နှင့် ဂျပန်ရေတပ်တို့လည်း ကန်ဇွန်းချောင်းအတိုင်း ချီတက်ပြီး ပထမအုတ်တောင်ပြင် တောင်ပေါ်စခန်းသို့တိုက်ရန်၊ ဒုတိယပန်းဖဲချောင်းစခန်းကို တိုက်ရန်၊ တတိယအပေါက်ဝကို တိုက်ရန် စီစဉ်ကြသည်။

ပထမဆုံးအုတ်တောင်ပြင်စခန်းကို တိုက်ရန်ဖြစ်သည်။ အုတ်တောင်ပြင်သို့မရောက်မီ ရှေးဦးစွာ ကင်းထိုးတပ်များ စေလွှတ်ခဲ့သည်။ ကင်းထိုးရန် ရခိုင်ပြောက်ကျားတပ်နှစ်တပ် တိုကြောင်ဖိုရွာမှ အနောက်မြောက်ဘက်သို့လှည့်၍ ဘဂဝါဗိုလ်မင်းရွာ ၊ ခွဆုံ၊ အုတ်တောင်ပြင်တံတားရင်းထိ တစ်ကြောင်း၊ ဒုတိယကင်းကို ကြောင်ဖိုရွာမှ အနောက်စူးစူးဖြစ်သော အောင်ဇေယျပုံ ဇာမှလှည့်၍ အုတ်တောင်ပြင်တံတား စခန်းသို့လည်းကောင်း (၂၅)ယောက်စီရှိသော တပ်စုကလေးနှစ်ခုကို ချီတက်ကင်းထိုးရန် လွှတ်လိုက်သည်။ တင်းထိုးတပ်များသည် အင်္ဂလိပ်တပ်များ စခန်းချထားခြင်းမရှိ၊ ညကင်းများလှည့်လည်လေ့မရှိ၊ နေ့ကင်းများသာ တခါတလေ လှည့်လေ့ရှိသည်ဟု သိရသည်။

လက်နက်ကရိယာများ အဆင်သင့်တပ်ဆင်ထားပြီး တပ်များသည် ကြောင်ဖိုရွာမှ လှေများဖြင့်လည်းကောင်း၊ ဂျပန်ရေတပ်များပါဝင်လျှက် ရှေ့တန်းအုတ်တောင်ပြင်စခန်းသို့ ည(၁)နာရီအချိန်ခန့်တွင် ထွက်ခွာချီတက်ကြသည်။ ပထမကြောင်ဖိုရွာမှ ရွာလူကြီးတစ်ဦးကို ရေတပ်လမ်းပြပေးရန် ခေါ်သွားကြသည်။ ခွဆုံရွာအထိသာ မော်တော်ဘုတ်များ ခုတ်မောင်းသွားပြီး အုတ်တောင်ပြင်ဘက်သို့ နီးလာသောကြောင့် ခွဆုံရွာအလွန်ကတည်းကပင် စက်သတ်ပြီး ကမ်းအနီးကပ်လျှက် ရေတက်နှင့် မျှောလိုက်ကြပါသည်။ သို့နှင့်ည (၃)နာရီခွဲလောက်တွင် အုတ်တောင်ပြင်ရွာ ဝါးတံတားသို့

ရောက်ရှိခဲ့ကြသည်။ ဖေဖော်ဝါရီလဆန်းအချိန် ဆီးနှင်းများ ဖုံးအုပ်လျှက်ရှိသောကြောင့် တစ်ဦးနှင့်တစ်ဦး ဆယ်ပေအကွာ တွင်ပင် မမြင်ရနိုင်ဘဲ ဖြစ်နေပါသည်။[၈၄]

နံနက်(၅)နာရီခန့်တွင် အင်္ဂလိပ်တပ်များရှိရာ ချီတက်ကြပြီး နေရာယူစခန်းချကြသည်။ ထို့နောက် ရောက်လာ သမျှသောပြောက်ကျားတပ်သားများကိုလည်း အုတ်တောင်ပြင် အနောက်တောင်ထောင့်ဘက်၌ စခန်းခွဲချရသည်။ ပထမ ရောက်ပြီးတပ်သားများကမူ ရွာတည့်တည့်မှ အနောက်ဘက်အင်္ဂလိပ်စခန်းရှိနေသော နေရာသို့တစ်ကြောင်း၊ အုတ်တောင် ပြင်တောင်နှင့် အရှေ့မြောက်ထောင့်က တစ်ကြောင်း တပ်စခန်းချထားကြသည်။[၈၅]

အင်္ဂလိပ်တပ်များတွင် အိန္ဒိယတပ်သားများနှင့် ကပ္ပလီလူမျိုးအများအပြား ပါဝင်သည်။ တပ်များကို အင်္ဂလိပ် စစ်ဗိုလ်များက ဦးစီးလျှက်ရှိသည်။ အုတ်တောင်ပြင်စခန်း၊ ပန်းဖဲချောင်း၊ ကမ်းစောက်၊ အပေါက်ဝနှင့် ဦးစွန်းတောင်စခန်း များကို ဆက်သွယ်လျှက်ရှိသော တယ်လီဖုန်းကြိုးများကို ကြိုတင်ဖြတ်တောက်ထားသောကြောင့် အင်္ဂလိပ်စစ်တပ်သည် အခက်အခဲနှင့် ကြုံနေရလေသည်။ ဆီးနှင်းများ ဖုံးအုပ်လျှက်ရှိသောကြောင့် အနီးပတ်ဝန်းကျင်ရှိတောင်များကို ရေးရေးမျှ သာတွေ့မြင်ရသည်။ လက်နက်ကိုင် ဂျပန်ရေတပ်နှင့် ရခိုင်ပြောက်ကျားတပ်သားပေါင်း (၂၀၀၀)ကျော်တို့မှာ အင်္ဂလိပ် စခန်းတစ်ခုလုံးကို ဝိုင်းငုံမိထားပြီးဖြစ်သည်။ သို့သော် အနောက်ဘက်မျက်နှာကိုမူ လွတ်ပေးထားပါသည်။ တိုက်ကွဲစ ကတည်းက ရန်သူလေယာဉ်များ ကောင်းကင်ပေါ်ပုံ ဝဲရောက်ရှိလာကြသည်။ တောင်ပေါ်အမြောက်တပ်နှင့် လက်နက်ကြီး တပ်ဟူသ၍မှာ မီးဟုန်းဟုန်းတောက်လျှက်ရှိသည်။ ဤသို့သောအခြေအနေတွင် အုတ်တောင်ပြင်ပေါ်သို့ ရခိုင် ပြောက်ကျား တပ်သားများနှင့် ဂျပန်တပ်သားများ ငြာသံပေးတက်၍ ရင်ဆိုင်တိုက်ရာ အမြောက်တပ်သားအချို့ကို လက်နက်ခဲယမ်းမီးကျောက်နှင့်တကွ လက်ရဖမ်းမိကြသည်။ အင်္ဂလိပ်တပ်ပျက်၍ ပန်းပဲချောင်းတောင်ဘက်သို့ ထွက်ပြေး ပြီး ယိုးချောင်းမြစ်တစ်ဖက်ကမ်းဖြစ်သော ကမ်းစောက်ရွာစခန်းသို့ ကူးပြေးကြသည်။

ရခိုင်ပြောက်ကျားတပ်အချို့နှင့် ဂျပန်တပ်တို့သည် ဆုတ်ပြေးသော နေရာများသို့ လိုက်၍တိုက်ကြသည်။အင်္ဂလိပ် တပ်တို့သည် မယူကမ်း၊ ရသေ့တောင်တို့ကို ဖြတ်ပြီး ဘူးသီးတောင်ဘက်အရောက် ဆုတ်ပြေးကြသည်။ အင်္ဂလိပ်တို့ ဆုတ်ပြေးရာတွင် မယူမြစ်အရှေ့အနောက်ရှိ သောင်းဒရာစခန်း၊ ချွတ်ပြင်စခန်းအစရှိသော စခန်းများ၌ ခံစစ်ပြုရန်အတွက် စစ်စခန်းများ အခိုင်အမာပြုလုပ်ကြသည်။ ထိုဘက်တွင် အင်္ဂလိပ်တို့၏ အခိုင်အမာစခန်းများဖြစ်သော ဘူးသီးတောင် စခန်း၊ မုန်တော်စခန်း စသောစခန်းများရှိသည်။ လေယာဉ်ပျံများနှင့် အလွန်အင်အားကြီးမားသော လေတပ်ကြီးများကို အင်္ဂလားနယ်နှင့် စစ်တကောင်းတို့တွင် ထားပြီး နေ့ရောညပါ ဒလဟောတိုက်ခိုက်လျှက်ရှိကြသည်။ ဤစခန်းများကား ဒုတိယကမ္ဘာစစ်တိုင်အောင် ရှိကြသည်။ ဤတိုက်ပွဲကား အရေးကြီးသောတိုက်ပွဲဖြစ်သည်။ ရှေ့တိုးလာသော အင်္ဂလိပ် စစ်တပ်သည် ဤတိုက်ပွဲတွင် ရှုံးနိမ့်သောကြောင့် နောက်သို့ ဆုတ်ပေးရသည်။ (၁၉၄၅)ခုနှစ်တိုင်အောင် ရခိုင်စစ်မျက်နှာ ၌ အင်္ဂလိပ်တို့ ရှေ့မတိုးဝံ့ဘဲ ရှိစေခဲ့သောတိုက်ပွဲဖြစ်သည်။ ရခိုင်ပြောက်ကျား ရဲဘော်တို့၏ သတ္တိ၊ စွမ်းဆောင်နိုင်မှုတို့ ဤနေရာတွင် ပေါ်လွင်ခဲ့လေသည်။[၈၆]

အုတ်တောင်ပြင်တိုက်ပွဲပြီးနောက် အပေါက်ဝစခန်းကို တိုက်ကြသည်။ အပေါက်ဝစခန်းကား အုတ်တောင်ပြင် စခန်းကဲ့သို့ အစွန်းအနား စခန်းမဟုတ်။ လူပေါင်း(၅၀၀၀)ခန့်ရှိသည့် တကယ့်တပ်ရင်းကြီးဖြစ်သည်။ အပေါက်ဝရှိ အင်္ဂလိပ်တပ်မတော်ကြီးကား ဂျပန်နှင့်ရခိုင်တပ်တို့ အုတ်တောင်ပြင်ကို တိုက်ခိုက်နေစဉ် အိန္ဒိယမှနောက်ဆုတ်ရန် အမိန့် အရ လေယာဉ်ပျံများ၏ အကာအကွယ်ဖြင့် နောက်ဆုတ်နေကြ၏။[၈၇]

ဂျပန်နှင့် ရခိုင်တပ်တို့ အစီအစဉ်များပြုလုပ်ကြပြီး ဂျပန်ဗိုလ်သုံးဦးအား ဦးဆောင်စေလျက် အတင်းထိုးစစ်ဆင် တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တပ်ခုခံသော်လည်း မနိုင်သဖြင့် ဆုတ်ပြေးရသည်။ လက်နက်ခဲယမ်းအမြောက်အမြား ကျန်ရစ်ခဲ့သဖြင့် ဂျပန်နှင့် ရခိုင်တပ်က ရရှိခဲ့သည်။ ရခိုင်ခေါင်းဆောင်များ မစ္စတာတာဂျီမာနှင့် တွေ့ပြီးလက်နက်များ တောင်းခံရာ ရရှိခဲ့သည်။ ထို့နောက် ဂျပန်ဗိုလ်ချုပ်က ရခိုင်တပ်မနှင့် ဂျပန်စစ်ကြောင်း ဗိုလ်သုံးဦးတို့အား ပလက်ဝစခန်း ကိုသိမ်းရန် အမိန့်ပေးသည်။ ထိုအချိန် ရခိုင်တပ်မှာ လက်နက်ကောင်း အဝတ်အစားကောင်း ပြည့်စုံစွာရရှိနေကြပြီဖြစ် သည်။ တပ်တစ်တပ်စီတွင် လူငယ်များ နှစ်ဆဖြစ်လာပြီး စုစုပေါင်းလူငယ် (၁၀၀၀)ကျော်ဖြစ်လာသည်။ ပလက်ဝသိမ်းရန် ကိစ္စကို ရခိုင်ကာကွယ်ရေးပြောက်ကျားတပ်က ဦးစီးသည်။ ပလက်ဝသိမ်းရေးမှာ အရေးကြီးသော နိုင်ငံရေးခြေလှမ်းပင် ဖြစ်သည်။ ရခိုင်ကာကွယ်ရေးပြောက်ကျားတပ်ချီတက်ရာတွင် ဂျပန်ဗိုလ်သုံးဦးသာပါသည်။ ဂျပန်တပ်များ ပလက်ဝဘက် သို့ မရောက်ခဲ့ပေ။ အင်္ဂလိပ်စစ်တပ်သည် အပေါက်ဝစခန်းကို သိမ်းကတည်းက ကတက်ရွာ၊ ဒလက်မေ၊ တရုံအိုင်၊ ကူချောင်းတို့ဘက်သို့ ဆုတ်ခွာလျက်ရှိသည်။ ချီတက်လာသော တပ်အားလုံး ပလက်ဝသို့ အောင်မြင်စွာရောက်ပြီး ပလက်ဝ

စခန်းကို သိမ်းလိုက်ကြသည်။ တပ်သားသစ်များအား စစ်ပညာသင်ကြားရေးအတွက် ကင်းဝရွာအနီးတွင် အုပ်ချုပ်ရေးနှင့် စစ်ရုံးကို ချထားပြီး စစ်ပညာသင်ကျောင်းကို လျှို့ဝှက်စွာ ဖွင့်လှစ်ထားသည်။ ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်များကလည်း အမြဲပုံးကြဲ၊ စက်သေနတ်ဖြင့် ပစ်ခြင်းများ ပြုလုပ်သဖြင့် မစ္စတာတာဂျီမာ မျက်စိတွင် ဒါဏ်ရာရသွားသည်။ နောက်ပိုင်း အင်္ဂလိပ်တပ်က နေရာအနှံ့ ဗုံးကြဲပြီး ကုန်းတပ်များဖြင့် ဖိဆင်းလာသည်။[၈၈] ထို့ကြောင့် ပြောက်ကျားတပ်များ အသေအကြေခုခံမနေဘဲ တပ်ဆုတ်ရန် အမိန့်ပေးသည်။ ဤသို့တပ်ဆုတ်လာရင်း ဧပြီလ (၁၉၄၃)တွင် စစ်တွေမြို့ရှိ ဂျပန်တပ်မှ တပ်သားသုံးထောင် တက်လာကြပြီး၊ ပလက်မတစ်ဝိုက်တွင် တပ်စခန်းများ ချထားကြသည်။ မီးလက်ချောင်းကျွန်းတောကြီးတွင် ဆေးတပ်တစ်တပ်နှင့် အုပ်ချုပ်ရေးတပ်ကြီးတစ်တပ် ချထားကာ ကျန်တပ်များကို စစ်တကောင်းနယ်စပ်၊ အိန္ဒိယနယ်စပ်၊ ကုလားတန်နယ်စပ်အထိ ဖြန့်ချထားလိုက်သည်။ သို့နှင့်ပင် ဂျပန်တပ်နှင့် ရခိုင်ပြောက်ကျားတပ်တို့ အင်္ဂလိပ်တပ်ကို အတင်းဝင်တိုက်ရာ အင်္ဂလိပ်တပ်များ တပ်ဆုတ်ပြေးကြရပြန်သည်။ အင်္ဂလိပ်တပ်များပြေးသောအခါ မိမိတို့နေရာများ ပြန်ယူကြရသည်။[၈၉] ထိုကဲ့သို့ ဝင်ရောက်လာသော အင်္ဂလိပ်စစ်တပ်ကို ဂျပန်တို့က တိုက်ခိုက်ရာတွင် ရခိုင်ကာကွယ်ရေးတပ်က ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်။ ဒို့ဗမာဆင်းရဲသားအစည်းအရုံးခေါင်းဆောင်တို့၏ ညွှန်ကြားချက်အရ ပလက်ဝကို ဦးကျော်မြ၊ ဦးမောင်နီ၊ ဗိုလ်ကြာလှအောင်နှင့် ဗိုလ်စောဦးတို့ခေါင်းဆောင်ကာ ရခိုင်ကာကွယ်ရေးတပ်က သိမ်းယူထားကြသည်။ ယင်းသို့သိမ်းယူထားခြင်းမှာ အိန္ဒိယရှိ သခင်သိန်းဖေတို့နှင့် အဆက်အသွယ်ပြုလုပ်ရာတွင် လွယ်ကူစေရန်ဖြစ်သည်။[၉၀]

ရခိုင်ကာကွယ်ရေးတပ်အနေဖြင့် ဂျပန်အား အကူအညီပေးခြင်းကို ဟန်ပြအဖြစ်ဆောင်ရွက်ပြီး ဂျပန်၏ယုံကြည်မှုကို ရယူခဲ့ခြင်းဖြစ်သည်။ ဂျပန်တို့ထံမှ လက်နက်ခဲယမ်းနှင့် စစ်ပညာကို ရယူခဲ့ကြသည်။ ရခိုင်ကာကွယ်ရေးတပ်၏ ခေါင်းဆောင်တပ်မှူးမှာ ဗိုလ်ကြာလှအောင်ဖြစ်၍ ဂျပန်ဗိုလ် တာနာကာနှင့် နဂါမီတို့က အကြံပေးဦးစီးခဲ့ကြသ်ည။[၉၁] ရခိုင်ကာကွယ်ရေးတပ်(ဝါ) ရခိုင်ပြောက်ကျားတပ်သည် ဖက်ဆစ်ဂျပန်အား တော်လှန်ရန် ရခိုင်တိုင်းနိုင်ငံရေးခေါင်းဆောင်များမှ ဖွဲ့စည်းထားသော ညွှန်ကြားမှုပေးနေသော တပ်ဖွဲ့သာလျှင်ဖြစ်သည်။[၉၂]

ဖက်ဆစ်တော်လှန်ရေးအတွက် ရခိုင်တိုင်းအတွင်း ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေသကဲ့သို့ အိန္ဒိယရှိ မဟာမိတ်တို့နှင့် ဆက်သွယ်ရာတွင်လည်း ရခိုင်တိုင်းတော်လှန်ရေးခေါင်းဆောင်တို့သည် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြသည်။ အိန္ဒိယရှိ မဟာမိတ်အကူအညီ ရယူရန် ထွက်ခွာသွားသော သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့နှစ်ဦးသည် မဟာမိတ်တို့နှင့် အဆက်အသွယ်ရရှိခဲ့ကြသည်။ ကာလကတ္တားရောက် သခင်သိန်းဖေမြင့်တို့၏ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းကို မဟာမိတ်စစ်ဌာနချုပ်မှ အစပိုင်းတွင် အယုံအကြည်မရှိခဲ့ကြသဖြင့် (၁၉၄၄)ခုနှစ် မြန်မာနိုင်ငံအား မဟာမိတ်တို့ ထိုးစစ်ဆင်ရာ ကင်းထောက်ခြင်း သူလျှိုလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် သက်သေထူရန် စီစဉ်ချက်အရ ကာလကတ္တားမှ သခင်တင်ရွှေကို မြန်မာပြည်သို့ လျှို့ဝှက်စွာ ဗြိတိသျှရေငုတ်သင်္ဘောဖြင့် ဇန်နဝါရီ(၁၉၄၄)(ပြာသိုလကွယ်နေ့) ဂွမြို့အနီး ကမ်းခြေသို့ တင်ပို့စေလွှတ်ခဲ့သည်။[၉၃]

သခင်တင်ရွှေသည် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ လျှို့ဝှက်စွာ ရောက်ရှိသွားပြီး အေအက်ဖ်အိုအဖွဲ့၏ စီစဉ်ချက်အရ ရခိုင်တိုင်း မဟာဗမာတိုင်းမှူးကြီး ဦးညိုထွန်း(သံအမတ်ဟောင်း)နှင့်အတူ ဂွချောင်းသို့ ဆင်းလာခဲ့ကြသည်။ ထို့နောက် ကြိုတင်စီစဉ်ထားချက်အရ ဖေဖော်ဝါရီ (၁၉၄၄)တွင်ပင် ဦးညိုထွန်း၊ သခင်တင်ရွှေနှင့် ဇနီးတို့ကို ဗြိတိသျှရေတပ်မှ သင်္ဘောတစ်စင်း ဂွချောင်းပင်လယ်ကမ်းခြေနားထိ လာရောက်ကာ ညပိုင်းတွင် တိတ်တဆိတ်တင်ဆောင်သွားခဲ့သည်။ ဂွမြို့နယ်မှ ဦးသန်းမောင်နှင့် တော်လှန်ရေးရဲဘော်များ၏ အကူအညီဖြင့် ချောမောစွာ အင်္ဂလိပ်သင်္ဘောသို့ ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယသို့ တိတ်တဆိတ်ထွက်ခွာခဲ့သော ဦးညိုထွန်းမှာ ကာလကတ္တား၌ သခင်သိန်းဖေနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းအတွက် ဆွေးနွေးခဲ့သည်။ ထိုအချိန်က ရခိုင်တိုင်းတွင် ဖက်ဆစ်တော်လှန်ရေးအတွက် အဓိကစခန်း (၃)ခု ဖွင့်လှစ်ထားခဲ့သည်။

ရခိုင်တိုင်း မဟာဗမာတိုင်းမှူး ဦးညိုထွန်းပျောက်သွားသည်ကို ဂျပန်ဗိုလ်မှူး တာဂျီမာက ဦးဘစံအား တွေ့ဆုံမေးမြန်းရာ သတင်းမရသဖြင့် ရခိုင်မျိုးချစ်တပ်သားများအပေါ် သံသယဝင်လာသည်။ ပြဒေးစခန်းမှ ဦးပညာသီဟ၊ ဘုံပေါက်သာကျော်၊ ဦးမောင်စောဖြူနှင့် ကျန်ရဲဘော်များကို ဂျပန်ဗိုလ်နဂါမီ၊ ကိုကာနှင့် အခြားဂျပန်များက မျက်ခြေမပြတ်စောင့်ကြည့်လာကြသည်။ ရခိုင်မျိုးချစ်တို့သည် ဖက်ဆစ်တော်လှန်ရေးအတွက် ပို၍လျှို့ဝှက်သိုသိပ်စွာ ဆောင်ရွက်ခဲ့ကြသည်။[၉၄] ဗမာပြည်မှ ဖက်ဆစ်တော်လှန်ရေး မြေအောက်အဖွဲ့အစည်းနှင့် ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးကျော်မြ၊ ဦးဘစံ၊ ဦးအောင်သာဦး၊ ဦးချီးဒိုး၊ ဘုံပေါက်သာကျော်တို့ကလည်း ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းအတွက် ဆွေးနွေးညှိနှိုင်း

ရန် (၁၉၄၃)(၁၉၄၄)အတွင်း ငွေစက္ကူအဟောင်းများ လဲလှယ်ရန် ဘီဒီအေတပ်က ရခိုင်တိုင်းမှ ဆရာဝန်များ ခေါ်ဆောင်သွားခြင်းကို ပြန်တောင်းရန် စသောအကြောင်းပြချက် အမျိုးမျိုးဖြင့် ရန်ကုန်သို့အကြိမ်ကြိမ် သွားရောက်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ စသော ဖက်ဆစ်တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။[၉၅]

သခင်တင်ရွှေနှင့်အတူ အိန္ဒိယသို့ဆိုက်ပါသွားသော ရခိုင်မျိုးချစ်ခေါင်းဆောင် ဦးညိုထွန်းကို မဟာမိတ်တို့က ဇွန်လ၊ (၁၉၄၄)တွင် ရခိုင်တိုင်းသို့ ပြန်လည်စေလွှတ်ခဲ့သည်။ ကိုညိုထွန်းသည် မေလနောက်ဆုံးပါတ်တွင် ပလက်ဝအထက်မှ ဖြတ်ကျော်ကာ မီးချောင်းဝမှတစ်ဆင့် ပလက်ဝအရေးပိုင်စာရေးကြီး ဦးမောင်သာအောင် လမ်းပြမှုဖြင့်၊ သရီချောင်း၊ ရမ်းချောင်းများကို ဖြတ်ကျော်၍ လေးမြို့ချောင်းဖျားမှ စုန်ဆင်းလာခဲ့သည်။ ဦးညိုထွန်းနှင့်အတူ (၁၉၄၂)ခု ရခိုင်တိုင်းရင်းသား အစည်းအရုံးမှ သခင်များဖြစ်သည့် ကာလကတ္တားအကျဉ်းထောင်တွင် ထိန်းသိမ်းအကျဉ်းခံနေရသူ သခင်ထွန်းစိန် (ဦးနန္ဒမာလာ)၊ သခင်ဘိုးလှနှင့် ဝိုင်ယာလက်စက်အသံဖမ်းချင်း အမျိုးသားရမ်ဒတ်(စ်)ဆိုသူ လိုက်ပါလာခဲ့သည်။[၉၆]

မြို့ဟောင်းမြို့နယ် ပိုးဖြူကျွန်းရွာသို့ ရောက်သောအခါ ခရိုင်ဝန်ဟောင်း ဦးကျော်ထွန်းနှင့် တွေ့ဆုံကြသည်။ ထိုနောက် ဆင်အိုးလမ်းအတိုင်း မြို့ဟောင်းသို့ဆင်းလာရာ၊ သစ္စာဖောက်တစ်ဦး၏သတင်းပေးမှုကြောင့် သခင်ဘိုးလှ၊ သခင်ထွန်းစိန်နှင့် ရမ်ဒတ်(စ်)တို့သည် ဂျပန်၏ ဖမ်းဆီးခြင်းကို ခံရပြီး သခင်ထွန်းစိန်မှာ ထွက်ပြေးလွတ်မြောက်သွားသည်။ ကိုညိုထွန်းသည် မြို့ဟောင်းမြို့သို့ရောက်လျှင်ရောက်ချင်း ရတနာ့မာန်အောင်ဘုရားအနီးရှိ တောင်ပေါ်သရက်အုပ်သို့ ဝင်ရောက်ပြီး ရဲအုပ်ဦးစိန်ထွန်း(နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးသာကျော်၏အစ်ကို)ကို တပါတည်းလိုက်ရန် ခေါ်ခဲ့သည်။ ဦးစိန်ထွန်းမှာ ကပ္ပတိန်ဟွန်ဂျီ[၉၇]၏ ဂျပန်ကင်ပေတိုင်အဖွဲ့နှင့် အမြဲဆက်သွယ်နေရသော ဗိုလ်ဖြစ်သဖြင့် ယင်းသို့လိုက်ပါလျှင် အားလုံးဒုက္ခရောက်မည်ကို ရှင်းပြခဲ့ရာ ကိုစိန်ထွန်းကို ချန်ထားခဲ့သည်။ ထို့နောက် ဦးညိုထွန်းသည် ခရိုင်ရဲ ဗိုလ်မှူး ဦးဘိုးမြစိန်၊ မြို့မဝန်ထောက်ကြီး ဦးချီးဒိုး၊ ရဲအုပ် ဦးစောလှဖြူတို့နှင့် တွေ့ဆုံပြီး မောင်းဆွဲစခန်းသို့ သွားကာ ဦးဘစံနှင့် လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် သဗ္ဗာန်ကြီးတစ်စင်းဖြင့် ဆက်သွားရွာသို့ စုန်ဆင်းလာခဲ့ကြသည်။ ဆက်သွားရွာရောက်ပြီး ဦးအောင်ဝေ(လမ်းမတော်)အိမ်၌ လျှို့ဝှက်စွာ တည်းခိုနေစဉ် နောက်တစ်နေ့ ဂျပန်ကင်ပေတိုင်မှ လိုက်လာသော ခရိုင်ရဲဗိုလ်မှူး ဦးဘိုးမြစိန်သည် ဦးချီးဒိုးနှင့်တိုင်ပင်ပြီး ညတွင်းချင်း ရဲတပ်စိတ်တစ်ခုအား စေလွှတ်၍၊ တိတ်တဆိတ်သတင်းပို့ခဲ့သည်။ ထိုရဲတပ်စိပ်သည် ဆက်သွားရွာနှင့် အခြားရွာများကို လိုက်ရှာသယောင်ပြုလုပ်ခဲ့သည်။ ဤအချိန်တွင် တော်လှန်ရေးဘက်တော်သားများသည် ရဲတပ်ဖွဲ့နှင့် တသားတည်းဖြစ်နေခဲ့လေပြီ[၉၈]။

ဂျပန်ကင်ပေတိုင်တို့ လိုက်ရှာနေကြောင်း သိရသည်နှင့် ချက်ချင်း ဦးညိုထွန်းသည် လှေဖြင့် ဇင်းချင်းချေစခန်းသို့ ထွက်ခွာလာခဲ့သည်။ နောက်တစ်နေ့တွင် မြို့ဟောင်း၌ တပ်စွဲသည့် ကပ္ပတိန် ဟွန်ဂျီ ဦးစီးသော ကင်ပေတိုင်အဖွဲ့သည် ဦးညိုထွန်းကို အထူးတလည် ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသည်။ နောက်တစ်နေ့တွင် ဗိုလ်စောဦး(ဗိုလ်အောင်ကျော်)သည် လှေဖြင့် ဆက်သွားရွာသို့ ရောက်လာပြီး ဦးဘစံအား ခေါ်ယူ၍၊ ဦးညိုထွန်းနှင့် နဂံရွာတွင် တွေ့ဆုံဆွေးနွေးစေခဲ့သည်။ ကိုညိုထွန်းနှင့်အတူ ကိုစံသာကျော်၊ ကိုမောင်နီတို့သည် နဂံရွာသူကြီး အိမ်အပေါ်ထပ်တွင် ခြောက်လုံးပြူးသေနတ်၊ လက်ပစ်ဗုံးတို့ကို အသင့်ကိုင်ဆောင်လျက် လျှို့ဝှက်စွာ ဆွေးနွေးကြသည်။ ကိုညိုထွန်းက ဦးဘစံအား အိန္ဒယသို့လိုက်ရန် ခေါ်ရာ ဂျပန်များက၊ အာရုံစိုက်နေ၍ မျက်ခြေပြတ်လျှင် လုပ်ငန်းကြီးတစ်ခုလုံးပျက်စီးသွားမည်ကို ရှင်းပြသဖြင့် လက်ခံပြီး လုပ်ငန်းအောင်မြင်ရန် ဆွေးနွေးကာ ရန်ကုန်သို့ သွားရောက်ဆက်သွယ်ရန် ဦးဘိုးအောင်ဆိုသူအား ဆက်သားအဖြစ် စေလွှတ်၍ အိန္ဒိယသို့ ပြန်လည်ထွက်ခွာခဲ့သည်။[၉၉] အိန္ဒိယသို့အပြန်တွင် ပလက်ဝအထိ တာဝန်ယူပို့ဆောင်ပေးရသော ကိုစံသာကျော်အား အိန္ဒိယသို့လိုက်ပါလာလျှင် မဟာမိတ်တပ်များနှင့် တွေ့ပါက ဆက်သွယ်ရန် လျှို့ဝှက်သင်္ကေတ ဂျီအက်စ်အိုင်ကေကို ပေးခဲ့သည်။ ကိုစံသာကျော်သည် ဂျပန်ဗိုလ်ကြီးတာနာကာ အုပ်ချုပ်သော ရခိုင်ပြောက်ကျားတပ် အကြံပေးအဖွဲ့နှင့် ဗိုလ်ကြာလှအောင်၏ရခိုင်ကာကွယ်ရေးတပ်အကြား၊ ဆက်သွယ်ရေးတာဝန်ယူနေရသူဖြစ်သည်။[၁၀၀]

ကိုညိုထွန်း တာဝန်ပေးစေလွှတ်ခဲ့သူ ဦးဘိုးအောင်သည် အိန္ဒိယရောက် သခင်သိန်းဖေ ကိုညိုထွန်းတို့နှင့် ဗမာပြည်မမှ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုတို့အကြား ကုန်ကူးခြင်းလုပ်ငန်းကို ဟန်ပြလုပ်ဆောင်ရုံသက်စွန့်ဆံဖျား (၂)ကြိမ်တိုင်တိုင်ဆက်သွယ်ပေးခဲ့သည်။ ဦးဘိုးအောင်သည် ဩဂုတ်လ (၁၉၄၄)အတွင်း ဖို့စ်(၁၃၆)မှ စီစဉ်ပေးလိုက်သော တော်လှန်ရေးကိစ္စနှင့်ပတ်သက်၍ လျှို့ဝှက်မိုက်ခရိုဖလင်နှင့် ကိုညိုထွန်းမှာကြားချက်များဖြစ်သည့် မြန်မာလူငယ်များ အိန္ဒိယသို့ စတင်စေလွှတ်ရန်၊ ထိုသို့လွှတ်ရာတွင် လာမည့်လူငယ်များက အနီးစပ်ဆုံးမဟာမိတ်တပ်နှင့် ဆက်သွယ်ပြီး ဂျီအက်စ်အိုင်ကေ ခေါ် လျှို့ဝှက်အမှတ်အသားကို ပြောရန်ဖြစ်ကြောင်း၊ ကိုညိုထွန်း၏ ပထမဦးဆုံး သတင်းပေးပို့ချက်ကို ယူဆောင်လာခဲ့သည်။[၁၀၁]

သခင်သိန်းဖေ အိန္ဒိယသို့ ထွက်ခွာစဉ်ကပင် အဆက်အသွယ်လုပ်ရန် တာဝန်ယူထားသော ဘုံပေါက်သာကျော်ကလည်း ဆက်သားနှစ်ဦးစေလွှတ်ခဲ့သည်။ ယင်းတို့မှာ ကိုလှကျော်နှင့် ကိုထွန်းအောင်ကျော်တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင်း အခြေအနေများနှင့် ရခိုင်တိုင်းတွင် ဦးပညာသီဟက ဦးဆောင်သော ရခိုင်ကာကွယ်ရေးတပ်က ဖက်ဆစ်တော်လှန်ရေး အတွက် အသင့်ဖြစ်နေခြင်းကို သတင်းပို့ရန်၊ ကိုလှကျော်အား ပထမစေလွှတ်ခဲ့ပြီး ကိုထွန်းအောင်ကျော်အား ဒုတိယ စေလွှတ်ခဲ့သည်။ သို့သော် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကိုလှကျော်နှင့် ကိုထွန်းအောင်ကျော်တို့နှစ်ဦး ကိုစံသာကျော်ထံ အတူရောက်ရှိသွားကြသည်။[၁၀၂]

ကိုညိုထွန်း အိန္ဒိယသို့ပြန်သွားပြီး ရက်ပေါင်း(၂၀)အတွင်း ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ယင်းတို့ကို သခင်သိန်းဖေ ထံသို့ ပို့ပေးရန် ဦးပညာသီဟထံမှ အမိန့်ပါလာသဖြင့် ကိုစံသာကျော်က အိန္ဒိယသို့ ပို့ပေးခဲ့သည်။ ဇူလိုင်လကုန် (၁၉၄၄) တွင် ဦးပညာသီဟအမိန့်ဖြင့် ကိုမောင်ကလေး၊ ကိုစံသာကျော်၊ ရဲဘော်စိန်မောင်တို့ အိန္ဒိယသို့ထွက်ခွာခဲ့သည်။ လမ်းခရီး တွင် အိန္ဒိယနိုင်ငံ တန်းဆင့်မြို့၌ မဟာမိတ်တို့က မသင်္ကာသဖြင့် ကိုစံသာကျော်တို့အား ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးသည့် နေ့တွင်ပင် အင်္ဂလိပ်အရာရှိတစ်ဦးက ကိုစံသာကျော်၏လျှို့ဝှက်အမည် ထွန်းကျော်ဟုပြောကာ လာရောက်ခေါ်ယူခဲ့သည်။ အင်္ဂလိပ်အရာရှိနှင့်အတူ ကိုလှကျော်၊ ကိုထွန်းအောင်ကျော်တို့နှင့် တွေ့ဆုံပြီး ကိုညိုထွန်းထံရောက်ရှိခဲ့သည်။ ကာလကတ္တား မြို့၌ အက်စ်အီးအိုင် ခေါ် ကျောင်းတွင်စစ်သတင်းစုဆောင်းရေးလုပ်ငန်းများ၊ ရန်သူအင်အားကို နောက်ကျောမှ ဖျက်ဆီး ရေးလုပ်ငန်း၊ မှတ်ညာဏ်သင်တန်း လက်နက်အသေးပစ်ခတ်နည်း ဖောက်ခွဲပစ္စည်းအသုံးပြုနည်း၊ တို့ကို ကိုလှကျော်၊ ကိုထွန်းအောင်ကျော်၊ ကိုမောင်ကလေး၊ ကိုစံသာကျော်၊ ရဲဘော်စိန်အောင်တို့ သင်ကြားခဲ့ရသည်။[၁၀၃]

သခင်သိန်းဖေက ယင်းတို့အား နိုင်ငံရေးသင်တန်းပေးသည်။ သင်တန်းများကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြား ခဲ့ရပြီး သခင်သိန်းဖေနှင့် ကိုညိုထွန်းတို့ထံမှ ရခိုင်ကာကွယ်ရေးတပ်နှင့် မဟာမိတ်တပ်အဆက်အသွယ် ရယူရန်ကိစ္စ၊ ဖက်ဆစ်တော်လှန်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ရခိုင်တိုင်းတော်လှန်ရေး ခေါင်းဆောင်များအား တင်ပြရန်၊ စာပေးလိုက်၍ ဩဂုတ်လကုန်တွင် ကိုစံသာကျော်နှင့် မောင်စိန်အောင်တို့ အိန္ဒိယမှ ပြန်လာခဲ့ကြသည်။ သူတို့၏ တာဝန်မှာ စစ်တွေနှင့်အိန္ဒိယမြန်မာနယ်စပ်အကြားတွင် ခြေမြန်သတင်းဆက်သွယ်ရေး ဆောင်ရွက်ရန်ဖြစ်သည်။

သခင်သိန်းဖေနှင့် ကိုညိုထွန်းတို့သည် ကိုထွန်းအောင်ကျော်အား ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ ကိုထွန်းအောင် ကျော် ရန်ကုန်သို့ရောက်ရှိပြီးနောက် တော်လှန်ရေးအဆက်အသွယ်များ ပြုလုပ်နိုင်ခဲ့သည်။ ဤသို့ဖြင့် မြန်မာပြည်မမှ ဖက်ဆစ်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်များနှင့် ဖို့စ်(၁၃၆)မဟာမိတ်တပ်တို့ အဆက်အသွယ် ရရှိခဲ့သည်။[၁၀၅]

ရခိုင်တိုင်းမှ အိန္ဒိယသို့ တော်လှန်ရေးရဲဘော်များ တဖွဲဖွဲရောက်ရှိသွားခဲ့သည်။ ယင်းတို့မှာ ဦးပညာသီဟ၊ ဗိုလ်သာ ထွန်းအောင်၊ ဦးကျော်၊ ကိုအောင်ဘန်း၊ ကိုမြမောင်၊ ကိုမောင်စောဖြူ၊ ကိုစိန်ထွန်းဖြူ၊ ကိုစောထွန်း၊ ကိုဝေလာ၊ ကိုစံထွန်း၊ ကိုကျော်သာ၊ ကိုမိုးသာ၊ ကိုဗသိန်း၊ ကိုမောင်စိန်တို့ဖြစ်သည်။[၁၀၆]

နိုဝင်ဘာလကုန်၊ (၁၉၄၄)တွင် ဦးပညာသီဟနှင့် ဘုံပေါက်သာကျော်တို့ စေလွှတ်လိုက်သော ကိုသာကျော်အား သခင်သိန်းဖေနှင့် ဆက်သွယ်ပေးရန် ကိုစံသာကျော်သည် ရဲဘော်ထွန်းအောင်ဇံနှင့် အိန္ဒိယသို့ စိုင်းတင်ချောင်းမှတစ်ဆင့် ယင်းမခေါ် ကော့ဘဇာမှ အိန္ဒိယသို့ ရောက်သွားခဲ့သည်။ ရခိုင်ပြောက်ကျားတပ်ဖွဲ့ဝင်အချို့သည်လည်း ဂျပန်များ ရိပ်မိ သွားသဖြင့် အိန္ဒိယသို့ သွားရောက်ခဲ့ရသည်။ အိန္ဒိယတွင် ကိုညိုထွန်းသည် ရောက်ရှိလာသော ရခိုင်ရဲဘော်များကို စုစည်းလျှက် ပြောက်ကျားသင်တန်း၊ လေထီးသင်တန်းများကို သင်ယူစေခဲ့သည်။ မဟာမိတ်တို့နှင့်ဆက်သွယ်နားလည်မှု ရရှိထားပြီးဖြစ်၍၊ ဖို့စ်(၁၃၆)တပ်ဖွဲ့မှ ပြောက်ကျားတပ်အနေဖြင့် လေ့ကျင့်ပေးခြင်းဖြစ်သည်။[၁၀၇]

ရခိုင်တိုင်းတွင် ဆရာတော် ဦးပညာသီဟ၊ ဦးစိန္တာ၊ ဗိုလ်ကြာလှအောင်၊ ဘုံပေါက်သာကျော်တို့က ရခိုင်ကာကွယ် ရေးတပ် သို့မဟုတ် ရခိုင်ပြောက်ကျားတပ်ကို တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်ထားခဲ့သည်။ ဦးပညာသီဟသည် မြို့ဟောင်းမြို့နယ် ပြဒေးရွာတွင်လည်းကောင်း ဆရာတော် ဦးစိန္တာသည် မြေပုံမြို့နယ် ကြာအင်းတောင်ရွာတွင်လည်း ကောင်း၊ ဘုံပေါက်သာကျော်သည် မြို့ဟောင်းမြို့နယ် လောင်းရှည်ရွာတွင်လည်းကောင်း၊ ပြောက်ကျားစခန်းများ ဖွင့်လှစ် ကာ ရခိုင်လူငယ်များအား လျှို့ဝှက်စုဆောင်းခဲ့သည်။[၁၀၈]

ဗိုလ်ကြာလှအောင်သည် ပြောက်ကျားတပ်များကို လှည့်လည်ထိန်းသိမ်းရင်း တော်လှန်ရေးအတွက် အချိန်ကိုက် ၍ တပ်စုလိုက် တပ်ဖျောက်နိုင်ရန် စီစဉ်ခဲ့သည်။[၁၀၉] ရခိုင်တိုင်း၌ တော်လှန်ရေးအတွက် အဆင်သင့်ဖြစ်နေချိန် တော်လှန် ရေးခေါင်းဆောင်တို့သည် ရန်ကုန်သို့ ထပ်မံသွားရောက်၍ ဗမာပြည်မနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ရခိုင်ကာကွယ်ရေးတပ်သည် ဘီဒီအေ၏ လက်အောက်ခံတပ်မဟုတ်သဖြင့် ရခိုင်ကာကွယ်ရေးတပ်



ပုံ-၂။ အိန္ဒိယနိုင်ငံရောက် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့မှ တော်လှန်ရေးရဲဘော်များ၏ပုံ၊ ကာလကတ္တားမြို့၊ ဆန်းဒေးဗီလာရှေ့တွင် (၁၉၄၅၊ မတ်လ)

(နောက်တန်း) ရဲဘော်ရွှေသာ၊ ကိုဖေကြီး၊ ရဲဘော်သာထွန်းအောင်၊ ကိုချစ်ကောင်း၊ ဗိုလ်မောင်ကလေး၊ ကိုစောဦး၊ သခင်မြသွင်၊ ဗိုလ်စိုးမောင်၊ သခင်ဗိုလ်၊

(အလယ်) သခင်အေးကျော်(ခ)ကိုရွှေ၊ ဦးဦးစော၊ ဦးမောင်ဦးကျော်၊ ကိုကျော်မြ၊ ဦးပညာသီဟ၊ မမြရီ၊ မောင်သန်း၊ ဗိုလ်ဘသိန်း၊ ဗိုလ်ပါလေး၊ ရဲဘော်မောင်ကြည်

(ရှေ့တန်း) ဦးထွန်းအောင်ကျော်၊ သခင်ကျော်ရင်၊ ဗိုလ်ကြီးကြာလှအောင်၊ ကိုသိန်းဇံ၊ သခင်လှထွန်း၊ ဗိုလ်မှူးခင်ဇော်၊ ဗိုလ်စံသာကျော်
(လေထီး ဦးအုန်းမောင်ထံမှ ရရှိပါသည်)

အနေဖြင့် စတင်တော်လှန်ပါက ဘီဒီအေကို ဂျပန်တို့ အရေးမယူနိုင်ခြင်း၊ မဟာမိတ်တပ်များ ဝင်လာပါက ရခိုင်ဘက်မှ ဝင်ရောက်လာမည်ကို ကြိုတင်သိရှိထားသဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ခေါင်းဆောင်တို့သည် ရခိုင်တိုင်းမှစတင်တော်လှန်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ရခိုင်တိုင်းမှ တော်လှန်ရေးစတင်ရန် ဆုံးဖြတ်ချက်ချပြီး သည်နှင့် ရခိုင်ကာကွယ်ရေးတပ်သည် ပိုမိုတိကျသေသပ်လျှို့ဝှက်စွာ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့သည်။[၁၁၀]

ရခိုင်ကာကွယ်ရေးတပ်များလည်း တပ်ဖျောက်ခဲ့ပြီး တော်လှန်ရေးအချက်ပေးသံကို စောင့်စားနေခဲ့သည်။ တော်လှန်ရေးအတွက် အဖက်ဖက်မှ အဆင်သင့်ဖြစ်နေချိန်တွင် သခင်သိန်းဖေထံမှ ပေးပို့သော ဝါယာလက်စက်နှင့် တရုတ်အမျိုးသား ဘုံပေါက်သာကျော်က လက်ခံ၍ လောင်းရှည်ချောင်းရွာရှိ ပြားတော[၁၁၁]တွင် တဲငယ်ဖြင့် ဖြောက်ဖျက်ထားနိုင်ခဲ့သည်။ ယင်းစက်ဖြင့် ကလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်သို့ ဂျပန်၏စစ်ရေးလှုပ်ရှားမှုအခြေအနေကို တစ်နေ့နှစ်ကြိမ်မှန်မှန် သတင်းပို့နိုင်ခဲ့သဖြင့် ထိုးစစ်ဆင်ရန် ရာချီထောင်ချီသွားကြသော ဖက်ဆစ်ဂျပန်တပ်များ ဗုံးကြဲခံရတော့သည်။ ဂျပန်၏ရိက္ခာစခန်းများ၊ စစ်အခြေခံစခန်းများ မီးလောင်ဗုံးဒဏ်ကြောင့် မရှုမလှ ဖက်ဆီးတော့သည်။[၁၁၂]

ဦးချိုးဒိုးအား ရခိုင်ခေါင်းဆောင်များက (၁၉၄၄)ဒီဇင်ဘာလဆန်းလောက်တွင် ရန်ကုန်ဖဆပလ ဌာနချုပ်သို့ စေလွှတ်ပြီး ရခိုင်တိုင်းအခြေအနေအရ ဖက်ဆစ်ဂျပန်တော်လှန်ရတော့မည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။ (၁၉၄၄)နှစ်ကုန်ချိန် မဟာမိတ်တပ်တို့၏ ထိုးစစ်မှာ ရခိုင်မျိုးချစ်တို့၏ အကူအညီဖြင့် အထူးပင်အောင်မြင်ခဲ့သည့်အလျှောက် ဂျပန်တို့မှာ တစ်နေ့တစ်ခြား အရေးနိမ့်လာခဲ့သည်။ ရခိုင်တိုင်း၌ ထိုအခြေအနေရှိချိန်တွင် အိန္ဒိယ၌ စစ်ပညာသင်ကြားနေကြသော ရခိုင်မျိုးချစ်လူငယ်များသည် ဒီဇင်ဘာ(၁၉၄၄)တွင် ဗြိတိသျှတပ်ဖွဲ့(၁၃၆)က တစ်သုတ်ပြီးတစ်သုတ် လေထီးဖြင့် ရခိုင်တိုင်းသို့ ချပေးခဲ့ကြသည်။[၁၁၃] ကနဦးဆင်းလာသောအဖွဲ့များမှာ ကျောက်တော်မြို့နယ် ငါးယောက်ကိုင်းရွာတွင် ဦးညိုထွန်း၊ မေဂျာကရူး[၁၁၄]၊ ကပ္ပတိန်ကော့ပ်[၁၁၅]၊ ဆာဂျင်ရှပ်[၁၁၆]၊ ကိုစောဖြူ ကိုသာထွန်းအောင်တို့က တဖွဲ့၊ ညီချေ့ရွာ အခြေစိုက်စခန်းသို့ ဗိုလ်မောင်ကလေး၊ ကိုသာကျော် (နိုင်ငံတော်ကောင်စီဝင်)ကိုထွန်းအောင်ဇံ၊ မစ္စတာဂိုန်းတို့ ဆင်းခဲ့သည်။[၁၁၇] ညီချေ့ရွာအနီး ခြသေ့်အမည်ခံ တရုတ်မေဂျာတစ်ဦး၊ ကိုချစ်လှဖြူ ကိုစံထွန်း၊ ကိုစိန်ထွန်းဖြူ ဗိုလ်ဝေလာ၊ ပန်းပဲချောင်းဒေသတွင် ကိုစံသာကျော်တို့က တစ်ဖွဲ့ဆင်းပြီး အသီးသီးတပ်ဖြောက်နိုင်ခဲ့သည်။[၁၁၈]ထို့ပြင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရန် ကျောက်တော်မြို့နယ် ကြောင်ဆွယ်ဖြူရွာနှင့် ရောင်ဇူရွာကြား နွားစားကျက်တွင်လည်းကောင်း၊ မြို့ဟောင်းမြို့နယ် စက်သွားရွာတွင်လည်းကောင်း၊ ဘရင်း၊ ကာဘိုင်၊ ခြောက်လုံးပြူး စသည့် လက်နက်မျိုးစုံ (၅၀၀)ကျော်ခန့် လေထီးဖြင့် ချပေးခဲ့သည်။[၁၁၉]

ဗြိတိသျှတို့က ဤသို့ လက်နက်ရိက္ခာများ အကူအညီပေးခြင်းမှာ ယင်းတို့၏ ရခိုင်ပြည် စစ်ဆင်ရေး သေနင်္ဗျူဟာ အောင်မြင်ရေးအတွက်ဖြစ်သည်။ ယင်းတို့၏ သေနင်္ဗျူဟာ အောင်မြင်ရေးအတွက် ရခိုင်ကာကွယ်ရေးတပ်၏ အကူအညီကို ယူခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်တပ်တို့အနေဖြင့် စစ်တွေမြို့ကို သိမ်းပိုက်ရန်အတွက် ဇန်နဝါရီလကုန် (၁၉၄၅)ထက် နောက်မကျစေဘဲ ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေးများ ပြုကျင့်ရမည်ဟု စစ်သေနာပတိ အသီးသီးတို့အား ညွှန်ကြားထားသည်။ (၁၅)နိုဝင်ဘာ(၁၉၄၄)တွင် အမှတ်(၁၅)တပ်မကြီးအား အောက်ပါအတိုင်း ညွှန်ကြားသည်။

(က) ရခိုင်ပြည်တပ်ဖွဲ့များကို အခြားစစ်ဆင်မှုများတွင် အသုံးပြုရန်အတွက် ရခိုင်ပြည်ကို စစ်တွေ၊ မင်းပြားအရပ်သို့ တိုင်ရောက်အောင် ရှင်းလင်းရမည်။

(ခ) စစ်တကောင်းနှင့် ကောက်ဘဇားဒေသကို ထိန်းသိမ်းထားရမည်။

(ဂ) ဖောင်းပွိုင့်အငူ ကူတောင်ကျွန်းနှင့် မင်းပြားတစ်လျှောက်၏ မြောက်ဘက်ရှိ ဂျပန်တပ်များကို မောင်းထုတ်ရန် မေယုကျွန်းဆွယ် ကုလားပန်းဇင်းမြစ်ဝှမ်း၊ ကုလားတန်မြစ်ဝှမ်း စသည်တို့သို့ ချီတက်ရမည်။ ဤချီတက်မှုကို အမြန်ဆုံး ဆောင်ရွက်ရမည်။

(ဃ) (၁၅)ဇန်နဝါရီခန့်တွင် လေကြောင်း၊ ရေကြောင်းမှ ကူညီဗုံးကြဲတိုက်ခိုက်သည်ကို ခံယူကာ စစ်တွေမြို့ကို ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်းစစ်ဆင်လုပ်ကြံရန် တပ်များ ပေးပို့ထားရမည်။

(င) စစ်တွေ၊ မင်းပြားတစ်လျှောက်၏ မြောက်ဘက်ရှိဒေသများကို သိမ်းပိုက်နေရာယူ၍ အခိုင်အမာစောင့်ထိန်းရမည်။ ရခိုင်ပြည်ကို တိုက်ခိုက်ရှင်းလင်းခြင်းသည် အမှတ်(၁၄)တပ်မတော်၏ ဆက်လက်ချီတက်ရေးအတွက် လေကြောင်းအခြေခံစခန်းသစ်များ တည်ဆောက်နိုင်လိမ့်မည်ဖြစ်ရုံမက ရခိုင်ပြည်ရှိ အမှတ်(၂၈) ဂျပန်တပ်မတော်တို့ တိုက်ထုတ်ပြီး အမှတ်(၁၅)တပ်မကြီးနှင့် လေတပ်များကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရန်

အတွက် အသုံးပြုနိုင်လိမ့်မည်။ ယင်းပြင် ရခိုင်ပြည်ရှိ ဂျပန်တပ်ဖွဲ့များကို ဗမာပြည်အလယ်ပိုင်း အမှတ်(၁၄) တပ်မတော်အား ခုခံတိုက်ခိုက်စေမည့် ဘေးမှလည်း ထိန်းချုပ်ကာကွယ်ပေးနိုင်လိမ့်မည် စသဖြင့် အစီအစဉ်များ ချမှတ်ထားပြီး ရခိုင်ပြည်စစ်ဆင်မှုကို (၁၂)ဒီဇင်ဘာ(၁၉၄၄)တွင် အမှတ်(၂၅) အိန္ဒိယတပ်မက မေယုကျွန်းဆွယ်ကို တိုက်ခိုက်ခြင်းဖြင့် စတင်ခဲ့သည်။ ဤသို့တိုက်ခိုက်သည်ကို အမှတ်(၈၁) အနောက်အာဖရိက တပ်မက ကုလားတန်မြစ်ဝှမ်းကို တိုက်ခိုက်ခြင်းအားဖြင့်လည်းကောင်း၊ အမှတ်(၈၂)အနောက်အာဖရိကတပ်မက ကုလားပန်းဇင်းမြစ်ဝှမ်းကို တိုက်ခိုက်ခြင်းအားဖြင့်လည်းကောင်း၊ အကူအညီပေးခဲ့သည်။ (၁၅)ဒီဇင်ဘာ (၁၉၄၄)တွင် ဘူးသီးတောင်၏မြောက်ဘက်နှင့် အနောက်မြောက်ဘက်မှ ချီတက်လာသော အမှတ်(၈၂) အနောက်အာဖရိက တပ်မသည် ဘူးသီးတောင်ကို သိမ်းပိုက်နိုင်ခဲ့သည်။[၁၂၁]

(၂၆)ဒီဇင်ဘာလတွင် အမှတ်(၂၅) အိန္ဒိယတပ်မမှ တပ်မဟာများသည် ဖောင်းပွိုင့်အင်ကို သိမ်းပိုက်နိုင်ခဲ့ပြီး စိုင်းဒင်ချောင်း မြောက်ဘက်ရှိ ကုလားပန်းဇင်းကွင်းပြင်တစ်ခုလုံးရှိ ရန်သူများကို ရှင်းလင်းသုတ်သင်နိုင်ခဲ့သည်။ (၂၈)ဒီဇင်ဘာတွင် ရသေ့တောင်နှင့် ရေတောင်ကျွန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ဤသို့မဟာမိတ်တို့ ထိုးစစ်များ ပြင်းထန်လာသဖြင့် ဂျပန်တို့ ဆုတ်ခွာရန် ပြင်ဆင်ရတော့သည်။ ထိုသို့ဆုတ်ခွာရာတွင် ဦးပညာသီဟ၊ ဦးစိန္တာ၊ ဘုံပေါက်သာကျော်တို့အား ခေါ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ဦးစိန္တာအား အကျယ်ချုပ်ဖြင့် ချုပ်ထားပြီး ဦးပညာသီဟနှင့် ဘုံပေါက်သာကျော်တို့အား မိမိတို့နှင့်လိုက်ပါရန် (၂၅)ဒီဇင်ဘာ(၁၉၄၄)နေ့နံနက်တွင် ပြောကြားထားပြီးဖြစ်သည်။ ထို့ကြောင့် ဦးပညာသီဟနှင့် ဘုံပေါက်သာကျော်တို့တိုင်ပင်ကာ ဂျပန်အား ဤအချိန်မှစတင်၍ တော်လှန်မှုရတော့မည်ဟု သဘောတူဆုံးဖြတ်ကာ (၃၁) ဒီဇင်ဘာ(၁၉၄၄)နေ့ညတွင်ပင် ယင်းတို့နေထိုင်ရာ ပြဒေးနှင့် (၂)ဖာလုံခန့်ဝေးသော ဂျပန်စစ်ဌာနခွဲ တစ်ခုရှိရာ ကျောင်းတိုက်ရွာသို့ ဝင်ရောက်တိုက်ခိုက်သည်။ ထိုညမှာပင် ဗိုလ်ညိုထွန်း၊ ဗိုလ်ကြာလှအောင်၊ မေကရူးတို့ ဦးဆောင်သော ရခိုင်ကာကွယ်ရေးတပ်သားအချို့ ပြဒေးသို့ရောက်လာခဲ့ပြီး စီစဉ်ထားသည့်အတိုင်း (၃၁)ဒီဇင်ဘာ(၁၉၄၄)တွင် ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေး စတင်တော့သည်။[၁၂၂]

ပြဒေးမှတဆင့် မြို့ဟောင်းမြို့နယ် အကြီးတော်မရွာ (ခမ္မီးကျေးရွာ)သို့ပြောင်းရွှေ့ကာ ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲမှ ကြူတပ်ဖွဲ့နှင့် ခြသေ့်အောင် ပြောက်ကျားတပ်ဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့သည်။ ကြူပြောက်ကြားတပ်ဖွဲ့ကို ဗိုလ်ကြာလှအောင်က ဦးဆောင်၍ ခြသေ့်အောင်ပြောက်ကျားတပ်ဖွဲ့ကို ဘုံပေါက်သာကျော်က ဦးဆောင်သည်။ ရှေ့တန်းစစ်မျက်နှာသို့ထွက်ရန် တာဝန်ကို ဘုံပေါက်သာကျော်က တာဝန်ယူလိုက်သည်။ မြို့ဟောင်းမှ ပေါက်တောဘက်သို့ ဘုံပေါက်သာကျော်တို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ ပေါက်တောတွင် ဦးစံဂိုးအောင်တို့မိသားစု အကူအညီဖြင့် ဖက်ဆစ်ဂျပန်တို့၏ သတင်းများ ရခဲ့သည်။ ဘုံပေါက်သာကျော်တို့၏ ဝါယာလက်စက်ဖြင့် မဟာမိတ်စစ်ဌာနချုပ်သို့ သတင်းပို့မှုကြောင့် ဂျပန်တို့ ဗုံးကြဲခံရပြီး ပေါက်တောနှင့်အနီးတစ်ဝိုက်နေရာ အနှံ့အပြားမှ ဂျပန်တို့ဆုတ်ခွာရကာ ဇန်နဝါရီလဆန်း (၁၉၄၅)တွင် ပေါက်တောကို ဘုံပေါက်သာကျော်တို့ သိမ်းပိုက်နိုင်ခဲ့သည်။[၁၂၃]

ဗိုလ်ကြာလှအောင် ဦးဆောင်သော ကြူပြောက်ကျားတပ်ဖွဲ့သည် မြို့ဟောင်းမြို့နယ်ဘက်သို့ တာဝန်ယူခရီးထွက်ခဲ့သည်။ မြို့ဟောင်းမြို့နယ် ဆက်သွားရွာရှိ ကိုဘစံကို အကြောင်းကြားဆက်သွယ်ကာ ဗိုလ်စံလှတပ်ခွဲက ရှေ့ပြေးတပ်အဖြစ် ဆက်သွားရွာကို သိမ်းပိုက်ခဲ့သည်။ ဆက်သွားရွာတွင် စစ်တွေမြို့မှ ရခိုင်အမျိုးသား ပညာတတ်လူကြီး (၄၀)ခန့်ကို ပြန်ပေးအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားရန် စီစဉ်နေချိန်နှင့်တိုးသဖြင့် ထိုလူကြီးများအား ကယ်တင်နိုင်ခဲ့သည်။ ဆက်သွားရွာတွင် မေဂျာကရူးက ဝါယာလက်စက်ဖြင့် တောင်း၍အိန္ဒိယမဟာမိတ် စစ်ဌာနချုပ်မှ ရိက္ခာ၊ ဆေးဝါးများ လေထီးဖြင့် ချပေးခဲ့သည်။ ဆက်သွားရွာတွင်ပင် ရခိုင်ကာကွယ်ရေးတပ်ကို “ရခိုင်မျိုးချစ်တပ်မတော်”ဟု အမည်ပေးပြီး ဗိုလ်ညိုထွန်းမှာ မျိုးချစ်တပ်မတော်၏ တပ်ခွဲခေါင်းဆောင်၊ ဗိုလ်ကြာလှအောင်မှာ မျိုးချစ်တပ်မတော်၏ စစ်တာဝန်ခံဖြစ်လာသည်။ ပြောင်းပြာရွာတွင် ဌာနချုပ်တည် ကပ္ပတိန်ကော့ဗ်နှင့် ဆာဂျင်ရှုပ်တို့က ဝါယာလက်သတင်းများကို အိန္ဒိယမဟာမိတ်စစ်ဌာနချုပ်သို့ ပို့ခဲ့သည်။ ယင်းဌာနချုပ်မှနေ၍ ဖက်ဆစ်ဂျပန်တို့ကို ဆူးရစ်ချောင်းတိုက်ပွဲ၊ ပြောင်းပြာတိုက်ပွဲ၊ ဟင်းခရော်တိုက်ပွဲများဆင်နွှဲကာ စစ်တွေခရိုင်မှ ဂျပန်များကို မောင်းထုတ်နိုင်ခဲ့သည်။[၁၂၄]

(၂)ဇန်နဝါရီ (၁၉၄၅)တွင် လေကြောင်းကြည့်ကင်း အမြောက်တပ်မှ အရာရှိတစ်ဦးက အနီးအပါးတွင် ရန်သူအရိပ်အခြေကြည့်ရင်း ရန်သူအရိပ်အခြေ မတွေ့ရသဖြင့် စစ်တွေမြို့တည့်တည့် လေယာဉ်ကွင်းပေါ်သို့ လေယာဉ်ထိုးဆင်းခဲ့သည်။ အနီးအပါးရှိ ရွာသားများ သတင်းပေးချက်အရ အင်္ဂလိပ်တို့မရောက်မီ (၂)ရက်ခန့်ကပင် ဂျပန်တို့ဆုတ်ခွာသွားပြီးဖြစ်သည်။[၁၂၅]

ရခိုင်တိုင်း စစ်မျက်နှာ၌ အကြီးကျယ်ဆုံးတိုက်ပွဲဖြစ်သော မြေပုံမြို့နယ် ကန့်ကော်ချောင်းစခန်းသို့ ရခိုင်တိုင်း မြောက်ပိုင်း စစ်မျက်နှာမှ ဆုတ်ခွာလာသော ဂျပန်စစ်တပ်မှ တပ်မဟာ(၂)ခု ရောက်လာပြီး အခိုင်အမာတပ်ဆွဲကာ ခေါင်းမာမာဖြင့် ခုခံတိုက်ခိုက်နေပြန်သဖြင့် မဟာမိတ်တပ်က ကြည်း၊ ရေ၊ လေတပ်များဖြင့် ဇန်နဝါရီလလယ်မှ ဖေဖော်ဝါရီလကုန်ထိ ရက်ပေါင်း(၄၀)ကျော်တိုင် ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ရသည်။[၁၂၆]ကန့်ကော်ချောင်းတိုက်ပွဲတွင် ရခိုင်မျိုးချစ်တပ်ဖွဲ့များက ထိရောက်စွာ ပါဝင်ကူညီတိုက်ခိုက်ပေးကြသည်။ မြေပုံမြို့နယ်အတွင်းရှိ မြေပုံမြစ်ကမ်းတစ်လျှောက် တောတောင်များတွင် ခံတပ်များ၊ ကတုတ်များ၊ အမြောက်ပစ်ကျင်းများ တည်ဆောက်လျှက် အခိုင်အမာတပ်ဆွဲနေကြသော ဂျပန်တပ်များကို မဟာမိတ်တပ်မှ ဖြိုခွင်းနိုင်ရန်အတွက် ရခိုင်ပြောက်ကျားများက သတင်းပေးပို့ခြင်း၊ ကမ်းတက်ရေယဉ်များဆိုက်ကပ်နိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ပြုလုပ်ပေးခဲ့သည်။ ကန့်ကော်ချောင်းတိုက်ပွဲတွင် ဂျပန်တပ်သား (၂၀၀၀)ခန့် ထိခိုက်ကျဆုံးပြီး၊ အမြောက်(၆)လက်၊ စစ်မော်တော်(၁၄)စင်း၊ အခြားပစ္စည်းပစ္စယအမြောက်အမြားကို မဟာမိတ်တပ်မှ ရခဲ့သည်။ မဟာမိတ်တပ်သား(၆၀၀)ကျဆုံးခဲ့သည်။[၁၂၇]

မြေပုံတိုက်ပွဲပြီးနောက် ရခိုင်တိုင်း မျိုးချစ်တပ်မတော်တပ်ဖွဲ့များကို ပြဒေးသို့ ဆုတ်ခွာရန် အမိန့်ပေးသည်။ တပ်ဖွဲ့ခေါင်းဆောင်များက ဆက်လက်ချီတက်ရန် ဆန္ဒရှိကြသည်။ ပြဒေးတွင် စုပြီး လက်နက်ချရန် မဟာမိတ်ဌာနချုပ်မှ ညွှန်ကြားထားပြီးဖြစ်သည်။ ရခိုင်တိုင်းမျိုးချစ်ဗမာ့တပ်မတော်တပ်ဖွဲ့များသည် ပြဒေးတွင် လက်နက်ချရန် ဆန္ဒမရှိ။ ဗြိတိသျှတပ်ဖွဲ့ (၁၃၆)နှင့် လက်နက်ချရေး မချရေး အတော်ပင် စေ့စပ်ဆွေးနွေးယူကြရသည်။ အိန္ဒိယရှိ ကိုသိန်းဖေထံမှ လက်နက်ချရန် လက်နက်မချက ဗမာပြည်မ ဖက်ဆစ်တော်လှန်ရေးအတွက် အခက်အခဲဖြစ်မည် စိုးရိမ်ရကြောင်း တို့ကြောင့် လက်နက်များ မဟာမိတ်တို့ထံ ပြန်အပ်ရန်လိုကြောင်း ဝါယာလက်စက်ဖြင့် တောင်းပန်ပြောကြားချက်ရောက်လာသည်။ သို့ဖြစ်၍ ရခိုင်မျိုးချစ်ပြောက်ကျားတို့သည် လက်နက်အချို့တဝက်ကို မဟာမိတ်တို့ထံ ပြန်အပ်လိုက်ရသည်။ လက်နက်များကို (၇)ဖေဖော်ဝါရီ (၁၉၄၅)တွင် ပြန်အပ်ခဲ့သည်။ တိုက်ပွဲများမှ ရရှိသောလက်နက်များကို မအပ်ပဲ ဝှက်ထားလိုက်ကြသည်။ လက်နက်များ ပြန်အပ်ရာတွင် မဟာမိတ်တို့ထံမှ ချပေးသော လက်နက်အရေအတွက်ထက် ပိုအပ်ခဲ့ခြင်းဖြင့် မဟာမိတ်တို့ထံမှ ချပေးသောလက်နက်အရေအတွက်ထက် ပိုအပ်ခဲ့ခြင်းဖြင့် မဟာမိတ်တို့အား ဗမာပြည်မ ဖက်ဆစ်တော်လှန်ရေးအတွက် အယုံသွင်းလိုက်ခြင်းပင်ဖြစ်သည်။[၁၂၈]

ဦးညိုထွန်းနှင့်ကျောက်ဖြူမှ ကိုဘစောတို့ အဆက်အသွယ်ရပြီး ကိုဘစော၊ ဗိုလ်မောင်စောဖြူ၊ ဗိုလ်စောထွန်း၊ ဗိုလ်အောင်စောတို့ အိန္ဒိယ၌ စစ်ပညာသင်ယူခဲ့ကြသည်။ ဇန်နဝါရီ(၁၉၄၅)တွင် အမ်းနှင့် ဒါးလက်မြို့နယ်ကြားရှိ မဲလက်မောင်းတွင် ဗိုလ်ဘစော၊ ဗိုလ်အောင်ဖြူ၊ ဗိုလ်စောထွန်း၊ ဗိုလ်အောင်စော၊ အင်္ဂလိပ်စစ်ဗိုလ်နှစ်ဦးတို့ လေထီးဖြင့် ဆင်းခဲ့ကြသည်။ မဲလက်မောင်းရှိ ဗိုလ်ရွှေမင်း ဦးဆောင်သော ချင်းအမျိုးသား ပြောက်ကျားတပ်ကို စစ်ပညာသင်ကြားသည်။ မဲလက်မောင်း အရှေ့မြောက်ဒေါင့်ရှိ အလုံထောင်စခန်းတွင် မဲချောင်း၊ ကြက်ဝင်သလုံး၊ ကောဝ၊ တယ်ချောင်း၊ ကျန်ချောင်း၊ အမ်းဖျား၊ တွယ်ချောင်းတို့မှ ချင်းအမျိုးသား (၇၃)ဦးပါဝင်သော ပြောက်ကျားတပ်ဖွဲ့က ဒါးလက်နယ်တွင် တပ်စွဲနေသော ဂျပန်(၆၀၀၀)ရှိသော တပ်ကို တိုက်ခိုက်ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း စစ်ကူများ ရောက်လာပြီး ကူညီတိုက်ခိုဖက်ပေးသဖြင့် အမ်းမြို့နယ်အတွင်းရှိ ဂျပန်တို့ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။ ထိုမှတဆင့် အမ်းမြို့နယ်တွင်းချောင်း၊ ကိုထူတွင် စခန်းချပြီး အမ်းအရှေ့ဘက်နယ်များဖြစ်သော ဘိုးကန်လန်း၊ ငပြယ်တောင်ဇောက်၊ ဇင်ပွန်စခန်း၊ ကြက်ရေစခန်း၊ ကုံးကြီးစခန်းထိ ဂျပန်များအား ဆက်လက်တိုက်ခိုက်ခဲ့သည်။ စစ်ကြောင်းတစ်ခုမှာ ကမ်းနီ၊ အမ်း၊ ရေတိုးတောင်၊ မဲတောင်ခြေရင်း၊ နေကာတောင်၊ ဒလက်နယ်၊ ကွမ်းဝ-ခါးတောင်၊ ကျောရွာ၊ ကိုးလံ၊ သင်ပုန်းတောရှိ ဂျပန်များကို တိုက်ခိုက်ကြသည်။ မြေပုံမြို့နယ်အပိုင် စံညွင်းနှင့် မြေပုံမြောက်ပိုင်းဘက်သို့လည်း သွားရောက်တိုက်ခိုက်ကြရသည်။ ထိုပြောက်ကျားတပ်ဖွဲ့ကို ဇွန်လ (၁၉၄၅)တွင် မဟာမိတ်တပ်အမှတ်(၁၃၆)မှ မေဂျာကင်းဘလ်လာရောက်၍ ကမ်းကြီးဒေါင့်တွင် စုရုံးပြီး တပ်ကို ဖျက်သိမ်းလိုက်သည်။[၁၂၉]

မဟာမိတ်တပ်မှ ကျောက်ဖြူမြို့ကို (၂၁)ဇန်နဝါရီတွင် ရေတပ်၊ လေတပ်၊ ကူညီပစ်ခတ်မှုများ၏ အကာအကွယ်ဖြင့် သိမ်းပိုက်နိုင်ခဲ့သည်။ ရမ်းဗြဲကျွန်းတစ်ခုလုံးကို (၂၂)ဖေဖော်ဝါရီတွင် သိမ်းပိုက်နိုင်ခဲ့သည်။ မာန်အောင်ကျွန်းကို (၂၆) ဖေဖော်ဝါရီတွင် သိမ်းနိုင်ခဲ့သည်။[၁၃၀]

ရခိုင်တိုင်းတောင်ပိုင်း သံတွဲခရိုင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ကိုသန်းမောင်၊ ကိုသာထွန်းအောင်တို့ ခေါင်းဆောင်၍ ဆင်နွှဲခဲ့သည်။ သံတွဲခရိုင်အနေဖြင့် ဗိုလ်ရန်အောင်တပ်ဆုတ်ခွာချိန် ဇွန်လ(၁၉၄၂)ကပင် ဖက်ဆစ်တော်လှန်ရေး လျှို့ဝှက်မြေအောက်အဖွဲ့ကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်သည်။ သံတွဲမြို့နယ်၏တောင်ပိုင်း ကျေးရွာများ စည်းရုံး

ရေးကို ကိုသန်းမောင်က တာဝန်ယူပြီး မြောက်ဘက်ပိုင်းကျေးရွာများကို ဉက္ကဌဦးရွှေကြိုင်နှင့် အဖွဲ့ဝင် ဦးရန်ကြီးအောင်တို့က တာဝန်ယူစည်းရုံးခဲ့သည်။ သို့သော် ဦးရွှေကြိုင်၏တာဝန် ရှောင်လွှဲမှုကြောင့် ဖက်ဆစ်တော်လှန်ရေး မြေအောက်အဖွဲ့ချုပ်၏ ညွှန်ကြားလွှာများ၊ လုပ်ငန်းစဉ်များကို တော်လှန်ရေးအဖွဲ့ဝင်များ မသိရှိခဲ့ရဘဲ ဌာနချုပ်နှင့်အဆက်အသွယ်ပြတ်တောက်ခဲ့ရသည်။ ထို့ကြောင့် ဩဂုတ်(၁၉၄၄)တွင် ကိုသန်းမောင် ရန်ကုန်သို့သွားရောက်ဆက်သွယ်ခဲ့လေသည်။ ကိုသန်းမောင် သံတွဲသို့ ပြန်ရောက်ပြီးနောက် ဦးရွှေကြိုင်နေရာ၌ ဦးအောင်မြအား အစားထိုး၍ စည်းရုံးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ တိုက်ခိုက်ရေးတပ်ဖွဲ့များကိုလျှို့ဝှက်ဖွဲ့စည်းကာ လက်နက်များ ဝယ်ယူစုဆောင်းခဲ့ကြသည်။[၁၃၁]

နိုဝင်ဘာ(၁၉၄၄)တွင် ဆရာတော် ဦးကေသရာဓိပတိ ရန်ကုန်သို့ ထပ်မံသွားရောက်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်(အေအက်ဖ်အို)နှင့် ဆက်သွယ်ခဲ့သည်။ ဖေဖော်ဝါရီ (၁၉၄၅)တွင် ဆရာတော် သံတွဲသို့ ပြန်ရောက်လာခဲ့ပြီး ဆရာတော်ဦးဆောင်၍ သံတွဲမြို့နယ် ခရမ်းမော်ကျေးရွာ လက်ခုတ်ပြားတွင် အစည်းအဝေးပြုလုပ်ကာ ဖက်ဆစ်တော်လှန်ရေးတာဝန်များကို ခွဲဝေကြသည်။ မဟာမိတ်တပ်နှင့် အဆက်အသွယ်ယူရန် စစ်တွေသို့ ဆက်သွယ်ရေးတာဝန်ဖြင့် လျှို့ဝှက်မြေအောက်အဖွဲ့၏ အတွင်းရေးမှူး၊ ကိုသာထွန်းအောင်အား စေလွှတ်ရန်လည်းကောင်း၊ ဦးမောင်စိန်အား မဟာမိတ်တပ်နှင့် သံတွဲခရိုင်တော်လှန်ရေးအဖွဲ့တို့ ဆက်သွယ်ရာတွင် ဆက်သားအဖြစ်လည်းကောင်း တာဝန်များပေးအပ်ခဲ့သည်။ မဟာမိတ်တပ်တို့ ဆက်သွယ်ရေးတာဝန်ယူ၍ ရောက်ရှိသွားသော ကိုသာထွန်းအောင်နှင့် ဦးမောင်စိန်တို့မှတဆင့် သံတွဲမြို့နယ်ရှိ ဂျပန်တပ်အနေအထားပြ မြေပုံများ တောင်ကုတ်ချောင်းတစ်လျှောက်ရှိ ဂျပန်တပ်အနေအထားပြ မြေပုံများကို ဆက်သွယ်ပေးအပ်နိုင်ခဲ့သဖြင့် ဂျပန်များ၏တပ်စခန်းများကို မဟာမိတ်တို့ တိကျစွာ ဗုံးကြဲနိုင်ခဲ့သည်။[၁၃၂]

ထိုသို့လေတပ်မှ တိကျစွာ တိုက်ခိုက်နိုင်မှုကြောင့် ဂျပန်တပ်သည် တောင်ကုတ်လမ်းမှ ဆုတ်ခွာရန် အစီအစဉ်ကိုဖျက်သိမ်းပြီး သံတွဲခရိုင်ဝန် ဦးထွန်းစိန် ခေါင်းဆောင်သော အစိုးရအဖွဲ့ဝင်လူကြီးများနှင့် ယင်းတို့၏မိသားစုများကိုပါ တစ်ပါတည်း ခေါ်ဆောင်ပြီး ဂွချောင်းလမ်းမှ မတ်လ(၁၉၄၅)တွင် ဆုတ်ခွာသွားခဲ့သည်။ ယင်းတို့နှင့်အတူ တော်လှန်ရေးခေါင်းဆောင်ကိုသန်းအောင်လည်း လိုက်ပါသွားခဲ့ရာ သံတွဲမြို့မှ ဆက်သားဖြင့် “မြန်မာပြည် ဗမာ့တပ်မတော် စစ်ဦးစီးချုပ်က ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရန် ကြေငြာစာတန်း”ကို ကိုသန်းမောင်ထံပေးပို့နိုင်ခဲ့သဖြင့် ဂျပန်တပ်နားနေရာ ကိုင်းခုံရွာတွင် (၂၇)ဧပြီ (၁၉၄၅)၌ ကိုသန်းမောင် ဦးစီးသော မြေအောက်တော်လှန်ရေးအဖွဲ့ဝင်များက ဂျပန်ကင်ပေတိုင်နှစ်ဦးကို သတ်ဖြတ်ခြင်းဖြင့် သံတွဲခရိုင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို အတိအလင်း စတင်ခဲ့သည်။ ဖဆပလအဖွဲ့ချုပ်မှ ဂျပန်တော်လှန်ရေးကို ဆင်နွှဲနေပြီဖြစ်ကြောင်း ဂွမြို့နယ်တော်လှန်ရေးခေါင်းဆောင် ကိုသန်းမောင်ထံသို့ ဆက်လက်သတင်းပေးပို့ခဲ့သည်။ ထို့ကြောင့် ဂျပန်များကို ယင်းတို့ဆုတ်ခွာရာလမ်းတစ်လျှောက်တွင် သုတ်သင်နိုင်ခဲ့သည်။ မဟာမိတ်တို့သည် (၂၈)ဧပြီ (၁၉၄၅)တွင် တောင်ကုတ်မြို့ကို လည်းကောင်း၊ (၉)မေလတွင် သံတွဲမြို့ကိုလည်းကောင်း၊ (၁၃)မေလတွင် ဂွမြို့ကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့သည်။ ဤသို့ဖြင့် ရခိုင်ပြည်တစ်ဝှမ်းလုံး ဂျပန်လက်အောက်မှ လွတ်မြောက်ခဲ့ရပေသည်။[၁၃၃]

ရခိုင်တိုင်းတွင် ဂျပန်တို့ကို တိုက်ထုတ်ခဲ့ပြီး မေဂျာကရုက ဗိုလ်စံသာကျော်၊ ဗိုလ်သာကျော်၊ ဗိုလ်မောင်ကလေး၊ ဗိုလ်သာထွန်းအောင်တို့ကို အိန္ဒိယသို့ပြန်ခေါ်သွားခဲ့သည်။ မဟာမိတ်တို့က ဗိုလ်စံသာကျော်တို့အား မြန်မာပြည်မ ဖက်ဆစ်တော်လှန်ရေးအတွက် ကူညီရန် ဘုရင်ကော်မရှင်ပေးရန် လျာထားကြောင်း ကမ်းလှမ်းခဲ့သည်။ သို့သော် ဗိုလ်စံသာကျော်တို့က တစ်ဦးမှလက်မခံဘဲ မပြီးပြတ်သေးသော မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးကိုသာ ဆက်လက်လုပ်ကိုင်လိုကြောင်း ပြောပြီးပြန်ခဲ့ကြသည်။[၁၃၄]

ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် ရခိုင်တိုင်းရင်းသားတို့ နိုင်ငံရေးအသိစိတ်ဓာတ်များ နိုးကြားခဲ့ပြီးဖြစ်သည်။ ပထမကျောင်းသားသပိတ်၊ ဒုတိယကျောင်းသားသပိတ်တို့ကြောင့် ရခိုင်ပြည်သူလူထုတစ်ရပ်လုံး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်လိုစိတ် ပြင်းထန်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ ဦးဆောင်မှုကို ခံယူကာ ဗမာပြည်မမှ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများနှင့် ဆက်သွယ်စည်းရုံးလှုပ်ရှားမှုများ ရှိခဲ့ကြသည်။ စစ်တွေခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုအချိန် အင်္ဂလိပ်အုပ်ချုပ်ရေးပျက်ပြီး ဂျပန်တို့ဝင်လာခဲ့သည်။ ရခိုင်တိုင်းရင်းသားတို့အနေဖြင့် ထိုစဉ်က မြန်မာပြည်မ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများနှင့် အဆက်အသွယ် ပြတ်တောက်နေချိန်ဖြစ်သဖြင့် ဂျပန်ဝင်လာလျှင် မည်သို့ဆက်လက်လုပ်ကိုင်ဆက်ဆံကြမည်ကို မိမိတို့ဖာသာဆွေးနွေးခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားတို့သည် ဂျပန်ဝင်လာပါက ဂျပန်နှင့်ခေတ္တသာလက်တွဲပြီး တစ်ချိန်ချိန်တွင် ပြန်လည်တော်လှန်မည်ဟု ခံယူထားခဲ့သည်။ ထို့ကြောင့် ဂျပန်ဝင်လာချိန်တွင် ဂျပန်နှင့်ဟန်ပြသာ ပေါင်းပြီး ဖက်ဆစ်

တော်လှန်ရေးအတွက် ရခိုင်ပြောက်ကျားတပ်ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်ပသို့ ထွက်ခွာသွားသော သခင်သိန်းဖေမှတဆင့် အိန္ဒိယရှိ မဟာမိတ်တို့နှင့် အဆက်အသွယ်ပြုလုပ်ပြီး ဖက်ဆစ်ဂျပန်အား တော်လှန်ခဲ့သည်။

၁။ မနုဿဗစိန်၊ သူ့ကျွန်မခံ ဇာတိမာန်ဖြင့် စာတမ်း၊ (လက်နှိပ်စက်စာမူ) စာ-၁၅။ နောင်ကိုးကားလျှင် ဗစိန်၊ သူ့ကျွန်မခံ ဟု အတိုညွှန်းမည်။
၂။ ဗစိန်၊ သူ့ကျွန်မခံ စာ-၂၃
၃။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) (လက်နှိပ်စက်စာမူ) စာ-၂၇-၂၈ နောင်ကိုးကားလျှင် ပြည်နယ်ဖြစ်စဉ်သမိုင်း(ဒု) ဟု အတိုညွှန်းမည်။
၄။ ဗစိန်၊ သူ့ကျွန်မခံ စာ ၂၅
၅။ ဦးအောင်ဖဲဝေ၊ မောင်ကံထူးမှတ်စု(လက်နှိပ်စက်စာမူ) စာ-၁၅ နောင်ကိုးကားလျှင် အောင်ဖဲဝေ မောင်ကံထူးမှတ်စုဟု အတိုညွှန်းမည်။
၆။ ဗစိန်၊ သူ့ကျွန်မခံ စာ-၃၈
၇။ ဦးအောင်ဖဲဝေ၊ မောင်ကံထူးမှတ်စု စာ-၃၇
၈။ ဗစိန်၊ သူ့ကျွန်မခံ စာ-၄၈
၉။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက် (၁၂-၂-၉၇)
၁၀။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၀
၁၁။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၁၂။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၀
၁၃။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၀-၅၂
၁၄။ ဦးအောင်ဖဲဝေ၊ မောင်ကံထူးမှတ်စု စာ-၄၀၊ ၄၁
၁၅။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၂
၁၆။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၃၀
၁၇။ ဦးဘစံ၊ ရခိုင်တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု (ရန်ကုန်၊ မိုးမင်းစာပေ၊ ၁၉၉၆) စာ-၆၆ နောင်ကိုးကားလျက် ဘစံ၊ ရခိုင်နှင့်မြန်မာ့လွတ်လပ်ရေးဟု အတိုညွှန်းမည်။
၁၈။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၃၀-၃၁
၁၉။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၂
၂၀။ Frank Owen- Burma P. 17
၂၁။ ဦးဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၇၈
၂၂။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၃၅
၂၃။ ဦးဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၈၀
၂၄။ Martial Law
၂၅။ ဘုံပေါက်သာကျော်၊ တော်လှန်ရေးခရီးဝယ်(၁) (ရန်ကုန်သန္တာအောင်စာပေ၊ ၁၉၇၃) စာ-၆၉နောင်ကိုးကားလျှင် ဘုံပေါက်သာကျော်၊ တော်လှန်ရေး(၁) ဟု အတိုညွှန်းမည်။
၂၆။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၁
၂၇။ Rajput
၂၈။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၂
၂၉။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၃-၅၄
၃၀။ ဗစိန်၊ သူ့ကျွန်မခံ စာ-၅၅
၃၁။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၈၂-၈၃
၃၂။ Divide and Rule

၃၃။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၃၄။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၃၅။ Arakan Defence Force
၃၆။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက် (၃-၁၀-၉၇)
၃၇။ Voluntiior
၃၈။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၄၈
၃၉။ Nagami
၄၀။ ခင်ရီ၊ မီနာမီကီကန်း၊ စာ-၁၇၈
၄၁။ သခင်တင်မြ၊ ဘုံဘဝမှာဖြင့် (ရန်ကုန်၊ တသက်တာစာပေ၊ ၁၉၇၄) စာ-၄၁၂ နောင်ကိုးကားလျှင် တင်မြ-ဘုံဘဝ ဟု အတိုညွှန်းမည်။
၄၂။ သခင်တင်မြ၊ ဘုံဘဝ စာ-၄၁၃
၄၃။ ဦးစံဖော်နှင့် တွေ့ဆုံမေးမြန်းချက် (၁၀-၈-၉၆)
၄၄။ ဦးစံဖော်နှင့် တွေ့ဆုံမေးမြန်းချက်
၄၅။ တင်မြ၊ ဘုံဘဝ စာ-၄၁၅
၄၆။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၉၆
၄၇။ တင်မြ၊ ဘုံဘဝ စာ-၄၁၆
၄၈။ Imperial Bank
၄၉။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၅၀။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၀၆
၅၁။ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင်-ငြိမ်း) နှင့် တွေ့ဆုံမေးမြန်းချက် (၁၁-၄-၉၇)
၅၂။ Subhas Chandra Bosc
၅၃။ ဗစိန်၊ သူ့ကျွန်မခံ စာ-၆၇
၅၄။ Takasni
၅၅။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၁၆-၁၁၇
၅၆။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၅၇။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၅၈။ သန်းသန်းဦး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏ အခန်းကဏ္ဍ၊ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၂၊ စာ-၈၂။ နောင်ကိုးကားလျှင် မြန်မာ့လွတ်လပ်ရေးတွင် ရခိုင်တိုင်းရင်းသားတို့၏အခန်းကဏ္ဍဟု အတိုညွှန်းမည်။
၅၉။ သန်းသန်းဦး၊ မြန်မာ့လွတ်လပ်ရေးတွင် ရခိုင်တိုင်းရင်းသားတို့၏ အခန်းကဏ္ဍ စာ-၆၀
၆၀။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၄၉-၁၅၁
၆၁။ ဗမာ့ခေတ်သတင်းစာ- (၁၃-၁၁-၄၂)
၆၂။ ဦးအောင်ဇံဝေ၊ မောင်ကံထူးမှတ်စု စာ-၁၁၈
၆၃။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၅၉
၆၄။ Colonel Miyazaki
၆၅။ Mr. Sakata
၆၆။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၆၁
၆၇။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၆၁-၁၆၂
၆၈။ Tajima
၆၉။ Koga
၇၀။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၆၃၊ ၁၆၅

၇၁။ Nagami

၇၂။ Miki

၇၃။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၄၈

၇၄။ Home Guard

၇၅။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၆၈

၇၆။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၇၂

၇၇။ မောင်ချစ်ပန်(မြန်မာပြန်)၊ မြန်မာ့မြေသို့ ဂျပန်ထိုးစစ် (ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၆၅) စာ-၃၄၆-၃၄၇ နောင်ကိုးကားလျှင် ချစ်ပန်ဂျပန်ထိုးစစ်ဟု အတိုညွှန်းမည်။

၇၈။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၇၅-၁၇၆

၇၉။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၇၇

၈၀။ Majca Crew

၈၁။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၇၇

၈၂။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၇၈-၁၈၀

၈၃။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၁-၁၈၂

၈၄။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၂

၈၅။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၃

၈၆။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၃-၁၈၄

၈၇။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၅

၈၈။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၈၇-၁၉၀

၈၉။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၁၉၃

၉၀။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၉၁

၉၁။ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင်-အငြိမ်းစား)နှင့်တွေ့ဆုံမေးမြန်းချက်

၉၂။ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင်-အငြိမ်းစား)နှင့်တွေ့ဆုံမေးမြန်းချက်

၉၃။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၆၁

၉၄။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၆၂

၉၅။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၉၆။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၆၁

၉၇။ Capt. Honji

၉၈။ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင်-အငြိမ်းစား)နှင့်တွေ့ဆုံမေးမြန်းချက်(၁၁-၄-၉၇)

၉၉။ ဦးအောင်ဇံဝေ၊ မောင်ကံထူးမှတ်စု စာ-၁၁၃

၁၀၀။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၁။ ဦးအောင်ဇံဝေ၊ မောင်ကံထူးမှတ်စု စာ-၁၁၃

၁၀၂။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၃။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၄။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၅။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၆။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၉၂

၁၀၇။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၀၈။ ဦးဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၂၇၂

၁၀၉။ သန်းသန်းဦး-မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏အခန်းကဏ္ဍ စာ-၈၃

၁၁၀။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၁၁။ ပြားတော-ပင်လယ်ကမ်းနားတွင် တွေ့ရသောကနစိုတောကဲ့သို့ အပင်များဖြစ်၍ ရွံ့များလူတစ်ရပ်ထိ နက်သဖြင့် မိကျောင်းမများသာ ဥဥလေ့ရှိသော ထူထပ်သည့်တောတစ်မျိုး

၁၁၂။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၁၃။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၉၃

၁၁၄။ Major Crew

၁၁၅။ Capt. Crop

၁၁၆ Sur. Sharp

၁၁၇။ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင်-အငြိမ်းစား)နှင့်တွေ့ဆုံမေးမြန်းချက်

၁၁၈။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၁၉။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၆၇

၁၂၀။ မောင့်ဘက်တန်အစီရင်ခံစာ (ရန်ကုန်ကာကွယ်ရေးဝန်ကြီးဌာန ၁၉၅၇) စာ-၂၇၇၊ နောင်ကိုးကားလျှင် မောင့်ဘက်တန်အစီရင်ခံစာဟု အတိုညွှန်းမည်။

၁၂၁။ မောင့်ဘက်တန်အစီရင်ခံစာ ၊ စာ-၂၇၈

၁၂၂။ ဘုံပေါက်သာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၂၃။ ဘုံပေါက်သာကျော်-တော်လှန်ရေး(၁) စာ-၁၅၃-၁၅၇

၁၂၄။ ဘစံ၊ ရခိုင်နှင့် မြန်မာ့လွတ်လပ်ရေး စာ-၂၉၄-၂၉၆

၁၂၅။ မောင့်ဘက်တန်အစီရင်ခံစာ ၊ စာ-၂၈၄

၁၂၆။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) စာ-၆၉
(ခ) တိုင်းဆယ်တိုင်း စာ-၉၆

၁၂၇။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၉၆

၁၂၈။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

၁၂၉။ တင်မြ၊ တိုင်းဆယ်တိုင်း စာ-၉၈

၁၃၀။ မောင့်ဘက်တန်အစီရင်ခံစာ ၊ စာ-၂၈၄

၁၃၁။ သန်းသန်းဦး-မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏အခန်းကဏ္ဍ စာ-၈၁

၁၃၂။ သန်းသန်းဦး-မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏အခန်းကဏ္ဍ စာ-၈၂

၁၃၃။ သန်းသန်းဦး-မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏အခန်းကဏ္ဍ စာ-၈၂-၈၃

၁၃၄။ ဦးစံသာကျော်နှင့် တွေ့ဆုံမေးမြန်းချက်

# ပြန်လည်သုံးသပ်ချက်

အင်္ဂလိပ်တို့သည် မြန်မာတစ်နိုင်ငံလုံးကို (၁၈၈၅)မှ စတင် ကျွန်ပြုသိမ်းပိုက်ခဲ့ပါသည်။ ထိုအချိန်မှစတင်၍ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံတို့သည် အင်္ဂလိပ်တို့အား ပြန်လည်တော်လှန်ရန် အချိန်ပြည့်ကြိုးစားအားထုတ်ခဲ့ကြသည်။ ပထမကျောင်းသားသပိတ်၊ ဒုတိယကျောင်းသားသပိတ်တို့ကြောင့် ကျောင်းသားများ မြန်မာနိုင်ငံရေးလောကသို့ ဝင်လာပြီး နယ်ချဲ့၏ဖိနှိပ်မှုများကို တွန်းလှန်ရန် ကြိုးပမ်းခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်အား တော်လှန်ရန် ပြည်ပအကူအညီကိုလည်း ရှာဖွေနေခဲ့ကြသည်။ ထိုအချိန် ဂျပန်တို့ကလည်း အာရှအရှေ့ပိုင်းကို သိမ်းရေးတွင် မြန်မာနိုင်ငံသည် စစ်ရေးအရ အချက်အချာကျသဖြင့် မြန်မာနိုင်ငံအား သိမ်းပိုက်နိုင်ရန် လိုလားလျှက်ရှိသည်။ ထို့ကြောင့် ဒေါက်တာကိုကူဆူအား သွားစိုက်ဆရာအဖြစ်ဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို လေ့လာရန်ကြိုတင်စေလွှတ်ထားခဲ့ချိန်လည်း ဖြစ်သည်။ ဒေါက်တာကိုကူဆူနှင့် သခင်ဗဟိန်းအစရှိသော တို့ဗမာအစည်းအရုံးမှ မြန်မာလူငယ်များ ရင်းနှီးစွာ ဆက်ဆံမိခဲ့ကြသည်။ ထိုမှတဆင့် မြန်မာလူငယ်များ (၁၉၄၁)မှစတင်၍ ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားခဲ့ကြရာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာချိန် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး ဂျပန်တပ်မတော်နှင့်လက်တွဲ၍ မြန်မာနိုင်ငံသို့ (၁၉၄၂)တွင် ဝင်ရောက်ခဲ့ကြသည်။ ယင်းသို့ဝင်မလာမီကပင် မြန်မာနိုင်ငံတွင်းသို့ရောက်၍ ရန်ကုန်ကို သိမ်းပြီးချိန်တွင် မြန်မာ့လွတ်လပ်ရေး ကြေငြာပေးမည်ဟု မြန်မာနှင့် ဂျပန်တို့ကတိရှိခဲ့ကြသည်။ ဂျပန်တို့ မြန်မာနိုင်ငံတွင်းသို့ ရောက်လာသောအခါတွင်ကား လွတ်လပ်ရေးမကြေငြာပေးရုံသာမက မြန်မာပြည်သူလူထုကိုပါ နှိပ်စက်ကလူပြုလာခဲ့ကြသည်။

ဤအခြေအနေမျိုး ရင်ဆိုင်ရလိမ့်မည်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းအစရှိသော မြန်မာလူငယ်များ ဂျပန်နိုင်ငံတွင် ရှိနေစဉ်ကပင် သိနှင့်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ဂျပန်တို့နှင့် အတူတွဲ၍ ဝင်မလာမီကပင် လွတ်လပ်သောမြန်မာနိုင်ငံအဖြစ် ဂျပန်တို့အား ရင်ဆိုင်နိုင်ရေးအတွက် ပြင်ဆင်ထားကြရန် မြန်မာနိုင်ငံတွင်းရှိ လုပ်ဖော်ကိုင်ဘက်များအား ကြိုတင်အကြောင်းကြားခဲ့သည်။ သို့သော် ထိုအချိန်က အရေးပါသော နိုင်ငံရေးခေါင်းဆောင်များ ထောင်ထဲရောက်နေသဖြင့် ထိုကိစ္စမည်သို့မျှ မစီမံလိုက်ရ။ မြန်မာနိုင်ငံတွင်းသို့ ဂျပန်တို့ ဝင်လာပြီးချိန်တွင်လည်း ဖက်ဆစ်သရုပ်ကို တွေ့မြင်လာရ၍ ဂျပန်ကို တော်လှန်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ကြိုးပမ်းခဲ့သေးသည်။ သို့သော်လည်း စစ်ရေးအတွေ့အကြုံအရလည်းကောင်း၊ လက်နက်အရလည်းကောင်း၊ ဂျပန်တို့ကို မယှဉ်နိုင်သေးသဖြင့် ပြန်လည်တော်လှန်ရေးကိစ္စကို ခေတ္တရွှေ့ဆိုင်းခဲ့ရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်က ယင်းတို့အပေါ် မကျေမနပ်ဖြစ်လျှက်ရှိသည်ကို သိမြင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားကို လျှော့ချရန် စီစဉ်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်အစား အင်အားအနည်းငယ်သာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းစေခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်ကိုလည်း ယင်းတို့၏ ကြိုးကိုင်မှုအောက်တွင် ထားခဲ့သည်။ အုပ်ချုပ်ရေးဘက်တွင်လည်း ယင်းတို့သဘောကျချယ်လှယ်နိုင်မည့် ဒေါက်တာဘမော်အား အဓိပတိတင်မြှောက်၍ မြန်မာနိုင်ငံရေးကို ချယ်လှယ်ခဲ့ကြပြန်သည်။ စီးပွားရေးဘက်တွင်လည်း ကျောထောက်နောက်ခံမရှိသော ဂျပန်ငွေစက္ကူများဖြင့် မြန်မာ့စီးပွားရေးကို ယိုင်နဲ့စေခဲ့သည်။ ကျန်းမာရေးဘက်တွင်လည်း ဂျပန်တပ်မတော်ကြီး ချီတက်လာပါက ဆေးဝါးများ ပါလာမည်ဟု မြန်မာပြည်သူလူထုက မျှော်လင့်ခဲ့ကြသည်။ သို့သော် ဂျပန်တို့ ဝင်လာချိန်တွင်ကား ဆေးဝါးဟူ၍ စိုးစင်းမျှ မပါဘဲ မြန်မာနိုင်ငံဆေးရုံများရှိ လက်ကျန်ဆေးဝါးများကို ဂျပန်တပ်မတော်က သိမ်းပိုက်ခဲ့သဖြင့် ဂျပန်ခေတ် မြန်မာလူထုမှာ ရောဂါဘယဘေးဆိုးကြီးဒါဏ်ကို အလူးအလဲခံစားရင်း မသေသင့်ဘဲ သေကြေခဲ့ကြရသူများလည်း အမြောက်အများပင် ရှိခဲ့သည်။ ဂျပန်ကင်ပေတိုင်၏ မတရားဖမ်းဆီးညှင်းပမ်းမှုဒဏ်ကိုလည်း ခါးစည်းခံခဲ့ကြရသေးသည်။ ဂျပန်တို့၏နှိပ်စက်မှုကို မခံနိုင်သည့်အဆုံး မြန်မာပြည်သူလူထု ဂျပန်အား ပြန်လည်တော်လှန်ခဲ့ကြသည်။

ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်လာပြီး ရခိုင်တိုင်းသို့လည်း ရောက်ကာ ယင်းတို့ စိတ်တိုင်းကျချယ်လှယ်ခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်လာစေရန် မျိုးစေ့ချပေးခဲ့သူ ဆရာတော်ကြီး ဦးဥတ္တမနှင့် အခြားရခိုင်မျိုးချစ်ခေါင်းဆောင်များ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ရခိုင်တိုင်းရင်းသားတို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်လာခဲ့သည်။ ရခိုင်တို့နားမျက်စိပွင့်လာခဲ့ကြသော်လည်း ဗြိတိသျှတို့ သွေးခွဲအုပ်ချုပ်ရေးစနစ်က အမြစ်တွယ်လာခဲ့သဖြင့် ကုလား-ရခိုင်အဓိကရုဏ်း ဖြစ်ပွားခဲ့သည်။ ထိုအချိန် ဗိုလ်ရန်အောင် ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်

တို့ ရခိုင်တိုင်းသို့ ရောက်နေချိန်နှင့် တိုက်ဆိုင်သဖြင့် ကြားဝင်ဖြေရှင်းပေးခဲ့ရသည်။ ဗိုလ်ရန်အောင်အား ဂျပန်တို့က မြန်မာပြည်မသို့ ပြန်ခေါ်ခဲ့သည်။ ဂျပန်တို့ မည်သို့ပင် သွေးခွဲစေကာမူ မြန်မာနှင့် ရခိုင်တိုင်းရင်းသားတို့ သွေးမကွဲဘဲ ယခင်အတိုင်းပင် စည်းလုံးမှုမပျက် ရှိနေခဲ့ကြသည်။ မြန်မာပြည်မနှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော ရခိုင်တိုင်း တောင်ပိုင်း မြို့နယ်များသည် ပို၍ပင် စည်းစည်းလုံးလုံးရှိနေခဲ့ကြသည်။ ဂျပန်တို့ ဝင်မလာမီကတည်းက ပြည်သူ့အရေး တော်ပုံပါတီ၊ ဗမာ့ထွက်ရပ်ဂိုဏ်းတို့နှင့် အဆက်အသွယ်မပြတ် ရှိနေခဲ့ကြသည်။ သို့သော် အင်္ဂလိပ်ဆုတ်ခွာစဉ်ကတစ်ကြိမ်၊ ဂျပန်ဝင်လာပြီး စစ်တကောင်းမှ ဂျပန်တို့ကို လာရောက်တိုက်ခိုက်နေသော အင်္ဂလိပ်တပ်တို့ကြောင့် ရခိုင်တိုင်းသည် စစ်တလင်းနှစ်ကြိမ်ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ ရခိုင်တိုင်းရင်းသားတို့ သည်းမခံကြတော့ဘဲ အပြီးတိုင် တော်လှန်ရန် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ပြီး မြန်မာပြည်မမှ ဖက်ဆစ်တော်လှန်ရေးအင်အားစုများ၊ အိန္ဒိယသို့ ဖက်ဆစ်တော်လှန်ရေးအတွက် ထွက်ခွာသွားသော သခင်သိန်းဖေမြင့်၊ အိန္ဒိယရှိ မဟာမိတ်တပ်နှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျပန်တို့အား ပြန်လည်တော်လှန်ခဲ့ ကြသည်။

## နောက်ဆက်တွဲ(၁)

ဝါဆိုလဆန်း(၁၃၀၄)(၁၃-၆-၄၂)တွင် ဗန်းမော်သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းထံမှ ဗိုလ်ဇေယျသို့ အောက်ပါအတိုင်း စာရေးသား ညွှန်ကြားလိုက်သည်။

ဗန်းမော်

ဝါဆိုလဆန်း (၁)ရက်

တပ်တွေအားလုံး မန္တလေးပြန်ဆင်းရမယ်။ အဘိုးကြီးဆီက အမိန့်လာတယ်။ မန္တလေးကျမှ အကြောင်းစုံပြောပြမယ်။ ခင်ဗျားဆီမှာရှိတဲ့ ကျုပ်စစ်ရုံးသားတွေကိုလည်း ခေါ်သွားပေတော့။ ဖုန်းမြင့်တပ်နှင့် အခြားတွေ့သမျှ ရှိသမျှတပ်များကို ခေါ်သွားပေတော့။ ဖုန်းမြင့်ဆီ အကြောင်းကြားတော့။ အထက်ချင်းတွင်းမှာရှိတဲ့ မြို့စောင့်ဗိုလ်တွေကိုလည်း ပြန်ခေါ်ခဲ့ရန် အကြောင်းကြားပါ။ မြစ်ကြီးနား ကသာမှာထားပစ်ခဲ့တဲ့ ဗိုလ်တွေကိုလည်း အကြောင်းကြားပါ။ အားလုံးမန္တလေးဆင်းရမည်။ အထူး Preparatory Comittee for Central Administration Japanese C in C ကခန့်ပြီးပြီ။ သခင်(၄)ယောက်ပါတယ်။ Administration ကိစ္စတွေကို ကျုပ်တို့အလျှဉ်းရှောင်ကျဉ်ရမယ်။ တပ်သားတွေ မန္တလေးဆင်းတဲ့အခါ ကောင်းကောင်းမွန်မွန်တိုင်းသူပြည်သားများနှင့် ဆက်ဆံစေရန် အထူးသတိပြုပါ။ မြင်းဆွဲ၊ နွားဆွဲ၊ ဘိုက်စကယ်၊ မော်တော်ကားဆွဲ မလုပ်ပါစေနှင့်။ ကျုပ်တို့ဖွဲ့ပေးတဲ့ မြို့စောင့်တပ်တွေကို လိုသေးရင် ရှိမြဲရှိပါစေ။ ဒါပေမဲ့ ၂ ဗ မဟုတ်တဲ့အကြောင်း ပုလိပ်အဖွဲ့မှဖြစ်ကြောင်း နားလည်အောင် ရှင်းပြပါ။ B.I. A ထဲဝင်ချင်တယ်ဆိုတဲ့ မြို့စောင့်တပ်တွေကို ခင်ဗျားခေါ်လာခဲ့။ သို့မဟုတ် မန္တလေးကိုဆင်းရန် စီစဉ်အမိန့်ပေးခဲ့။ တပ်သားသစ်တွေ၊ ငွေတွေနောက်ထပ်စုဆောင်းခြင်း မပြုပါစေနှင့်။ ကြပ်ကြပ်တပ်သားတွေကို အမိန့်ပေးပါ။

ဗိုလ်တေဇ

## နောက်ဆက်တွဲ(၂)

စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏လူမျိုးရေးနှင့်ပတ်သက်၍ လိုက်နာရန် ကရင်အမျိုးသား ရဲဘော်အပေါင်းတို့ထံ သဝဏ်လွှာနှင့် တပ်သားများ လိုက်နာရန် အချက်ကြီး (၄)ချက်။

လူမျိုးရေးနှင့်ပတ်သက်၍လိုက်နာရန်

ကရင်အမျိုးသား ရဲဘော်အပေါင်းတို့. . . .

ရဲဘော်တို့၏ ညီလာခံ ကွန်ဖရင့်သို့ အထူးတက်ရောက်လိုသော်လည်း မလွဲမကင်းသာသော အလုပ်ကိစ္စများသည် ရုတ်ချည်းပေါ်လာ၍ ကျွန်ုပ်ကိုယ်တိုင်မလာနိုင်ဘဲ။ ကျွန်ုပ်ကိုယ်စား ဒုတိယစစ်ဝန်ကြီး ဗိုလ်မှူးကြီးလက်ျာနှင့် ဗိုလ်မှူးကြီးကြာဒိုးတို့ကို စေလွှတ်ပါသည်။

ရဲဘော်တို့ ညီလာခံသို့ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ကျွန်ုပ်၏ဝိညာဉ်မှာ ရဲဘော်တို့နှင့်အတူတူပင်ရှိ၍ ရဲဘော်တို့၏ ကွန်ဖရင့်အထမြောက်အောင်မြင်ရာ အောင်မြင်ကြောင်း အထူးဆုမွန်တောင်းနေသည်ဟု ရဲဘော်တို့အား ယုံကြည်စေချင်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသများသို့ ယခင်အခါက ကျွန်ုပ်လှည့်လည်လာရောက်စဉ်က ကျွန်ုပ်အား ကရင်အမျိုးသားများ၏ အကြီးဆုံးမိတ်ဆွေတစ်ဦးအဖြစ် အသိအမှတ်ပြုစေလိုကြောင်း ကျွန်ုပ်ပြောခဲ့သည်ကို ရဲဘော်တို့ ကြားမိကောင်းကြားမိပါလိမ့်မည်။ ကျွန်ုပ်သည် ယခုတဖန် ဤစကားကို ထပ်မံဖော်ပြကမ်းလှမ်းလိုပါသည်။ ဗမာနိုင်ငံတွင် လူမျိုးများတစည်းတရုံးတည်း ဖြစ်မှုကိုလည်းကောင်း၊ ဗမာနိုင်ငံလူမျိုးများနှင့် အိမ်နီးပါးလူမျိုးများ စည်းရုံးမှုကိုလည်းကောင်း၊ ဗမာနိုင်ငံလူမျိုးများသည် မှန်ကန်သော လူမျိုးရေးတရား လက်ကိုင်ထား၍ ကမ္ဘာသူ ကမ္ဘာသားတို့နှင့် အကျိုးတူဆောင်ရွက်မှုကိုလည်းကောင်း ကျွန်ုပ်သည် ရှေးယခင်ကစ၍ ယုံကြည်ခဲ့ပါသည်။ သို့ယုံကြည်သည့်အတိုင်း ကျွန်ုပ်တတ်နိုင်သမျှကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ပင် ဖြစ်ပါသည်။ ကျွန်ုပ်၏ ဤစိတ်ထားမှာယခုစစ်အခြေအနေတွင် ခါတော်မှီဝါဒသဘော မဟုတ်သည်ကို တိတိလင်းလင်း နားလည်စေလိုပါသည်။ ကျွန်ုပ်၏စေတနာသည် ကရင်အမျိုးသားအပေါ်သာမက ဗမာနိုင်ငံ လူမျိုးအားလုံးပေါ်တွင် ထားပါသည်။ ဤစေတနာ ဤစိတ်ထားသည် တစ်နေ့နေ့ လက်ငင်းအားဖြင့် လက်တွေ့ကျွန်ုပ်ပြနိုင်သည့်အခါတွင် ထင်ထင်ရှားရှားမြင်တွေ့ရပါလိမ့်မည်။

လူမျိုးများနှင့်ပတ်သက်၍ ကျွန်ုပ်၏သဘောထားကို အကျဉ်းအားဖြင့် ဖော်ပြရသော် အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

၁။ မည်သူမဆို ဘာသာ-သာသနာတရားအရေးတွင် လွတ်လပ်စွာ မိမိတို့ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့်ရှိရမည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးတွင် ကြားနေရမည်။

၂။ လူမျိုးကွဲပြားမှုကိုလည်းကောင်း၊ ဘာသာကွဲပြားမှုကိုလည်းကောင်း၊ ယောကျ်ား. . . မိန်းမကွဲပြားမှုကိုလည်းကောင်း၊ အခြေပြုကာ နိုင်ငံတော်အတွင်း ရာထူးဌာနန္တရ အလုပ်အကိုင်များ ရရှိရေးတွင် ချုပ်ချယ်မှုများ မရှိစေရ။

၃။ အလုပ်သမားများသည်လည်းကောင်း၊ လယ်သမားများသည်လည်းကောင်း၊ အင်းသမားများသည်လည်းကောင်း၊ လူမျိုးဘာသာမရွေး အခွင့်အရေးတန်းတူ ရရှိရမည်။ အလုပ်သမားများသည် ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ချိန်ကို သာလုပ်ရ၍ နားခွင့်ရက်များ အသက်မွေးဝမ်းကျောင်းလုံလောက်သော အခကြေးငွေများစသည်တို့ ရ-ရမည်၊ လူမျိုး ဘာသာ ကွဲပြားသူများအတွက် နေ့ထူးနေ့မြတ်များကို အစိုးရရုံးပိတ်ရက်အဖြစ်အသိအမှတ်ပြုရမည်။ လယ်သမား. . . အင်းသမားများတွင်လည်း သီးစားခပေးခြင်းကိစ္စ၊ နွားစားကျက် နေရာများ အခမဲ့သုံးစွဲခွင့်ကိစ္စ၊ အိမ်သုံးထင်းဝါး၊ အိမ်ယာ ဆောက်ရန်သစ်ဝါးများ အခမဲ့ရရှိခွင့်ကိစ္စ၊ အိမ်သုံးစားရန်သား ငါး ဘမ်းဆီးနိုင်ခွင့်ကိစ္စတို့အတွက် အားလုံးဆင်းရဲသား လယ်သမား၊ အင်းသားများသည် လူမျိုးမရွေးရရှိရမည်။

၄။ ပညာများကို လူမျိုးမရွေး ဘာသာမရွေး၊ ကျား-မ မရွေး သင်ကြားပိုင်ခွင့်ရှိရမည်။

၅။ လူမျိုးကွဲပြားသူများသည် မိမိတို့ သီးသန့်ယဉ်ကျေးမှုကိုသာ ပိုင်ခွင့်ရှိရမည်။ ဥပမာ. . . . ကရင်များအတွက် ကရင်ကျောင်းများ၊ ရှမ်းများအတွက် ရှမ်းကျောင်းများ၊ ကရင်များအတွက် ကရင်နေ့များ၊ ရှမ်းများအတွက် ရှမ်းနေ့များ၊ ကရင်များအတွက် ကရင်ဘာသာကို အစိုးရရုံးသုံးကျောင်း သုံးဘာသာအဖြစ် အသိအမှတ်ပြုခြင်း၊ ကရင်အမျိုးသားအဝတ်၊ ကရင်စရိုက်ဓလေ့ ထုံးစံတို့ကို အသိအမှတ်ပြုခြင်း၊ ကရင်စာပေယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်း အစရှိသည်တို့ပင်ဖြစ်ပါသည်။

၆။ လူမျိုးများ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး (SOCIAL)နှင့် ပတ်သက်သော အခွင့်အရေးများကို တတ်နိုင်သမျှ ဥပဒေအားဖြင့် အသိအမှတ်ပြုရမည်။

၇။ ဗမာများထက် အဆင့်အတန်းနိမ့်သောလူမျိုးများ၏ အဆင့်အတန်းကို မြှင့်တင်ရန် အထူးကြိုးစားဆောင်ရွက်ပေးပြီးလျှင် ဗမာများနှင့်အတူ ကမ္ဘာ့အဆင့်အတန်း (WORLD LEVEL) သို့ အမြန်ဆုံး တက်လှမ်းနိုင်ရမည်၊ လူမျိုးအချင်းချင်း နှိမ့်ချသည့်အသုံးအနှုန်း အခေါ်အဝေါ်စာပေ၊ အမှတ်အသား၊ အထိမ်းအမှတ်၊ အလံအစရှိသည်တို့ကို အစိုးရက ဥပဒေဖြင့် တားမြစ်ပေးရမည်။ လူမျိုးများ ညီညွတ်မှုကိုသာ ရှေ့ရှုသော အမှတ်အသား၊ အထိမ်းအမှတ် စာပေများကိုသာ သုံးရမည်။

အထက်ပါ အချက်တို့ကား ကျွန်ုပ်၏သဘောထားပုံကို သိသာစေရန် ဖော်ပြခြင်းဖြစ်ပါသည်။ ဤသဘောထားအတိုင်း အထမြောက်ရန် ကျွန်ုပ်သည် အစဉ်တစိုက် ကြိုးပမ်းသွားမည်ကို ရဲဘော်တို့အား စကားလက်ဆောင်ပါးလိုက်ပါသည်။

ရဲဘော်တို့ ကွန်ဖရင့်အောင်မြင်ရာ အောင်မြင်ကြောင်းနှင့် ရဲဘော်တို့သည် ကျွန်ုပ်တို့နှင့်အတူ လွတ်လပ်ရေးနှင့်ပြည့်စုံသည့်အခြေအနေကို အထက်ပါအချက်များ ပါရရှိသည်အထိ ကြိုးစားဆောင်ရွက်နိုင်ပါစေဟု ကျွန်ုပ်ဆုမွန်ကောင်းတောင်းလိုက်ပါသတည်း။

(ပုံ) အောင်ဆန်း၊ စစ်ဝန်ကြီး

၁၉-၂-၄၅

မဟာဗမာနိုင်ငံတော်အစိုးရ

ရန်ကုန်နေပြည်တော်

## နောက်ဆက်တွဲ(၃)

## ပုန်ကနိထကြွရေး–ညွှန်ကြားချက်အမှတ် (၁)

ဗမာပြည်၏လက်ငင်းနိုင်ငံရေးနှင့် စစ်အခြေအနေအရ အကယ်၍ပုန်ကန်ထကြွမှုဖြစ်ခဲ့သော် အောက်ပါအချက်များကို နှလုံးပိုက်ထားရမည်။

၁။ မြို့နယ်တိုင်းရှိ ဂျပန်တပ်ခွဲများနှင့် ဂတ်တဲရှိ ပုလိပ်များသည် ပုန်ကန်ထကြွရေးသမားများနှင့် ဆန့်ကျင်သော အင်အားစုများ ဖြစ်ကြသည်။ (အချို့ပုလိပ်အရာရှိများသည် ပုန်ကန်ထကြွရေးကို လိုလားကာ အားပေးကူညီချင်လည်း ကူညီကြပေမည်။

၂။ ထို့ကြောင့် အထက်ဖော်ပြပါ အင်အားစုနှစ်ရပ်တွင် အကျုံးဝင်သော လက်နက်၊ ရိက္ခာ၊ ခဲယမ်းမီးကျောက်များကိုလည်းကောင်း၊ အဆောင်အယောင်ပစ္စည်းများဖြစ်သည့် လှည်း၊ လှေ၊ သမ္ပာန်၊ မော်တော်ဘုတ်၊ မော်တော်ကားများကိုလည်းကောင်း၊ လုယူသိမ်းပိုက်သင့်က သိမ်းပိုက်ရမည်၊ အခြေအနေအရ ဖျက်ဆီးသင့်က ဖျက်ဆီးထားခဲ့ရမည်။

၃။ ပုန်ကန်ထကြွရေးသမားတို့သည် မိမိတို့၏လက်နက်၊ ရိက္ခာများနှင့် အဆောင်အယောင်ပစ္စည်းတို့အတွက် အခြားမည်သည့်ပြည်ပ အဆက်အသွယ်ကိုမျှ မှီခိုအားထားခြင်း မပြုဘဲ ပြည်တွင်းရှိ ဂျပန်တပ်စုများ၊ ပုလိပ်ဌာနများ၊ လိုင်စင်ရှိသောသေနတ်များနှင့်၊ တိတ်တိတ်ပုန်းလက်နက်များ၊ နောက်ဆုတ်သောတပ်များ၊ စစ်သားများတို့က ပစ်ထားသော သေနတ်ခဲယမ်းမီးကျောက်များကိုသာ အရယူ၍ ပုန်ကန်ထကြွရေးအင်အားစုများကို လက်နက်ရိက္ခာဖြင့် ဖြည့်တင်းစေရမည်။

၄။ ငါတို့၏ပုန်ကန်ထကြွရေးအင်အားစုများကို ကြီးသည် ငယ်သည်အလိုက် (၃)မျိုး (၃)စားခွဲ၍ ပုန်ကန်မှုကို ဆင်နွှဲကြရမည်။

(က) ပုန်ကန်ထကြွရေးအင်အားစုများသည် တစ်စုံတစ်ခုသောမြို့နယ်အတွင်းရှိ ဂျပန်တပ်စုများ၊ ပုလိပ်ဌာနများထက်ပို၍ အင်အားကြီးမားနေပါက ဂျပန်တပ်စုကို အလစ်ဝင်စီး၍ လက်နက်ခဲယမ်း မီးကျောက်များနှင့် ရိက္ခာများကို သိမ်းယူရမည်။ ၎င်းနောက် ပုလိပ်ဌာနရှိ အလားတူပစ္စည်းများကို သိမ်းယူရမည်။ ၎င်းနောက်လိုင်စင်ရှိ လက်နက်များကို သိမ်းယူရမည်။ ၎င်းနောက် လက်နက်ပုန်းများကို လိုက်လံစုံစမ်းသိမ်းယူကြရမည်။

အထက်ပါ အချက်အလက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ထိုမြို့နယ်တွင်ရှိသော ပုန်ကန်ထကြွရေး အင်အားစုကြီးသည် ယာယီအားဖြင့် အာဏာကို သိမ်းပိုက်ထားမိပြီဟု သဘောထားရမည်။ ထို့ကြောင့် အဖျက်အဆီးများကို မလုပ်မူ၍ မြို့နယ်အတွင်းရှိ သိုလှောင်ထားသော အဝတ်အစားများကို တကယ်တန်းငတ်ပြတ်ဆင်းရဲနေသော လူများအား အညီအမျှဝေငှပေးကြရမည်၊ လှည်း၊ လှေ၊ သမ္ပာန်၊ မော်တော်ဘုတ်၊ မော်တော်ကားများကို သိမ်းယူ၍ လူအများစီးပွားရေးအတွက် အသုံးပြုရမည်။

(ခ) ပုန်ကန်ထကြွရေးအင်အားစုများသည် ဂျပန်တပ်စုကို ဝင်စီးနိုင်အောင် အင်အားမရှိလျှင် ပုလိပ်ဌာနကို ဝင်စီး၍ လက်နက်များကိုသိမ်းယူကာ ပျောက်ကြားစစ်ကို ဆင်နွှဲရမည်။ ဤအတိုင်းဆိုလျှင် ပုန်ကန်ထကြွရေးသမားများ အာဏာကို မသိမ်းယူနိုင်သေးသောကြောင့် အောက်ပါဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

မြို့နယ်အတွင်းရှိ ဂျပန်များအား ချောင်းမြောင်း၍ ဆက်သွယ်ရေးကြေးနန်းကြိုးများကို ဖြတ်တောက်ပစ်ရမည်၊ မီးရထားလမ်းများနှင့် တံတားများကို ဖျက်ဆီးပစ်ရမည်။ ဂျပန်ထောက်ပံ့ရေးပစ္စည်းများကို သယ်ယူလာသော လှည်း၊ လှေ၊ သမ္ပာန်၊ မော်တော်ကား၊ မော်တော်ဘုတ်၊ မီးရထားများကို ဖျက်ဆီးပစ်ရမည်။ အနှောင့်အယှက်ပေးရမည်။ ရွာစဉ်လျှောက်၍ ပုန်ကန်ရေး၊ အင်အားစုများကို သိမ်းသွင်းရမည်။

၅။ ငါတို့ပုန်ကန်ထကြွရေးအင်အားစုများနှင့် အစည်းအရုံးများသည် အထက်ပါဆောင်ရွက်ချက် (၃)မျိုး၊ (၃)စားအနက် တစ်မျိုးမျိုးကိုဖြစ်မြောက်အောင် လုပ်ကြရမည်၊ ဤကဲ့သို့လုပ်ရင်း ကာလဒေသအခြေအနေကိုလိုက်၍

အောက်ပါအချက်များကိုလည်း တပါတည်းဆောင်ရွက်သွားရမည်။

၆။ မြို့နယ်ကို စီးမိလျှင် ဓားတပ်၊ လှံတပ်၊ ဗန်တို၊ ဗန်ရှည်တပ်၊ သိုင်းတပ်များကို ဖွဲ့စည်း၍ သူတို့အား အသီးသီးလက်နက်များကို ကိုင်ဆောင်စေကာ ငါတို့၏ လက်ရှိလက်နက်များနှင့် သိမ်းယူရရှိသော လက်နက်များစုပေါင်းစေ၍ ခန့်ညားကြီးကျယ်သော အင်အားပြပွဲကြီးကို ကျင်းပကြရမည်။ ဤနည်းအားဖြင့် လူထုများအတွင်းတွင် ပုန်ကန်ထကြွရေးစိတ်ဓာတ် အတောမသတ်နိုင်အောင် တိုးတက်လာပေလိမ့်မည်။ ဤသို့ကျင်းပရင်း ဖမ်းယူရရှိသော ဂျပန်သုံ့ပန်းများကိုလည်း ပြည်သူလူထုအများကို မြင်စေရမည်၊ သုံ့ပန်းများကို ထောက်ထားညှာတာစွာ ပြုစုရမည်၊ (မည်သည့်ဦးဆဲရ)တတ်နိုင်လျှင် ဂျပန်အရာရှိများအား ဖမ်းဆီးထားရမည်၊ နောင်အရေးကြုံလာလျှင် ငါတို့အထဲမှ အဖမ်းခံရသူများနှင့် သုံ့ပန်းချင်းလဲလှယ်နိုင်ရန် အကြောင်းရှိသည်။

၇။ အင်အားပြပွဲကြီးများ ကျင်းပပြီးသောအခါတွင် တရားပွဲများကိုလည်း ကျင်းပကာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့များကို ဖွဲ့စည်းရေးအတွက် စစ်တပ်အတွက် လူများကို သိမ်းသွင်းစေရမည်။ (ဗမာ့လွတ်လပ်ရေး တပ်မတော်ပြန်တမ်းကို ဖတ်ပြရမည်၊ ရှေ့ရှောက်၍ ကွန်မြူနစ်ကလပ်စည်းများကို မဖွဲ့စည်းတော့ဘဲ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ကလပ်စည်းများကိုသာ ဖွဲ့စည်းတော့မည်။)

၈။ ပုန်ကန်ထကြွရေး တာဝန်ခံတပ်သားများသည် မိမိတို့ဆိုင်ရာနယ်ပယ်များတွင် ရာဇဝတ်ကျူးလွန်ချက်များကို ကောင်းစွာဖိနှိပ်သုတ်သင်ပေးရမည်။

၉။ သိုလှောင်ထားသောပစ္စည်းများကို သိမ်းယူဝေငှရာ၌ အများပြည်သူတို့နှင့် သင့်မြတ်ကောင်းမွန်စွာ ဆက်ဆံစေရမည်၊ ပဋိပက္ခ မဖြစ်စေရ။

၁၀။ ပုန်ကန်ထကြွရေးတွင် ပါဝင်ဆောင်ရွက်သော ဗမာ့တပ်မတော်သားများသည် မိမိတို့သက်ဆိုင်ရာ စစ်ဝတ်စစ်စားများနှင့် ဆင်နွှဲကြရမည်။ သို့မှသာ စစ်တိုက်နေသော လူတစ်မျိုး၏အခွင့်အရေးကို ဒင်ပြည့်ရနိုင်ပေလိမ့်မည်။ တစ်ခါတစ်ရံအားဖြင့် မလွှဲသာမှုသာလျှင် အရပ်ဝတ်အရပ်စားကို ဝတ်၍တိုက်ရမည်။

၁၁။ မြို့ရွာကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစေရမည်။

၁၂။ ပုန်ကန်ထကြွရေးနှင့်ပတ်သက်သောအချက်အလက်များကို သိစေရန် အောက်ပါစာစောင်များကို လေ့လာကြရမည်။

(၁) ပုန်ကန်ဘို့ပြင်ကြစို့ (၂)ပြောက်ကျားစစ်ပရိယာယ်၊ (၃) တရုတ်ပြည်နှင့် ကြယ်နီတပ် (၄)မီးလောင်မြေ ပ-ဒု (၅) ပြောက်ကျားစစ်ဆိုတာ ဘာလဲ (၆) ကျမနှင့် ရဲနီတပ် (၇) ပုန်ကန်ရန် အချိန်ကျပြီနှင့် ပြည်သူ့စစ်အဖွဲ့မှ ထုတ်ဝေသည့် ကြော်ငြာစာတမ်း ၁-၂-၃-၄-

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့
လွတ်လပ်ရေးအဖွဲ့ချုပ်

## ကျမ်းကိုးစာရင်း

### မူရင်းအထောက်အထားများ


၁။ စိန်၊ ဦး၊ ဗန္ဓုလ ကျွန်ုပ်တို့အတွင်းရေး၊ ရန်ကုန်၊ ရန်ပုံခွင်းဆေးတိုက်၊ ၁၉၄၆

၂။ ဗမာနိုင်ငံအဓိပတိ ၁-၈-၄၃ နေ့စွဲပါ အင်္ဂလိပ် အမေရိကန်တို့အား စစ်ကြေငြာစာတမ်း၊ တပ်မတော်မော်ကွန်းတိုက်၊ DR. 4334

၃။ ဗိုလ်ချုပ်အောင်ဆန်း မေမြို့မှ ထုတ်ပြန်သောအမိန့်၊ တပ်မတော်မော်ကွန်းတိုက်

၄။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒုတိယတွဲ) (လက်နှိပ်စက်စာမူ)

၅။ မနုဿဗစိန် သူ့ကျွန်မခံ ဇာတိမာန်ဖြင့် စာတမ်း (လက်နှိပ်စက်စာမူ)

၆။ မေမြို့တွင် ဂျပန်စစ်သေနာပတိကြီး ဂျင်နရယ်အီဒါက ဗမာပြည်ပြန်လည်ထူထောင်ရေးကော်မတီ ဖွဲ့စည်းရန်၊ တပ်မတော်မော်ကွန်းတိုက်၊ Dr. 674

၇။ အောင်ဇံဝေ၊ ဦး မောင်ကံထူး မှတ်စု (လက်နှိပ်စက်စာမူ)

၈။ ဦးလွန်းဖေနှင့် ဦးဘွန်တိတ်တို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်တည်ထောင်ပုံ ကိုယ်တွေ့မှတ်တမ်း၊ တပ်မတော်မော်ကွန်းတိုက်၊ Dr. 3204

၉။ A short history of Burma Aray
တပ်မတော်မော်ကွန်းတိုက် EBR. 30

၁၀။ Aung San Burma's Challange, The New Light of Burma Press, Rangoon, 1946

၁၁။ Rank, Lieut Colonel The Campagin in Burma, London Press, His Majesty's office, 1946.

၁၂။ The Grouth of the Burma Army observed from the Japanese View Point
တပ်မတော်မော်ကွန်းတိုက် CD. 20

၁၃။ Rank, Lieut Colonel The Campagin in Burma, London Press, His Majesty's office, 1946.

၁၄။ The grouth of the Burma Army observed from the Japanese View Point
တပ်မတော်မော်ကွန်းတိုက် CD. 20

၁၅။ From Fascist Bondage to New Democeacy: The New Burma in The new world (Rangoon, Nay Win Kyi Press 1945)

သတင်းစာများ

| | | |
|---|---|---|
| ၁။ | တိုင်းချစ်သတင်းစာ | ၁၃-၅-၁၉၄၂ |
| ၂။ | တိုင်းချစ်သတင်းစာ | ၁၅-၅-၁၉၄၂ |
| ၃။ | တိုင်းချစ်သတင်းစာ | ၈-၆-၁၉၄၂ |
| ၄။ | တိုင်းချစ်သတင်းစာ | ၆-၈-၁၉၄၂ |
| ၅။ | နေ့စဉ်ကြေးမုံသတင်းစာ | ၂၀-၁၂-၁၉၄၁ |
| ၆။ | ဗမာ့ခေတ်သတင်းစာ (အထူးထုတ်) | ၁-၈-၁၉၄၃ |
| ၇။ | ဗမာ့ခေတ်သတင်းစာ (အထူးထုတ်) | ၁၃-၁၁-၁၉၄၂ |
| ၈။ | ဗမာ့ခေတ်သတင်းစာ (အထူးထုတ်) | ၂၅-၁၂-၁၉၄၃ |
| ၉။ | မြန်မာ့အလင်းသတင်းစာ | ၂၆-၁-၁၉၄၂ |
| ၁၀။ | မြန်မာ့အလင်းသတင်းစာ | ၃၁-၃-၁၉၄၂ |
| ၁၁။ | သူရိယသတင်းစာ | ၂၀-၃-၁၉၄၂ |

# တစ်ဆင့်ခံအထောက်အထားများ


၁။ ခင်ရီ၊ ဒေါ် ကျွန်တော်ပါဝင်ခဲ့သော မီနာမီကီကန်း

၂။ ချစ်ပန်၊ မောင် (ပြန်) မြန်မာ့မြေသို့ ဂျပန်ထိုးစစ်၊ ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၆၅

၃။ တာရာ၊ ဗိုလ် ရဲဘော်သုံးကျိပ်ပြည်တော်ပြန်၊ တတိယအကြိမ်၊ ရန်ကုန်၊ ဒေါင်းပုံနှိပ်တိုက်၊ ၁၉၇၃

၄။ တက္ကသိုလ်စိန်တင် ၁၉၄၅-ဖက်ဆစ်တော်လှန်ရေးသမိုင်း ရန်ကုန်၊ စပါယ်အောင်စာစဉ်၊ ၁၉၆၆

၅။ တင်မြ၊ သခင် ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်းဆယ်တိုင်း၊ ရန်ကုန်၊ စပါယ်အောင်စာစဉ်၊ ၁၉၆၈

၆။ တင်မြ၊ သခင် ဘုံဘဝမှာဖြင့် (ရန်ကုန်၊ တသက်တာစာပေ၊ ၁၉၇၄)

၇။ တင်အောင် (ဗိုလ်မှူးကြီးဟောင်း) ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး၊ ပထမအကြိမ်(ရန်ကုန်၊ သောကြာ ပုံနှိပ်တိုက်၊ ၁၉၇၁)

၈။ ဗလ၊ ဗိုလ် လွတ်လပ်ရေးခရီးတထောက်

၉။ ဘစံ၊ ဦး ရခိုင်တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု (ရန်ကုန်၊ မိုးမင်းစာပေ၊ ၁၉၆၆)

၁၀။ ဘုံပေါက်သာကျော် တော်လှန်ရေးခရီးဝယ်(၁)၊ (ရန်ကုန်၊ သန္တာအောင်စာပေ၊ ၁၉၇၃)

၁၁။ မင်းခေါင်၊ ဗိုလ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၊ ရွှေတုစာပေ၊ ၁၉၆၈)

၁၂။ မောင်မောင်၊ ဒေါက်တာ မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း (ရန်ကုန်၊ ပုဂံပုံနှိပ်တိုက်၊ ၁၉၆၉)

၁၃။ မောင့်ဘက်တန်အစီရင်ခံစာ (ရန်ကုန်ကာကွယ်ရေးဝန်ကြီးဌာန၊ ၁၉၅၇)

၁၄။ မြဒေါင်းညို ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိ (ရန်ကုန် စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၁)

၁၅။ လွင်၊ သခင် ဂျပန်ခေတ်ဗမာပြည် (ရန်ကုန်၊ သီဟပုံနှိပ်တိုက်၊ ၁၉၆၉)

၁၆။ လှ၊ ဦး၊ လူထု သတင်းစာများကပြောပြတဲ့စစ်အတွင်းဗမာပြည်၊ တတိယတွဲ (မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၈)

၁၇။ သုတေသနရဲဘော် ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းကြီးများ (ရန်ကုန်၊ ရဲအုံးကျော်ပုံနှိပ်တိုက်၊ ၁၉၇၅)

၁၈။ သန့်၊ ဦး ပြည်တော်သာခရီး (ပထမတွဲ)၊ ပထမအကြိမ် (ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၆၁)

၁၉။ သန်းသန်းဦး၊ မ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရခိုင်တိုင်းရင်းသားတို့၏ အခန်းကဏ္ဍ (မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း-၁၉၉၂)

၂၀။ သိန်းဖေမြင့် စစ်အတွင်းခရီးသည်၊ တတိယအကြိမ်၊ (ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆)

၂၁။ အိုနိုတိုးရှု၊ မစ္စတာ ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ (ရန်ကုန် ၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၅)

1. Ba Maw, Dr — Breakthrough in Burma (New Heaven and London, Yale University Press, 1968)
2. Ba Than, U, Dhamika — The Roots of the Revolution (Rangoon, Government Printing Press, 1962)
3. Ba U, U — My Burma (New York, Taplishing Con, INC, 1959)
4. Bisheshwar Prasad, Dr — Retreat From Burma 1941-42 (India & Parkistan Historical Section 1958)
5. Trager Frank — Burma: Japanese Military Administration 1941-45 (Philadelphia, University of Pennsyvania Press 1971
6. Mg Mg, — Aung San of Burma (The Hague, Martinus Nijhoff, 1962)
7. Won Zoon Yoon, — Japan's occupation of Burma 1941-45 (New York University 1971)


# တွေ့ဆုံမေးမြန်းသည့် ပုဂ္ဂိုလ်များစာရင်း

| အမည် | ဂုဏ်ထူး | တွေ့ဆုံမေးမြန်းသည့်နေ့ |
|---|---|---|
| ဦးစံဘော် | အငြိမ်းစား၊ မြန်မာစာဌာန | ၁၀-၈-၉၆ |
| ဘုံပေါက်သာကျော် | လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့် | ၁၂-၂-၉၇ |
| ဦးစံသာကျော် | နိုင်ငံဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင်ပထမဆင့် စက်မှု(၁) (အငြိမ်းစား) | ၃-၁၀-၉၆ |
| ဦးသာကျော် | နိုင်ငံတော်ကောင်စီဝင် (အငြိမ်းစား) | ၁၁-၄-၉၇ |